ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

### လောကဓမ္မတာစံကြရာ

**အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသော ပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန် စံရကုန်၏။**

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 1 April 2020 ၉၉၇၂

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
## COVID-19 ဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်း

# စုပေါင်းအင်အားနဲ့ အတူတကွ ရင်ဆိုင်ကြမယ်ဆိုရင် ကပ်ရောဂါဘေးကို တည်ငြိမ်စွာ ရင်ဆိုင်ကျော်ဖြတ်နိုင်မယ်လို့ အပြည့်အဝယုံကြည်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းပြောကြားစဉ်။

နေပြည်တော် မတ် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်သူပြည်သားအပေါင်းရှင့်

COVID-19 နဲ့ပတ်သက်တဲ့ နောက်ဆုံးအခြေအနေများကို ကျွန်မ တင်ပြအစီရင်ခံပါမယ်။ ဒီကနေ့နံနက်မှာ ရောဂါရှိကြောင်း တွေ့ထားပြီး ဆေးရုံတင်ကုသနေတဲ့ (ယခုချိန်အထိ) လူနာ (၁၄) ယောက်အနက် (၁)ယောက် ကွယ်လွန်အနိစ္စရောက်သွားပါတယ်။ ကွယ်လွန်သွားသူမှာ ရောဂါအခံ (နှာခေါင်းကင်ဆာရှိပြီး) စင်ကာပူနိုင်ငံမှတစ်ဆင့် ဩစတြေးလျနိုင်ငံမှ မကြာမီက ပြန်ရောက်လာသူဖြစ်ပါတယ်။ COVID-19 ရဲ့ သဘောသဘာဝအရ ရောဂါအခံကြောင့်၊ အသက်အရွယ်ကြီးခြင်းကြောင့် ကိုယ်ခံစွမ်းအားနည်းနေသူများအတွက် အထူးစိုးရိမ်ရပါတယ်။ ဆေးကုသမှုနောက်ကျခြင်းကလည်း အန္တရာယ်ကိုပိုစေပါတယ်။ ဒါကြောင့် သံသယဖြစ်စရာ လက္ခဏာတွေကိုယ်ပူ၊ ချောင်းဆိုး၊ အသက်ရှူကျပ်ခြင်းတွေဖြစ်နေပါက အမြန်ဆုံးကျန်းမာရေးဌာနကို ဆက်သွယ်ဖို့လိုပါတယ်။

COVID-19 ရဲ့ အဆိုးရွားဆုံးအချက်ကတော့ ကူးစက်ပျံ့နှံ့မှု အလွန်မြန်ခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့် ရောဂါပိုးကပ်နေနိုင်ခြေရှိသူတွေကို Quarantine ထားရတာပါ။ အခြားသူတွေနဲ့ မထိတွေ့ရအောင်၊ အခြားသူများ မကူးစက်သွားရအောင်ပါ။ COVID-19 က ပြည်ပက စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

**ကျန်းမာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်တွေကို အစဉ်တစိုက် နားထောင်လိုက်နာကြဖို့ လိုပါတယ်။ ကျွန်မတို့အားလုံး တစ်ယောက်ချင်း၊ တစ်ယောက်ချင်း ကိုယ့်ကျန်းမာရေး အခြားသူများကျန်းမာရေး နှစ်မျိုးလုံးအတွက် တာဝန်သိစိတ် အပြည့်အဝနဲ့ တညီတညွတ်တည်း ကြိုးစားကြပါ၊ ညီညွတ်ခြင်းဟာ အင်အား၊ ပြည်သူတွေဟာ အဓိက၊ ပြည်သူတွေ ညီညီညွတ်ညွတ်နဲ့ လုပ်သင့်လုပ်ထိုက်တာအားလုံးကို လုပ်မယ်ဆိုရင် ကျွန်မတို့အတွက် အောင်မြင်ခြင်းတရားပါပဲ။**

## ကြေးမုံ ယနေ့ ဖတ်စရာ

■ လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုအတွင်း ကမ္ဘာပေါ်တွင် ဖြစ်ပွားခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးများနှင့် ကိုဗစ်-၁၉ စာမျက်နှာ » ၆

■ ကမ္ဘာတစ်လွှားက ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ လက်ရှိအခြေအနေ စာမျက်နှာ » ၁၃

■ COVID-19 ခတ်ခွဲအတည်ပြုလူနာ (၁)ဦး သေဆုံးမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း စာမျက်နှာ » ၁၆



# ကြေးမုံ

## ထိခိုက်မှုနည်းအောင် အသိတရားဖြင့်ပါဝင်ကူညီ

မြန်မာနိုင်ငံတွင် မတ်လ ၂၃ ရက်နေ့မှ ၃၁ ရက်နေ့အတွင်း ကိုဗစ်-၁၉ ရောဂါတွေ့ရှိသူ ၁၅ ဦးရှိပြီ ဖြစ်သည်။ ယင်းတို့အနက် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ မြဝတီနယ်စပ်ဂိတ်မှတစ်ဆင့် ဝင်ရောက်လာခဲ့သည့် မြန်မာနိုင်ငံသား တစ်ဦးသည် မတ်လ ၂၉ ရက်နေ့ ဓာတ်ခွဲနမူနာအဖြေအရ ကိုဗစ်-၁၉ ရောဂါပိုးရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

မြဝတီနယ်စပ်ဂိတ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာခဲ့သူများသည် လက်ရှိတွင် လူဦးရေ နှစ်သောင်းကျော်ရှိနေပြီး နောက်ထပ်လည်း ထပ်မံဝင်ရောက်လာရန် ရှိနေသည်။ အဆိုပါအခြေအနေအရ နယ်စပ်ဂိတ်များမှ အစုလိုက်အပြုံလိုက် ပြန်လည်ဝင်ရောက်လာသူအချင်းချင်းကြားတွင်လည်းကောင်း၊ ပြည်တွင်းတွင် နေထိုင်သူများထံသို့လည်းကောင်း ရောဂါ ကူးစက်ပြန့်ပွားပြီး ကပ်ရောဂါကြီးဖြစ်ပွားရန် အလားအလာ အလွန်များ နေသည့်သဘောဖြစ်လာသည်။

အစောပိုင်းက မြဝတီနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသော မြန်မာနိုင်ငံသားများကို ၁၄ ရက် စောင့်ကြည့်စစ်ဆေးရန် အခက်အခဲအမျိုးမျိုး ရှိသောကြောင့် ၎င်းတို့နေရပ်ဒေသများတွင်သာ အသွားအလာကန့်သတ်ထားရှိပြီး မြို့နယ်အလိုက်စာရင်းနှင့် မြေပုံစာရင်းများ ရေးဆွဲထားရှိခြင်း၊ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်ထားသော အဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်းကို ကျန်းမာရေး၊ အထွေထွေအုပ်ချုပ်ရေးဌာနများအပြင် ရပ်ရွာနေပြည်သူများက ပူးပေါင်းပါဝင်ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် အချို့နေရာများ၌ သတ်မှတ်ထားသော စည်းကမ်းချက်များအား လိုက်နာမှုမရှိဘဲ အားနည်းချက်၊ ဖောက်ဖျက်ချက်တို့ရှိသည်ကို တွေ့ရသည်။ ဒေသတစ်ခုတွင် အသွားအလာကန့်သတ်ခံရသူ အမျိုးသားသည် သတ်မှတ်စည်းကမ်းချက်များကို လိုက်နာမှုမရှိသဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ထိန်းသိမ်းမှု၊ တရားစွဲအရေးယူမှုများ ပြုလုပ်ရသည်ကိုလည်း ကြားသိရသည်။ သတ်မှတ်စည်းကမ်းများကို ဖောက်ဖျက်ခြင်းသည် အများပြည်သူဘေးအန္တရာယ်ဖြစ်စေနိုင်သည်ကို သတိချပ်ရမည် ဖြစ်သည်။

ယခုအခါ နယ်စပ်ဂိတ်များမှ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသူအားလုံးကို မိမိတို့နေရပ်ဌာနေများသို့ တိုက်ရိုက်ပြန်ခွင့်ပြုတော့မည်မဟုတ်ဘဲ နိုင်ငံတော်အစိုးရက စီစဉ်ပေးထားသော သတ်မှတ်နေရာများတွင်သာ ထိန်းချုပ်ကန့်သတ်စောင့်ကြည့်မှု (Quarantine) ပြုလုပ်ခြင်းကို ၁၄ ရက် မဖြစ်မနေခံယူကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နောက်ထပ်ဝင်ရောက်လာမည့်သူများအတွက် ထိန်းချုပ်ကန့်သတ်စောင့်ကြည့်မှု (Quarantine) ပြုလုပ်ရန် နေရာထိုင်ခင်းများထပ်မံတိုးချဲ့စီစဉ်ဆောင်ရွက်နေဆဲဖြစ်၍ နယ်စပ်ဂိတ်များမှ ပြန်လည်ဝင်ရောက်လာမည့်သူများအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ နောက်ထပ်ရက်သတ္တနှစ်ပတ်ခန့် စောင့်ဆိုင်းပြီး ဧပြီလ ၁၅ ရက်နေ့နောက်ပိုင်းမှသာ ပြန်လည်ဝင်ရောက်ကြပါရန် မတ်လ ၃၀ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်သူများအား ပန်ကြားထားသည်။

လတ်တလောကာလတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ ဝန်ထမ်းများအားလုံးသည် ကြီးမားသည့်လုပ်ငန်းတာဝန်များနှင့် ဖိအားအမျိုးမျိုးအကြား ဆောင်ရွက်နေရသည်။ သဘောထားမတိုက်ဆိုင်မှုများ၊ နားလည်မှုလွဲခြင်းများရှိပါကလည်း ကိစ္စအားလုံးသည် ပြည်သူများအားလုံး ရောဂါဖြစ်ပွားပျံ့နှံ့မှုမရှိစေရေး၊ အသက်သေဆုံးမှုမရှိစေရေးနှင့် ပြည်သူပြည်သားများအကျိုးအတွက် ဦးတည်ဆောက်ရွက်နေခြင်းဖြစ်၍ နားလည်မှုပေးရန်လိုအပ်သည်။ အခက်အခဲများရှိပါက တိုင်ပင်ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ဆောင်ရွက်ရမည် ဖြစ်သည်။ ညွှန်ကြားချက်များ၊ ဒေသန္တရအမိန့်များကို တိကျစွာလိုက်နာရမည်ဖြစ်ပြီး မလိုက်နာပါက အရေးယူခြင်းခံရနိုင်သည်ကို သတိပြုရမည် ဖြစ်သည်။

သို့ဖြစ်ရာ ရောဂါကပ်ဘေးကြီးသည် တစ်ကမ္ဘာလုံးဖြစ်ပွားနေသော အရေးဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ကြုံတွေ့နေရပြီဖြစ်ရာ အမျိုးသားရေးအသိဖြင့် အားလုံးပူးပေါင်းဆောင်ရွက်ရမည် ဖြစ်သည်။ သက်ဆိုင်ရာအဖွဲ့အစည်းများအပြင် ရပ်ရွာနေပြည်သူများ ပူးပေါင်းပါဝင်ကြီးကြပ်မှုဖြင့် ဆောင်ရွက်နေသောကြောင့် ပြည်သူများအနေဖြင့် မိမိတို့အတွက် အရေးကြီးဆုံး အရေးဖြစ်သည်ဟု သဘောထား၍ လုပ်ငန်းများပိုမိုထိရောက်အောင် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဌာနအကြီးအကဲများ၊ တိုင်းဒေသကြီး / ပြည်နယ်များမှ တာဝန်ရှိသူများနှင့် လုပ်ငန်းလမ်းညွှန်ချက်အစည်းအဝေး ပြုလုပ်

**နေပြည်တော် မတ် ၃၁**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနမှ အကြီးအကဲများသည် ယနေ့ နံနက် ၉ နာရီတွင် ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး/ ပြည်နယ်များမှ တာဝန်ခံညွှန်ကြားရေးမှူးများနှင့် Video Conferencing ဖြင့် လုပ်ငန်းလမ်းညွှန်ချက် အစည်းအဝေး ပြုလုပ်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက တစ်နိုင်ငံလုံးရှိ လုပ်ငန်းခွင်များမှ အလုပ်လုပ်နေသော လုပ်သားများနှင့် ဝန်ထမ်းများအား လက်ရှိ မြန်မာနိုင်ငံတွင်လည်း ခံစားနေရသော ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ အဆုတ်ရောင်ရောဂါနှင့်ပတ်သက်၍ အသိပညာများပေးသွားကြရန်၊ ကောလာဟလသတင်းများကို မယုံကြည်ကြရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လတ်တလော ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်သွားကြရန်၊ အကယ်၍ အကြောင်းကြောင်းကြောင့် လုပ်သားများ၊ ဝန်ထမ်းများ လုပ်ငန်းခွင်ကို စွန့်ခွာသွားမှုများဖြစ်ပေါ်ပါက ဌာနပိုင်စက်၊ ယာဉ်၊ ယန္တရားများနှင့် လုပ်ငန်းခွင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု မရှိစေရေး ကြိုတင်စီမံဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး/ပြည်နယ်တာဝန်ခံ ညွှန်ကြားရေးမှူးများက မိမိတို့တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ကိုဗစ်-၁၉ နှင့်ပတ်သက်၍ စီမံဆောင်ရွက်ထားမှု အခြေအနေ၊ လုပ်ငန်းစီမံချက်နှင့် ပြီးစီးမှုအခြေအနေများနှင့် ကြုံတွေ့နေရသော အခက်အခဲများကို ပြန်လည်ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်တာဝန်ခံများ အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန်နှင့် လိုအပ်သော အကူအညီများ ပေးရန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေနံချောင်းမြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အလှူငွေလှူဒါန်း

**ရေနံချောင်း မတ် ၃၁**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာ၌ လိုအပ်သည့်နေရာတွင် အသုံးပြုနိုင်ရန် Goal Petrol ရေနံကုမ္ပဏီက ငွေကျပ် သိန်း ၁၃၀ လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ပြုလုပ်သည်။



လှူဒါန်းပွဲတွင် ရေနံချောင်းမြို့နယ် Goal Petrol ရေနံကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးခွန်မျိုးသန့်နှင့် တာဝန်ရှိသူများက ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ငွေကျပ်သိန်း ၁၃၀ ပေးအပ်လှူဒါန်းရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ဘဏ္ဍာငွေရှာဖွေလက်ခံရေး ထိန်းသိမ်းရေးနှင့် လှူဒါန်းပစ္စည်းများ ဆပ်ကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်းတို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

**စိုးကြီး**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃၁-၃-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၁၀,၀၀၀ | ၁,၁၇၉ | ၁၁,၇၉၀,၀၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၂,၃၀၉ | ၇,၉၈၉,၁၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၂၁,၀၀၀ | ၂၁,၀၀၀ | ၂၅၆ | ၅,၃၇၆,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၇၀၀ | ၄၁၄ | ၁,၀၇၈,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် မတ် ၃၁**

ရန်ကုန်(ရွှေဈေး) ၁၁၄၈၀၀၀ မန္တလေး(ရွှေဈေး) ၁၁၄၈၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၉၀/၅၃၅ ကျပ် | ၅၃၀/၅၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၀၀/၅၆၅ ကျပ် | ၆၀၅/၆၁၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၃၆၀/၄၁၀ ကျပ် | ၄၃၀/၄၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၀/၅၄၅ ကျပ် | ၅၄၅/၅၅၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၄၅/၄၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၅၅/၄၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၂၉၅/၃၁၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၉၄.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၃၁.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၆.၆၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၄၆၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၃.၄၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၄၇၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၈၅.၉ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄.၀၇ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၅၆.၇၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၇.၈၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ
ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယည်ဥ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၁၃၅၁

# ပြည်သူသာလျှင် အဓိက

**တစ်နိုင်ငံလုံးအကျိုးလိုအပ်ရင် အချို့သောနေရာတွေမှာ အသွားအလာကန့်သတ်ခြင်း အစီအစဉ် (Community Quarantine) ကဲ့သို့ ကန့်သတ်မှုများကို ဆောင်ရွက်ကောင်းဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရန်ရှိရင်လည်း စားနပ်ရိက္ခာ၊ ဆေးဝါးစတာတွေ မပြတ်လပ်စေရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို စနစ်တကျ ဆောင်ရွက်နိုင်ဖို့အတွက် ဒုတိယသမ္မတ(၁) ဦးစီးတဲ့ကော်မတီကို ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။ Community Quarantine ဆောင်ရွက်ရန်ရှိရင်လည်း စောနိုင်သမျှ စောစောကြိုတင်ပြီးတော့ အသိပေးပါမယ်။ ပြည်သူများက နားလည်မှုရှိရှိ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။**

**✻ ရှေ့ဖုံးမှ**

စဝင်လာတယ်ဆိုပေမယ့် ပြည်တွင်းရောက်တော့ အချင်းချင်းထိတွေ့မှုကနေ အများကြီး အမြန်ကြီး ပြန့်သွားနိုင်ပါတယ်။ အထိရောက်ဆုံး အကာအကွယ်၊ အထိန်းအချုပ်ကတော့ ထိတွေ့မှုတွေ ရှောင်ဖို့ပါပဲ။ ဒါကြောင့် အများနဲ့ အနီးကပ်ဖြစ်ရမယ့်နေရာတွေကို မသွားပါနဲ့၊ အိမ်ပြင်မှာ ဖြစ်ဖြစ်၊ အိမ်တွင်းမှာဖြစ်ဖြစ် လူစုလူဝေးရှောင်ပါ။ ဆွေမျိုးမိတ်ဆွေတွေစုပြီး အိမ်ထဲမှာဆုံကြ၊ နီးနီးကပ်ကပ်နေကြတာဟာ အပြင်ထွက်ပြီး လူအုပ်ထဲတိုးတာလိုပဲ အန္တရာယ်ရှိပါတယ်။ ဒီအချိန်မှာ “ဝေးလေ ကောင်းလေ” ဆိုတဲ့အသိနဲ့ ကိုယ့်ကျန်းမာရေးနဲ့ အများကျန်းမာရေးကို ဂရုစိုက်ကာကွယ်ပေးကြပါ။ တတ်နိုင်သမျှ ကိုယ့်အိမ်မှာပဲနေကြပါ။ အိမ်နေရာထိုင်ခင်းမကျယ်တဲ့ မိသားစုတွေအတွက် အခက်အခဲရှိမယ်ဆိုတာ နားလည်ပါတယ်။ ဒါပေမယ့် အချိန်ကာလအတိုင်းအတာတစ်ခုအထိကို ကျွန်မတို့ပြည်သူတွေအားလုံး စိတ်ကိုတင်းပြီး အခက်အခဲတွေကို သည်းခံကြ၊ တစ်ဦးချင်းတစ်ဦးချင်း တာဝန်သိစိတ်အပြည့်နဲ့ COVID–19 မပြန့်ပွားရေးအတွက် ဆောင်ရွက်ပေးကြမယ်ဆိုရင် ဒီစိန်ခေါ်မှုကြီးကို ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။ Quarantine ၁၄ ရက်နေရပေမယ့် ပြည်သူတွေက ဒီအချိန်လေးကို အများအပေါ် စေတနာစိတ်နဲ့ သည်းခံကျော်ဖြတ်ပေးပါ။ Quarantine လုပ်ခံရတဲ့သူတွေဟာ ရောဂါကူးစက်နိုင်တဲ့ အနေအထားရှိသူတွေဖြစ်ပါတယ်။ ဒီတော့ Quarantine မှာနေပြီး ကျန်းမာရေးအခြေအနေ စောင့်ကြည့်ခံရတာဟာ ကိုယ့်အတွက်လည်း အကျိုးများပါတယ်။ ရောဂါလက္ခဏာလေးပေါ်လာတာနဲ့ ဆေးကုသမှုရရှိမှာဖြစ်ပါတယ်။ ဒါကြောင့် စောစောသိရလို့ ကုသမှုအောင်မြင်ကိန်း မြင့်မားလာပါတယ်။ အများအကျိုးဆောင် ကိုယ့်အကျိုးအောင်ပါပဲ။

ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနရဲ့ ကပ်ရောဂါကြီး (Big Outbreak) ဖြစ်နိုင်တဲ့ ကြေညာချက်ထုတ်ပြန်ပြီးတဲ့နောက်ပိုင်း ပြည်သူများအကြားမှာ Lock Down လုံးဝ ပိတ်လှောင်မှု မလုပ်သေးဘူးလား တိုက်တွန်းနေသူများလည်း ရှိကြပါတယ်။ ဒီလိုတိုက်တွန်းချက်တွေကြောင့် ဘယ်တော့ Lock Down လုပ်မလဲဆိုပြီး စိုးရိမ်နေတာတွေလည်း ရှိကြပါတယ်။ ဒါကြောင့် တစ်နိုင်ငံလုံးအကျိုးလိုအပ်ရင် အချို့သောနေရာတွေမှာ အသွားအလာကန့်သတ်ခြင်းအစီအစဉ် (Community Quarantine) ကဲ့သို့ ကန့်သတ်မှုများကို ဆောင်ရွက်ကောင်း ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရန်ရှိရင်လည်း စားနပ်ရိက္ခာ၊ ဆေးဝါး စတာတွေ မပြတ်လပ်စေရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို စနစ်တကျဆောင်ရွက်နိုင်ဖို့အတွက် ဒုတိယသမ္မတ(၁) ဦးစီးတဲ့ကော်မတီကို ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။ Community Quarantine ဆောင်ရွက်ရန်ရှိရင်လည်း စောနိုင်သမျှ စောစောကြိုတင်ပြီးတော့ အသိပေးပါမယ်။ ပြည်သူများက နားလည်မှုရှိရှိ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

COVID–19 နဲ့ပတ်သက်တဲ့ စီးပွားရေးအကျိုးဆက်တွေကို တွက်ချက်ပြီး ပြည်သူများ ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်စေဖို့ နိုင်ငံတော်အစိုးရက အစီအစဉ်တွေ ချမှတ်ထားပါတယ်။ အလိုအပ်ဆုံးလုပ်ငန်းတွေအတွက် ချေးငွေပေးခြင်းတွေ စနေပါပြီ။ အလုပ်သမားတွေကို လုပ်ခပေးနိုင်ဖို့၊ လုပ်ငန်းဆက်လက်လည်ပတ်နိုင်ဖို့ဖြစ်ပါတယ်။ COVID–19 ကြောင့် ဖြစ်ပေါ်လာတဲ့ စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက အချိန်ပြည့် အခြေအနေတွေကိုလေ့လာပြီး သင့်တော်တဲ့ အစီအစဉ်တွေချမှတ်အကောင်အထည်ဖော်နေပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်တွေကို အစဉ်တစိုက် နားထောင်လိုက်နာကြဖို့ လိုပါတယ်။ ကျွန်မတို့အားလုံး တစ်ယောက်ချင်း၊ တစ်ယောက်ချင်း ကိုယ့်ကျန်းမာရေး၊ အခြားသူများ ကျန်းမာရေးနှစ်မျိုးလုံးအတွက် တာဝန်သိစိတ်အပြည့်အဝနဲ့ တညီတညွတ်တည်း ကြိုးစားကြပါ၊ ညီညွတ်ခြင်းဟာ အင်အား၊ ပြည်သူတွေဟာ အဓိက၊ ပြည်သူတွေ ညီညီညွတ်ညွတ်နဲ့ လုပ်သင့်လုပ်ထိုက်တာအားလုံးကိုလုပ်မယ်ဆိုရင် ကျွန်မတို့အတွက် အောင်မြင်ခြင်းတရားပါပဲ။

လက်ရှိအချိန် ကမ္ဘာ့နိုင်ငံအသီးသီးမှာ COVID–19 ကူးစက်ပြန့်ပွားမှုကို အပြင်းအထန် ရုန်းကန်ရင်ဆိုင်ရတဲ့ အချိန်ဖြစ်တဲ့အားလျော်စွာ မြန်မာနိုင်ငံဟာလည်း အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီလိုကြိုးပမ်းရာမှာ ပြည်သူများ မိမိတို့အသိစိတ်ဓာတ်နဲ့ ကျရာကဏ္ဍ၊ နိုင်ရာနယ်ပယ်အသီးသီးက ပံ့ပိုးကူညီဆောင်ရွက်နေမှုများကို အားရကျေနပ်ဖွယ်ရာ တွေ့မြင်ရပါတယ်။ ကျွန်မတို့တစ်တွေရဲ့ စုပေါင်းအင်အားနဲ့ အတူတကွ ရင်ဆိုင်ကြမယ်ဆိုရင် ကပ်ရောဂါဘေးကို တည်ငြိမ်စွာ ရင်ဆိုင်ကျော်ဖြတ်နိုင်မယ်လို့လည်း အပြည့်အဝယုံကြည်ပါတယ်။

လက်ရှိအချိန်မှာ မပြည့်စုံတဲ့ကြားက စိတ်ဓာတ်မြင့်မြင့်မားမားနဲ့ ရှေ့တန်းကတိုက်ပွဲဝင်နေတဲ့ ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်းတွေကို အထူးကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။ ၎င်းတို့ဟာ ပြည်သူများအတွက် တိုက်ပွဲဝင်နေတဲ့ သူရဲကောင်းတွေပဲဖြစ်ပါတယ်။ ဒ့ါအပြင် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများနဲ့ အခြားဌာနဆိုင်ရာဝန်ထမ်းများ၊ နောက်ပြီးတော့ ဝိုင်းဝန်းကူညီပေးနေတဲ့ ပြည်သူတွေအားလုံးကို နိုင်ငံတော်ရဲ့ကိုယ်စား ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

ကျွန်မတို့ ပြည်ထောင်စုမြန်မာနိုင်ငံကို မှီတင်းနေထိုင်သူများအားလုံး ကျန်းမာကြပါစေ။ ဘေးအန္တရာယ်အမျိုးမျိုးက ကင်းဝေးကြပါစေ။ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။

## နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန် အာဆီယံ ပေါင်းစပ်ညှိနှိုင်းရေးကောင်စီ လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ ပါဝင်တက်ရောက်

**နေပြည်တော် မတ် ၃၁**

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီခွဲတွင် အင်တာနက်ကွန်ရက်အသုံးပြု Video Conferencing ပုံစံဖြင့် ပြုလုပ်သည့် အရေးပေါ် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အာဆီယံပေါင်းစပ်ညှိနှိုင်းရေး ကောင်စီလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေး (The First Video Conference of the ASEAN Coordinating Council Working Group on Public Health Emer–gencies) သို့ နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်မှ ပါဝင်တက်ရောက်ခဲ့သည်။



**ဆွေးနွေးအမြင်ချင်းဖလှယ်**

အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများက ကိုဗစ် –၁၉ ကူးစက်ရောဂါပြန့်ပွားမှု ကာကွယ်ထိန်းချုပ်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား လက်ရှိ ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများနှင့် နိုင်ငံအလိုက် ဆောင်ရွက်နေကြသည့် အစီအမံများ ကိုဗစ် –၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်နှင့် အတွေ့အကြုံများ ဖလှယ်ရေး၊ ရောဂါပြန့်ပွားမှု ကာကွယ်ထိန်းချုပ်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ ကိုဗစ် –၁၉ ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများကို ပူးပေါင်းဖြေရှင်းရေး၊ ကိုဗစ် –၁၉ ကူးစက်ရောဂါ တုံ့ပြန်ရေးဆိုင်ရာ အာဆီယံ ရန်ပုံငွေတစ်ရပ် ထူထောင်ရေး စသည့်ကိစ္စရပ်များအပြင် အာဆီယံ ပေါင်းစပ်ညှိနှိုင်းရေးကောင်စီ၏ ကိုဗစ် –၁၉ ရောဂါဆိုင်ရာ Video Conferencing အစည်းအဝေး ကျင်းပရေးအတွက် ကြိုတင်ပြင်ထားရှိမှု အခြေအနေများနှင့် ကိုဗစ် –၁၉ ဆိုင်ရာ အာဆီယံသီးသန့်ထိပ်သီးအစည်းအဝေး နှင့် အာဆီယံအပေါင်းသုံး သီးသန့်ထိပ်သီး အစည်းအဝေးကို Video Conferencing ပုံစံဖြင့် ကျင်းပရေးကိစ္စရပ်များအပေါ်တွင် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

**ပါဝင်တက်ရောက်**

အဆိုပါ Video Conferencing အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ အဆင့်မြင့်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ရေနံချောင်းမြို့မဈေးကြီး၌ ပိုးသတ်ဆေးဖျန်း

**ရေနံချောင်း မတ် ၃၁**

ရေနံချောင်းမြို့မဈေးကြီးတွင် ဈေးရောင်းဈေးဝယ်လျက်ရှိသည့် ပြည်သူများ လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ် –၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ဆောင်ရွက်ခဲ့သည်။

**ပျံကျဆေးဆိုင်ခန်းများမကျန်**

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီတို့ ကြီးကြပ်ကာ ဈေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိတ်ဆွေကောင်းလူမှုကူညီရေးအသင်းတို့က ရေနံချောင်းမြို့မဈေးကြီးအတွင်း/ အပြင်၊ ရတနာဈေး၊ ပျံကျဈေးဆိုင်ခန်းများမကျန် ပိုးသတ်ဆေးဖျန်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

''ဈေးကတော့ ပုံမှန်အတိုင်းဖွင့်မှာပါ။ ဒီနေ့က ပိုးသတ်ဆေးဖျန်းချင်လို့ နေ့ခင်းပိုင်းကစပြီး ဈေးပိတ်လိုက်တာပါ။ ဥပုသ်နေ့ဈေးပိတ်ပြီးတော့ ပုံမှန်အတိုင်း ပြန်ဖွင့်မှာပါ။ ဈေးရောင်းချသူတွေနဲ့ ဈေးဝယ်သူတွေကို ကျွန်မတို့ဈေးကော်မတီက လက်ဆေးဖို့ အသိပညာပေးတာတွေနဲ့ လက်ကမ်းစာစောင်ဖြန့်ဝေတာတွေလည်း ပြုလုပ်ထားပါတယ်။ ဈေးဝင်/ထွက်ပေါက်တွေမှာလည်း လက်ဆေးဘေစင်နဲ့ ဆပ်ပြာတွေ ထားပေးထားပါတယ်” ဟု ဈေးကော်မတီဥက္ကဋ္ဌ ဒေါ်ငွေငွေက ပြောသည်။

**ကိုစိုးကြီး**



☆ ကျောဖုံးမှ

တည်းခိုရေးစခန်းတွင် သီးသန့်စောင့်ကြပ်ကြည့်ရှုရမည့်သူ၊ ကုသရမည့်သူများအတွက် ခုတင် ၂၀၀၀ ထားရှိနိုင်ရေး၊ နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် ခုတင် ၁၅၀၀၀ ထားရှိနိုင်ရေး ဆောင်ရွက်ထားရန်၊ ထို့အပြင် တပ်မတော်အတွင်းရှိ တပ်၊ ဌာနအဆောက်အဦများတွင် လူနာများလက်ခံကုသပေးနိုင်မည့် နေရာများကို ထပ်မံတိုးချဲ့စီစဉ်ထားရန်၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့က ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံဆောင်ရွက်နေ သည့် စက်ရုံများအနက် စားသောက်ကုန်နှင့် မရှိမဖြစ်ထုတ်လုပ်ရမည့် ထုတ်ကုန်ပစ္စည်းများမှလွဲ၍ ကျန်စက်ရုံများတွင် ဧပြီလကုန်အထိ ထုတ်လုပ်မှုကို ၅၀ ရာခိုင်နှုန်း လျှော့ချဆောင်ရွက်ရန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ဖက်စပ်လုပ်ကိုင်နေသော စက်ရုံများကို ၎င်းတို့၏သဘောထားနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်၊ စစ်သည်များနှင့် ဝန်ထမ်းများအားလုံး မိမိအိမ်၊ အဆောင်များတွင် စနစ်တကျနေထိုင်ကြရန်နှင့် သွားလာမှုကန့်သတ်ချက်၊ သတ်မှတ်စည်းကမ်းချက်များအတိုင်း တိတိကျကျ လိုက်နာကြစေရန်၊ တပ်မတော်(ရေ)မှ သံလွင်၊ မြစ်ကြီးနား၊ မုတ္တမ ရေယာဉ်များအား ဆေးရုံအဖြစ် အသုံးပြုနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်အဆင့်အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်ရှိ ပြည်သူ့ဆေးရုံများနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများမှာ ကုသရေးအတွက် မအားမလပ်တာဝန်ထမ်းဆောင်နေကြရမည်ဖြစ်ရာ ပြည်သူများအတွက် လိုအပ်သော ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအား မိမိတို့တွင် လေ့ကျင့်ပေးထားပြီး ပါရဂူ၊ ဆရာဝန်၊ သူနာပြု၊ ဆေးဝန်ထမ်းများနှင့် ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**ကူညီဆောင်ရွက်**

အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၊ အင်အားများပြားသော ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများ၊ စာသင်တိုက်များကို အထူးဂရုစိုက်ဆောင်ရွက်ပေးရန်နှင့် ဆွမ်း၊ ကွမ်းလိုအပ်ချက်များ မရှိရလေအောင် အခြေခံစားကုန်ဖြစ်သော ဆန်၊ ဆီ၊ ပဲနှင့် ဆေးဝါးများ လှူဒါန်းပေးကြရန်လိုကြောင်း၊ အလားတူပင် ခရစ်ယာန်ကျောင်းများ၊ ဟိန္ဒူဘုရားကျောင်းများ၊ ဗလီများကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ မိမိတို့ တပ်၊ ဌာနချုပ်နေရာဒေသအလိုက်ရှိ ဆေးရုံ၊ ဆေးခန်းများနှင့်လည်း မပြတ်ဆက်သွယ်၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုနှင့် တပ်မတော်သားများ၊ မိသားစုများအနေဖြင့် သတင်းမှားများ၊ ကောလာဟလသတင်း၊ မှန်းဆသတင်းများကို နားမယောင်ကြဘဲ သတင်းမှန်များ သိရှိနိုင်ရန်နှင့် အသိပညာပေးထုတ်လွှင့်မှုများ အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် ထုတ်လွှင့်ဖော်ပြပေးရမည်ဖြစ်ကြောင်း မှာကြားသည်။

ယနေ့အထိ တပ်မတော်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ၊ ရောဂါပိုးတွေ့ရှိသူ မရှိသေးဘဲ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများ၊ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများနှင့် တွေ့ဆုံမှုရှိကြသော သံသယရှိသူများကို Hospital Quarantine စောင့်ကြည့်သူ စစ်သည်ခြောက်ဦး၊ မိသားစုဝင် ၁၈ ဦး စုစုပေါင်း ၂၄ ဦး၊ Facility Quarantine စောင့်ကြည့်သူအရာရှိ ၂၉ ဦး၊ စစ်သည် ၁၁ ဦး၊ မှီခိုသုံးဦး စုစုပေါင်း ၄၃ ဦးရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေးဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာအမှတ်၊ ၅၄/၂၀၂၀
၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်
(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၁ ရက်)

**နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ**
**အာဏာတည်သည့်နေ့ရက်သတ်မှတ်ခြင်း**

နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေသည် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက် (၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်)နေ့တွင် စတင်အာဏာတည်ကြောင်း ယင်းဥပဒေပုဒ်မ ၂ အရ သတ်မှတ်လိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် လူဇင်ဘတ်ဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီမှ စီမံကိန်းတာဝန်ခံနှင့် အဖွဲ့နှင့် ဆွေးနွေး

**နေပြည်တော် မတ် ၃၁**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် လူဇင်ဘတ်နိုင်ငံ လူဇင်ဘတ်ဖွံ့ဖြိုးမှုအေဂျင်စီတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း MYA/001 မှ ရန်ကုန်မြို့ရှိ Project Support Office မှ Chief Technical Coordinator, Mr. Geert De Bruycker နှင့်အဖွဲ့အား စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် စပ်လျဉ်း၍ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမမှ Video Conferencing ဖြင့် ဆွေးနွေးသည်။

ဆွေးနွေးစဉ် ပြည်ထောင်စုဝန်ကြီးက အမှတ် ၄၀/၄၂ ဗိုလ်ဆွန်ပက်လမ်းရှိ Center for Tourism Development မြေညီထပ်ပြုပြင်မွမ်းမံမှု၊ ကိုဗစ်-၁၉ ကြောင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း ၂၀၂၀-၂၀၃၀ ရေးဆွဲရေးလုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှုမရှိစေရန်အတွက် စီစဉ်ဆောင်ရွက်ရေးဆိုင်ရာများ၊ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်သည့်အနေဖြင့် သင်တန်းများကို On Campus သင်ကြားခြင်းအား ရပ်နားထားစဉ်ကာလအတွင်း Online မှတစ်ဆင့် သင်တန်းများစီစဉ်ဆောင်ရွက်ရေးဆိုင်ရာများ၊ ဝန်ထမ်းများ၏ အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှုသင်တန်းများနှင့် အခြားဘာသာရပ်ဆိုင်ရာသင်တန်းများကို Online စနစ်ဖြင့် စဉ်ဆက်မပြတ်ပို့ချနိုင်ရေး၊ ကိုဗစ်-၁၉ ကာလအလွန် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လိုအပ်သောငွေကြေးနှင့် နည်းပညာပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်ရေးဆိုင်ရာများကို ပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံ Mr. Geert De Bruycker နှင့် CTD သင်တန်းတာဝန်ခံ ဒေါ်အိရွှေဇင်အောင်တို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး ဦးတင်လတ်တို့က လိုအပ်သည်များဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



○ ပဲခူးမှ

ရေတာရှည်၊ ပြည်၊ ရွှေတောင်၊ မိုးညို၊ မင်းလှစသည့်မြို့နယ်အသီးသီးမှ သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသည့် အသိပေးပန်ကြားချက်များကို အသံချဲ့စက်များဖြင့်လိုက်လံနှိုးဆော်ခြင်း၊ လူအသွားအလာများပြီး ထင်သာမြင်သာသည့် လမ်းဆုံလမ်းခွနေရာများတွင် ဗီနိုင်းဆိုင်းဘုတ်များချိတ်ဆွဲခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းတို့အပြင် လူနေထိုင်မှုပုံစံ၊ လက်ဆေးရာတွင်စနစ်တကျ မကြာခဏဆေးကြောရမည့်အနေအထား၊ နှာချေ၊ ချောင်းဆိုးရာတွင် လိုက်နာရမည့်အချက်များ၊ နှာခေါင်းစည်းများကို စနစ်တကျ အသုံးပြုရမည့်ပုံစံများ၊ ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့်သူများ လိုက်နာရမည့် စည်းကမ်းများ၊ ဒေသဆိုင်ရာအမိန့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာရန် လိုအပ်ချက်များ၊ စိတ်ချယုံကြည်ရသည့်သတင်းအရင်းအမြစ်ဆိုင်ရာကိစ္စများကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၏ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုဖြင့် နယ်မြေခွဲခြားကာ လိုက်လံအသိပေးနှိုးဆော်ဆောင်ရွက်ခြင်းများ နေ့စဉ်အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိကြသည်။ လူမှုဝန်ထမ်းဦးစီးဌာနမှ တိုင်းဒေသကြီးညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများကလည်း ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများ၊ ဘိုးဘွားရိပ်သာများသို့ သွားရောက်၍ ကိုဗစ်-၁၉ ရောဂါအသိပညာပေးခြင်းလုပ်ငန်းများ လိုက်လံဟောပြောဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မတ် ၃၁

| | | |
|---|---|---|
| ချောက် | ၄၃ | ဒီဂရီစင်တီဂရိတ် |
| မုံရွာ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ကြေးမုံ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မကွေး | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မြင်းမူ | ၄၁ | ဒီဂရီစင်တီဂရိတ် |
| မြင်းခြံ | ၄၁ | ဒီဂရီစင်တီဂရိတ် |
| ဆင်ဖြူကျွန်း | ၄၁ | ဒီဂရီစင်တီဂရိတ် |

မိုး/ဇလ

# အိန္ဒိယနိုင်ငံက လာမည့်ဘဏ္ဍာနှစ်အတွက် ပဲစင်းငုံ တန်ချိန်လေးသိန်းအပြင် ပဲတီစိမ်းနှင့် အခြားပဲများ တင်သွင်းခွင့်ပြု

**ရန်ကုန် မတ် ၃၁**

အိန္ဒိယနိုင်ငံက လာမည့်ဘဏ္ဍာနှစ် ၂၀၂၀-၂၀၂၁ အတွက် ပဲစင်းငုံတန်ချိန် လေးသိန်းအပြင် ပဲတီစိမ်းနှင့် အခြားပဲများ တင်သွင်းခွင့်ပြုခဲ့ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက မတ် ၃၁ ရက်တွင် ပြောသည်။

**မတ် ၂၈ ရက်တွင် ထုတ်ပြန်**

အိန္ဒိယနိုင်ငံအနေဖြင့် လာမည့်ဘဏ္ဍာနှစ်အတွက် ပဲစင်းငုံ တန်ချိန်လေးသိန်း၊ ပဲတီစိမ်း တန်ချိန်တစ်သိန်းခွဲ၊ ပဲလုံးဝါ၊ စားတော်ပဲနှင့် အခြားပဲအမျိုးမျိုးကို တန်ချိန်တစ်သိန်းခွဲ ခွဲတမ်းဖြင့်တင်သွင်းရန် အိန္ဒိယနိုင်ငံ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက မတ် ၂၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့် မတ် ၁၇ ရက်ကလည်း အိန္ဒိယနိုင်ငံ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် ၂၀၁၅-၂၀၂၀ နိုင်ငံခြားကုန်သွယ်မှု မူဝါဒအရ ဗဟိုအစိုးရက ၂၀၁၇ ခုနှစ်မှစတင်၍ ကန့်သတ်တင်သွင်းကုန်စည်အဖြစ် သတ်မှတ်ထားသည့် မတ်ပဲကို လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် တန်ချိန် လေးသိန်းသတ်မှတ်၍ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

"အိန္ဒိယဘက်က မတ်လကုန်မတိုင်ခင်မှာ အိန္ဒိယကိုတင်သွင်းမယ့် ပဲအရေအတွက်ကို ကြေညာချက်ထွက်တဲ့ သဘောပါပဲ၊ မတ်ပဲကို တန်ချိန်လေးသိန်းထုတ်ပြန်တယ်၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အတွက်ပါ၊ အဲဒါပြီးတော့ မတ် ၂၈ ရက်က ထပ်ပြီး ပဲစင်းငုံတန်ချိန် လေးသိန်း၊ ပဲတီ စိမ်းတန်ချိန် တစ်သိန်းခွဲ၊ နောက် ပဲလုံးဝါ၊ စားတော်ပဲနှင့် အခြားပဲအမျိုးမျိုးကို တန်ချိန် တစ်သိန်းခွဲ၊ ဒါတွေသူတို့တင်သွင်းမယ်ဆိုပြီး ထုတ်ပြန်တယ်၊ ဆိုတဲ့သဘောက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ထဲမှာ ဒီပဲအရေအတွက်ကို တင်သွင်းမယ်လို့ ကြေညာတဲ့သဘောပါပဲ"ဟု ဦးမင်းကိုဦးက ပြောသည်။

**အလားအလာကောင်းနိုင်**

ထိုသို့ လာမည့်ဘဏ္ဍာနှစ်အတွက် ပဲတင်သွင်းမည့် ကြေညာချက် ကြိုတင်ထုတ်ပြန်ခြင်းမှာ အိန္ဒိယနိုင်ငံအနေဖြင့် ပဲလိုအပ်ချက်ရှိနေပြီး ပဲတင်ပို့ရန် အရေအတွက်များခြင်းသည် လာမည့်ဘဏ္ဍာနှစ်တွင် အလားအလာကောင်းနိုင်ကြောင်း ၎င်းက ဆက်ပြောသည်။

"အိန္ဒိယက ပဲလိုအပ်ချက်ရှိတယ်ဆိုတာကတော့ ပထမဆုံးတစ်ချက် တွေ့ရတယ်၊ လိုအပ်ချက်ရှိလို့လည်း ပဲအရေအတွက်က မနှစ်က တစ်သိန်းခွဲ၊ ဒီနှစ်တန်ချိန်လေးသိန်းအထိ သူတို့တိုးပြီး ဝယ်ယူတဲ့သဘောပဲ၊ နောက် ကြေညာချက်ထွက်ပြီးတဲ့နောက်မှာလည်း ဘယ်လိုပဲပြောပြော ဟိုဘက်က သွင်းတဲ့ ကုန်သည်တွေရော၊ ဒီဘက်က တင်ပို့ရောင်းချမယ့် ကုန်သည်တွေရော သူ့ဟာနဲ့သူ အလုပ်ကဆက်ပြီး ဖြစ်လာမယ်လို့ သုံးသပ်ပါတယ်၊ ဘာပဲပြောပြော ဒီကြေညာချက်စောစောစီးစီးထွက်တာရယ်၊ အရေအတွက် အထိုက်အလျောက် မနှစ်ကထက်ပိုပြီးတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာ အားပိုကောင်းမယ်လို့ပဲ သုံးသပ်ပါတယ်"ဟု ဦးမင်းကိုဦးက ဆက်ပြောသည်။

**ပဲဈေးအထိုက်အလျောက်တက်လာ**

လက်ရှိ အိန္ဒိယနိုင်ငံမှ လာမည့်ဘဏ္ဍာနှစ်အတွက် ပဲတင်သွင်းခွင့်ပြုသည့် ထုတ်ပြန်ချက်ထွက်ပြီးနောက် ပဲဈေးအထိုက်အလျောက်တက်လာပြီး ဈေးကွက်အတွင်း မတ်ပဲတစ်တန်လျှင် ငွေကျပ် ၉၈၅၀၀၀ နှင့် ပဲစင်းငုံတစ်တန်လျှင် ငွေကျပ် ၇၁၀၀၀၀ ခန့်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံက အဓိကဝယ်ယူမည့် မတ်ပဲသည် မြန်မာနိုင်ငံကသာ အဓိကစိုက်ပျိုးပြီး အခြား ပဲစင်းငုံ၊ ပဲတီစိမ်း၊ စားတော်ပဲများကိုမူ မြန်မာနိုင်ငံအပြင် အာဖရိကတိုက်နှင့် ဩစတြေးလျနိုင်ငံများလည်း စိုက်ပျိုးကြကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းထံမှ သိရသည်။

**ငြိမ်းငြိမ်း**

## ကုန်စည်များအပေါ် တားမြစ်မိန့်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

အမိန့်ကြော်ငြာစာအမှတ်၊ ၂၁/၂၀၂၀
၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်
(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၃၀-၃-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၂၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**ကုန်စည်များအပေါ် တားမြစ်မိန့်ထုတ်ပြန်ခြင်း**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (က) အရ အောက်ဖော်ပြပါကုန်စည်များကို အရေးကြီးကုန်စည်များအဖြစ် သတ်မှတ်လိုက်သည်-

(က) Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊
(ခ) ဆေးဝါးများ၊
(ဂ) စားသုံးကုန်ပစ္စည်းများ။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အပိုဒ် ၁ ပါ ကုန်စည်များကို ဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းကို ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ တားမြစ်လိုက်သည်။

၃။ အပိုဒ် ၁ ပါ သတ်မှတ်ထားသည့် ကုန်စည်များကို ဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းများ ဆောင်ရွက်နေသည်ကို စိစစ်တွေ့ရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၅ အရ အရေးယူခြင်းခံရမည်။

(ပုံ)
ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများတွင် ဝန်ကြီးဌာနက ပူးပေါင်းဆောင်ရွက်နိုင်မည့်ကဏ္ဍများ ကြိုတင်ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မတ် ၃၁**

ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများတွင် ဝန်ကြီးဌာနက ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ကြိုးပမ်း**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကိုဗစ်-၁၉ ရောဂါကို ကာကွယ်၊ ထိန်းချုပ်နိုင်ရန် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများအား သတ်မှတ်နေရာအဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ် (Community Based Facility Quarantine) ကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဤအစီအစဉ်တွင် ပါဝင်သော သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် မသန်စွမ်းသူများအတွက် အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရောဂါပိုးကူးစက်နေသူများနှင့် အနီးကပ်ထိတွေ့ခဲ့သူများကို အမြန်ဆုံး စုံစမ်းရှာဖွေဖော်ထုတ် စစ်ဆေးနိုင်ရန် နည်းပညာအကူအညီများ အသုံးပြုနိုင်ရေး ကြိုးပမ်းကြရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးကြောင်း။

ယခုကြိုတင်ညှိနှိုင်းအစည်းအဝေးတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် စီမံခန့်ခွဲမှုတိုင်းတွင် လက်တွေ့ကျရန် လိုအပ်ကြောင်း၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်မည့်သူများ စာရင်းကို ညှိနှိုင်းတောင်းခံ စာရင်းပြုစုထားရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရခြင်းနှင့် ထပ်ဆင့်ပြန့်ပွားခြင်းမရှိရန် လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များကို အတိအကျသိရှိရန်နှင့် လုပ်ငန်းကျွမ်းကျင်မှုရှိစေရန် အဆင့်ဆင့်ဆောင်ရွက်ရမည့် စံလုပ်ငန်းစဉ်များကို ကြိုတင်လေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ မဖြစ်မနေလိုအပ်သော အကာအကွယ် အသုံးအဆောင်ပစ္စည်းများကို လုံလောက်စွာ ပုံမှန်ရရှိရန်နှင့် ကုန်ကျစရိတ်များကို ကြိုတင်တွက်ချက်ထားရမည်ဖြစ်ကြောင်း၊ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ တည်ဆဲဥပဒေများကို ပြည်သူများက သိရှိလိုက်နာဆောင်ရွက်ရေး အသိပညာပေးလုပ်ငန်းများကိုလည်း ဆက်လက်ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်**

ဆက်လက်၍ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ဦးစီးမှူးများ၊ ကြက်ခြေနီတပ်ဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင် အမျိုးသမီးအဖွဲ့အစည်းများနှင့် အင်တာနက်ကွန်ရက်အသုံးပြု Video Conferencing ဖြင့် ညှိနှိုင်းဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများအတွက် နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ ဦးစီးဌာနများနှင့် ပရဟိတလူမှုအဖွဲ့အစည်းများမှ တာဝန်ယူဆောင်ရွက်နိုင်သော အဖွဲ့အစည်းများ ချိတ်ဆက်ထားရှိမှုအခြေအနေများနှင့် ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များကို ရှင်းလင်းခဲ့ကြသည်။

**ညှိနှိုင်းဆွေးနွေး**

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်များဖြစ်ကြသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၊ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်၊ အမျိုးသမီးအဖွဲ့များ ကွန်ရက်၊ စီးပွားရေးလုပ်ငန်းရှင်များ ကျား၊ မ တန်းတူညီမျှရေး ပူးပေါင်းဆောင်ရွက်ရေးအသင်း၊ လေးကျွန်းသူဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်နှင့် ဝိသခါဖောင်ဒေးရှင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့မှ တာဝန်ရှိသူများက ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများတွင် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရာတွင် ပြည်သူများကို အသိပညာပေးလုပ်ငန်းဆောင်ရွက်ရာတွင် ပါဝင်ရေး၊ စေတနာ့ဝန်ထမ်းများ စာရင်းပြုစုပြီး ပါဝင်ဆောင်ရွက်ရေး၊ လိုအပ်သော အကာအကွယ်အသုံးအဆောင်ပစ္စည်းများ၊ စားနပ်ရိက္ခာများကို လိုအပ်ချက်အရ လှူဒါန်းနိုင်ရေး၊ စေတနာ့ဝန်ထမ်း လုပ်အားပေးမည့်သူများ လုပ်ငန်းကျွမ်းကျင်မှုရှိစေရန်နှင့် အဆင့်ဆင့်ဆောင်ရွက်ရမည့် စံလုပ်ငန်းစဉ်များအတွက် သင်တန်းများ ရရှိရေးတို့နှင့်ပတ်သက်၍ အသင်းလိုက် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကိုဗစ်-၁၉ အသိပညာပေး လက်ကမ်းစာစောင်များနှင့် လက်သန့်ဆေးရည်ဘူးများ လှူဒါန်း

**ရန်ကုန် မတ် ၃၁**

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကိုဗစ်-၁၉ အသိပညာပေးရေးလက်ကမ်းစာစောင် ၈၀၀၀ နှင့် လက်သန့်ဆေးရည် ငါးလီတာဆံ့ ၁၆ ဘူး လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း အမှတ်(၆၀)ရှိ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းရုံး၌ ပြုလုပ်သည်။

ထိုသို့ လှူဒါန်းမှုကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အမှုဆောင်ညွှန်ကြားရေးမှူး ဦးမိုးဇော်ဦးက ပေးအပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ခရိုင်နှင့် မြို့နယ် လူထုအခြေပြုဗဟိုဌာနများရှိ ရွေ့လျားစာကြည့်တိုက်များ၏ ကိုဗစ်-၁၉အသိပညာပေးလုပ်ငန်းများနှင့် ရောဂါကူးစက်ခြင်းမှ ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများတွင် အသုံးပြုမည်ဖြစ်သည်။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသည် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ခရိုင်နှင့် မြို့နယ်ရုံး/ပြည်သူ့စာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာနများအဖြစ် အဆင့်မြှင့်တင်မှုနှင့် ရွေ့လျားစာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်မှုတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ သုံးနှစ်သက်တမ်းရှိ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး၍ နေရာ ၁၆ ခု၌ ပူးပေါင်းဆောင်ရွက်ခဲ့ပြီးနောက် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ငွေကျပ်သန်း ၁၀၀၀ ကျော်တန်ဖိုးရှိ ရွေ့လျားစာကြည့်တိုက်ယာဉ် ၁၇ စီး၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ စာအုပ်စာစောင်နှင့် ကျွမ်းကျင်ဝန်ထမ်းများ လွှဲပြောင်းပေးအပ်ခဲ့မှုနှင့်အတူ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကိုလည်း နှစ်နှစ်သက်တမ်းတိုးလက်မှတ်ရေးထိုး၍ ဆက်လက်ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးမင်းအောင်(ပြန်/ဆက်)**



ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်-၁၉) ကာကွယ်ရန်အတွက် လှိုင်မြို့နယ် အမှတ် (၉) ရပ်ကွက်အတွင်း တစ်ရပ်ကွက်လုံး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ဆောင်ချက်ကို မတ် ၂၇ ရက်မှ မတ် ၃၀ ရက်အထိ လေးရက်ကြာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ဝင်းနှင့် ရာအိမ်မှူးများ/ ရပ်မိရပ်ဖများက စုပေါင်း၍ ကျန်းမာရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့စဉ်။

မီးမီး(လှိုင်)

# လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုအတွင်း ကမ္ဘာပေါ်တွင်ဖြစ်ပွားခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးများနှင့် ကိုဗစ်- ၁၉

သီဟ (ဆေး-၁)

ယနေ့ကမ္ဘာပေါ်ရှိ နေ့စဉ်သတင်းတွေမှာ မဖြစ်မနေ စောင့်ကြည့်နေရတာကတော့ ကိုဗစ်- ၁၉ လို့ခေါ်တဲ့ ကိုရိုနာဗိုင်းရပ်စ်ရောဂါအကြောင်းပဲ ဖြစ်ပါတယ်။ တရုတ်နိုင်ငံ ဝူဟန်မြို့ကနေ စတင်ဖြစ်ပွားခဲ့တဲ့ ဒီရောဂါပိုးဟာပြီးခဲ့တဲ့ မတ်၁၁ရက်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက "ကမ္ဘာအနှံ့ဖြစ်ပွားသောကပ်ရောဂါ-Pandemic Disease" အဖြစ် ကြေညာခဲ့ရသည်အထိ အခြေအနေဖြစ်ခဲ့ရပါတယ်။ ဒါဟာ ၂၀၀၉ ခုနှစ်မှာ ဖြစ်ခဲ့တဲ့ H1N1 ဝက်တုပ်ကွေးရောဂါကို ကမ္ဘာအနှံ့ဖြစ်ပွားသော ကပ်ရောဂါအဖြစ် ကြေညာပြီးနောက်ပိုင်း ၁၀ နှစ်အကြာမှာဖြစ်တဲ့ Pandemic Disease အသစ် ဖြစ်ပါတယ်။ ဒီနေရာမှာ "ကမ္ဘာအနှံ့ဖြစ်ပွားသော ကပ်ရောဂါ – Pandemic Disease" ဆိုတဲ့ အသုံးအနှုန်းနဲ့ပတ်သက်ပြီး အနည်းငယ်ရှင်းပြလိုပါတယ်။

**"ကမ္ဘာအနှံ့ဖြစ်ပွားသော ကပ်ရောဂါ – Pandemic Disease" ဆိုသည်မှာ**

ကမ္ဘာရဲ့ နေရာဒေသတစ်ခုမှာ ရောဂါတစ်ခုဖြစ်ပွားသူတွေ တစ်ချိန်တည်း ရုတ်တရက်တိုးပွားလာခြင်းကို Epidemic Disease လို့ခေါ်ပါတယ်။ အခု ကိုဗစ်- ၁၉ ရောဂါဟာ တရုတ်နိုင်ငံမှာ Epidemic Disease အဖြစ် စတင်ဖြစ်ပွားခဲ့ပြီး ကမ္ဘာ့နိုင်ငံအနှံ့ကို ပျံ့နှံ့ရောက်ရှိသွားတာဖြစ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက "ကမ္ဘာအနှံ့ဖြစ်ပွားသောကပ်ရောဂါ – Pandemic Disease" အဖြစ် ကြေညာခဲ့ခြင်းဖြစ်ပါတယ်။ လတ်တလော ကမ္ဘာပေါ်မှာ Pandemic Disease ဖြစ်ပြီး လက်ရှိဖြစ်နေဆဲရောဂါက ကိုဗစ်- ၁၉ တစ်ခုတည်း မဟုတ်ပါဘူး။ HIV/AIDS ရောဂါသည်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက Pandemic Disease အဖြစ် သတ်မှတ်ထားပြီး လက်ရှိကမ္ဘာ့နိုင်ငံအနှံ့မှာ ဖြစ်ပွားနေဆဲပါ။ ကွာခြားမှုက HIV/AIDS ရောဂါသည် ရောဂါပိုးရှိသူများပြားသော်လည်း ရုတ်တရက် အသက်ဆုံးရှုံးနိုင်ခြေနည်းကာ ကိုဗစ်- ၁၉ ရောဂါကတော့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများနဲ့ ရုတ်တရက် အသက်ဆုံးရှုံးနိုင်တာဖြစ်လို့ လူအများ သတိထားမိလောက်အောင် အရေးတကြီး ဖြစ်လာခဲ့တာဖြစ်ပါတယ်။

**ကမ္ဘာပေါ်ဖြစ်ပွားခဲ့သော ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးများ**

ကမ္ဘာပေါ်မှာ ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးကြောင့် လူတွေအသက်ဆုံးရှုံးရတာ အခုမှမဟုတ်ပါဘူး။ လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုအတွင်း ကမ္ဘာပေါ်ရှိ လူအများကို အကြီးအကျယ်ရောဂါဖြစ်စေခဲ့တဲ့ ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး သုံးမျိုးရှိပါတယ်။

၂၀၀၂-၂၀၀၃ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ SARS ရောဂါဟာ တရုတ်နိုင်ငံ ဂွမ်ဒေါင်းပြည်နယ်မှာ စတင်ခဲ့ပြီး အရှေ့တောင်အာရှနိုင်ငံများ၊ မြောက်အမေရိက၊ ဥရောပနဲ့ တောင်အာဖရိကရှိ နိုင်ငံတွေကို ပျံ့နှံ့ခဲ့ပါတယ်။ လူပေါင်း ၈၀၀၀ ကျော် ကူးစက်ခံခဲ့ရကာ လူပေါင်း ၇၇၀ နီးပါးကို သေစေခဲ့ပါတယ်။ ဒါကြောင့် သေဆုံးမှုအနေနဲ့ လူ ၁၀၀ မှာ ၁၀ ယောက်နီးပါး (Case Fatality Rate- 9.5%) ရှိခဲ့ပါတယ်။ အဲဒီရောဂါပိုးဟာ ရုတ်တရက်ပြင်းထန် အသက်ရှူလမ်းကြောင်းရောဂါဖြစ်စေသော ကိုရိုနာဗိုင်းရပ်စ်ပိုးဖြစ်တဲ့အတွက် SARS-CoV (Severe Acute Respiratory Syndrome-Corona Virus) လို့ အမည်ပေးခဲ့ပါတယ်။ လူအများကတော့ "ဆားစ်ရောဂါ" လို့ သိခဲ့ကြပါတယ်။

နောက် ကိုးနှစ်အကြာ ၂၀၁၂ ခုနှစ် အရှေ့အလယ်ပိုင်းဒေသမှာ ကုလားအုတ်များကတစ်ဆင့် ကူးစက်တယ်လို့ဆိုတဲ့ MERS ရောဂါဟာလည်း ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးကြောင့်ပဲ ဖြစ်ပါတယ်။ အရှေ့အလယ်ပိုင်းဒေသတော်တော်များများမှာဖြစ်ခဲ့လို့ အဲဒီ ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးကို MERS-CoV (Middle East Respiratory Syndrome -Corona Virus) လို့ အမည်ပေးခဲ့ပါတယ်။ ဥရောပနဲ့ အာရှနိုင်ငံအချို့ကို ကူးစက်ပျံ့နှံ့ခဲ့ပါတယ်။ ရောဂါဖြစ်ပွားသူ ၈၀ ရာခိုင်နှုန်းခန့်မှာ ဆော်ဒီအာရေဗျနိုင်ငံက ဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး အဆိုအရ MERS ရောဂါ "မားစ်ရောဂါ"ဟာ လက်ရှိဖြစ်နေဆဲဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသပြင်ပမှာ ဖြစ်ပွားမှုနည်းကြောင်း သိရပါတယ်။ MERS ရောဂါကတော့ SARS ရောဂါထက် သေဆုံးနှုန်း (Case Fatality Rate) ပိုများပြီး ရောဂါဖြစ်ပွားသူ ၁၀၀ မှာ ၃၅ ဦး နီးပါး သေဆုံးခဲ့ပါတယ်။

ယခုလက်ရှိဖြစ်ပွားနေတဲ့ ကိုဗစ်- ၁၉ ရောဂါကတော့ ထူးထူးခြားခြားပဲ "ကမ္ဘာအနှံ့ဖြစ်ပွားသော ကပ်ရောဂါ - Pandemic Disease" အဖြစ် ကြေညာခဲ့ရတဲ့ ပထမဆုံး ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး ဖြစ်ပါတယ်။ ဒီရောဂါပိုးကိုတော့ SARS-CoV-2(Severe Acute Respiratory Syndrome-Corona Virus 2)လို့ အမည်ပေးထားပါတယ်။ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းကစလို့ တရုတ်နိုင်ငံ ဝူဟန်မြို့မှာစဖြစ်ခဲ့ပြီး ယခု ကမ္ဘာ့နိုင်ငံပေါင်းများစွာကို ကူးစက်ပျံ့နှံ့နေပြီဖြစ်လို့ ကမ္ဘာ့နိုင်ငံအသီးသီးက ကာကွယ်ရေး၊ ကုသရေးတွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နေကြပါပြီ။ ယခု တင်ပြချင်တာကတော့ ဒီ SARS-CoV-2 နဲ့ပတ်သက်တဲ့ ထူးခြားမှုများနဲ့ အရင်ကဖြစ်ခဲ့တဲ့ ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးတွေနဲ့ ကွာခြားချက်လေးတွေကို လေ့လာမိသလောက် ပြောပြချင်တာပါ။

**ရောဂါပိုးကူးစက်မှုညွှန်းကိန်း**
**(Reproduction Number-Ro)**

နိုင်ငံတကာက သိပ္ပံပညာရှင်တွေဟာ ကူးစက်ရောဂါတစ်ခုရဲ့ ရောဂါကူးစက်ပျံ့နှံ့မှုကို လေ့လာကြတဲ့အခါ Reproduction Number-Ro ကို အသုံးပြုရပါတယ်။ "အာ-နောက်" လို့ အသံထွက်ရပါတယ်။ မြန်မာလို အနီးစပ်ဆုံး " ရောဂါပိုးကူးစက်မှုညွှန်းကိန်း"လို့ ဘာသာပြန်နိုင်မယ်ထင်ပါတယ်။ ဆိုလိုရင်းကတော့ ရောဂါရှိသူတစ်ဦးက တစ်ဆင့် လူဘယ်လောက်ကို ထပ်မံကူးစက်နိုင်ခြေရှိသလဲကို တွက်ချက်တာဖြစ်ပါတယ်။ ဥပမာအနေနဲ့ပြောရရင် ဝက်သက်ရောဂါပိုး Ro-၁၆ ရှိတဲ့အတွက် ဝက်သက်ရောဂါရှိသူတစ်ဦးဟာ ဝက်သက်ရောဂါကာကွယ်ဆေး မထိုးထားသူ ၁၆ ဦးခန့်ကို ရောဂါဖြန့်နိုင်စွမ်းရှိပါတယ်။

အခုဖြစ်ပွားခဲ့တဲ့ /ဖြစ်ပွားနေဆဲ ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးတွေကို လေ့လာကြည့်တဲ့အခါ "ဆားစ်ရောဂါ"၏ Ro သည် ၄ (SARS-CoV Ro=4)နဲ့ "မားစ်ရောဂါ" က Ro ၁ (MERS-CoV Ro=1) ပါ။ ယခုဖြစ်နေတဲ့ ကိုဗစ်- ၁၉ ကတော့ Ro=2-3.5 ဖြစ်ပါတယ်။ ဆိုလိုတာက ကိုဗစ်- ၁၉ ရောဂါရှိသူတစ်ဦးဟာ နောက်ထပ် လူ နှစ်ဦးကနေ သုံးဦးအထိ ကူးစက်စေနိုင်တာဖြစ်ပါတယ်။ ဒါဆိုရင် အရင် ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးတွေနဲ့ "ရောဂါပိုးကူးစက်မှုညွှန်းကိန်း" သိသိသာသာမကွဲတဲ့အပြင် "ဆားစ်ရောဂါ" ထက်ပင် ကူးစက်မှုနှုန်းက နှေးနေသေးတယ်လို့ ဆိုရပါမယ်။

**ကိုဗစ်- ၁၉ ရောဂါ၏ လက်ရှိအခြေအနေ**

ကိုဗစ်- ၁၉ ရောဂါကြောင့် သေဆုံးနှုန်း (Case Fatality Rate) ကို လေ့လာကြည့်မယ်ဆိုရင် မတ်လ ၁၉ ရက်နေ့ နံနက်ပိုင်းအထိ ရောဂါဖြစ်ပွားသူ နှစ်သိန်းတစ်သောင်းကျော် (COVID-19 Confirmed Cases= 219365) နဲ့ သေဆုံးသူ ကိုးထောင်နီးပါး (Deaths due to COVID-19= 8970) ရှိတာမို့ Case Fatality Rate သည် လေးရာခိုင်နှုန်းနီးပါးဖြစ်ပါတယ်။ ရောဂါပိုးကူးစက်ခံရသူ လူ ၁၀၀ မှာ သေဆုံးသူ လေးဦး ရှိနေပါတယ်။ ဒါဟာလည်း အရင် ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးတွေထက် အများကြီးနည်းတယ် ဆိုရပါမယ်။ ရောဂါကူးစက်ခံရပြီး ပြန်လည်ပျောက်ကင်းသွားသူတွေအနေနဲ့ ရှစ်သောင်းခွဲကျော် (COVID -19 Recovered Cases = 85749) ရှိတဲ့အတွက် ၄၀ ရာခိုင်နှုန်းနီးပါး ရောဂါပျောက်ကင်းသွားပြီဖြစ်ပါတယ်။

ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားသူတွေကို လေ့လာကြည့်မယ်ဆိုရင် လက်ရှိဖြစ်ပွားနေသူတွေအနက် ငါးရာခိုင်နှုန်းနီးပါးက အလွန်စိုးရိမ်ရတဲ့ အခြေအနေမှာ ရှိနေပါတယ်။ ကျန် ၉၅ ရာခိုင်နှုန်းကတော့ သာမန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါအဆင့်မှာပဲ ရှိပါတယ်။ ဒါကြောင့် ခြုံငုံလေ့လာရရင် ကိုဗစ်- ၁၉ ရောဂါသည် ကူးစက်မှုနှုန်းအရ အလွန်အမင်း မမြင့်သလို သေဆုံးနှုန်းလည်းနည်းတဲ့ ရောဂါတစ်ခုလို့ ဆိုရပါမယ်။

> **ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားသူတွေကို လေ့လာကြည့်မယ်ဆိုရင် လက်ရှိဖြစ်ပွားနေသူတွေအနက် ငါးရာခိုင်နှုန်းနီးပါးက အလွန်စိုးရိမ်ရတဲ့ အခြေအနေမှာ ရှိနေပါတယ်။ ကျန် ၉၅ ရာခိုင်နှုန်းကတော့ သာမန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါအဆင့်မှာပဲ ရှိပါတယ်။ ဒါကြောင့် ခြုံငုံလေ့လာရရင် ကိုဗစ်- ၁၉ ရောဂါသည် ကူးစက်မှုနှုန်းအရ အလွန်အမင်း မမြင့်သလို သေဆုံးနှုန်းလည်းနည်းတဲ့ ရောဂါတစ်ခုလို့ ဆိုရပါမယ်**

**ဘာလို့ ကိုဗစ်- ၁၉ ရောဂါသည် ဒီလောက်**
**အလျင်အမြန် ပျံ့နှံ့သွားရတာလဲ**

ကိုဗစ်- ၁၉ ရောဂါဟာ အရင်ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးတွေနဲ့ယှဉ်ရင် သေဆုံးနှုန်းလည်းမများ "ရောဂါပိုးကူးစက်မှုညွှန်းကိန်း"လည်း သိသိသာသာမကွာပေမယ့် ဘာလို့ ဒီလောက် အလျင်အမြန်ပျံ့နှံ့သွားရတာလဲဆိုတာ စိတ်ဝင်စားဖို့ကောင်းပြီး မေးသင့်တဲ့မေးခွန်းတစ်ခုပါ။

ဒါကို သိပ္ပံပညာရှင်တွေကလည်း အဖြေရှာကြပါတယ်။ သုတေသနပညာရှင်တွေ အဆိုအရ စတင်ဖြစ်ပွားရာ တရုတ်နိုင်ငံ၏ ပြင်ပကို ရောက်သွားသော ရောဂါလက္ခဏာမပြသေးတဲ့ ရောဂါပိုးရှိသူတွေကို သေချာစနစ်တကျ မထိန်းချုပ်နိုင်ခဲ့ခြင်းသည် အဓိကဖြစ်တယ်လို့ ဆိုပါတယ်။ ရောဂါစတင်ဖြစ်ပွားရာ တရုတ်နိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့၏ အဝင်၊ အထွက်ကို ဇန်နဝါရီလ ၂၃ ရက်နေ့မှာ လုံးဝပိတ်လိုက်ပါတယ်။ Lockdown လုပ်လိုက်တယ်လို့ သုံးပါတယ်။ "ဝူဟန် လော့က်ဒေါင်း" လို့ သတင်းတော်တော်များများမှာ ပြောကြပါတယ်။ တရုတ်နှစ်သစ်ကူးပွဲတော် မကျင်းပခင် နှစ်ရက်ခန့်အလိုဖြစ်တာကြောင့် အချိန်မီလေးလို့တောင် ဆိုရမှာပါ။ WHO က ဒီလို Lockdown လုပ်ခြင်းသည် ပြည်သူ့ကျန်းမာရေးသမိုင်းမှာ မကြုံစဖူးဖြစ်စဉ်တစ်ခုလို့ မှတ်ချက်ပြုပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဒီလို လုပ်ပါလို့ ထောက်ခံခြင်းမရှိကြောင်းလည်း တရုတ်နိုင်ငံ WHO ကိုယ်စားလှယ်က မှတ်ချက်ပြုခဲ့ပါတယ်။

စာရေးသူတစ်ဦးတည်းရဲ့ အမြင်ကို ပြောရရင် WHO တာဝန်ရှိသူတွေအနေနဲ့ ကနဦးမှာ ကိုဗစ်- ၁၉ ကို အခုလောက်ထိ ဖြစ်လာနိုင်မယ်လို့ ယူဆခဲ့ဟန် မတူပါ။ ဒါပေမယ့် အခြေအနေတွေက ရပ်တန့်မသွားဘဲ ပိုပိုပြီး ကူးစက်မှုများလာခြင်းကြောင့် ဇန်နဝါရီ ၃၀ ရက်မှာ WHO က ကိုဗစ်-၁၉ သည် "ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ" (Public Health Emergency of International Concern- PHEIC) ဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ နောက်ဆုံးတော့ မတ် ၁၁ ရက်မှာ "ကမ္ဘာအနှံ့ဖြစ်ပွားသော ကပ်ရောဂါ Pandemic Disease" အဖြစ် ကြေညာခဲ့ရသည်အထိ အခြေအနေဖြစ်ခဲ့ရပါတယ်။

သုတေသနပညာရှင်တွေက "ဝူဟန် လော့က်ဒေါင်း" မတိုင်ခင်နဲ့ "ဝူဟန် လော့က်ဒေါင်း" လုပ်ပြီး အခြေအနေတွေကို လေ့လာခဲ့ကြပါတယ်။ အမေရိကန်နိုင်ငံ ကိုလံဘီယာ တက္ကသိုလ် မေးလ်မန်း ပြည်သူ့ကျန်းမာရေးကျောင်းက (Columbia University's Mailman School of Public Health) တွေ့ရှိချက်တွေကို ထုတ်ပြန်ခဲ့ပါတယ်။ နိုင်ငံအနှံ့ရောဂါပိုး ကူးစက်ခံရသူတွေရဲ့ ၈၆ ရာခိုင်နှုန်းဟာ "ဝူဟန် လော့က်ဒေါင်း" မတိုင်ခင်မှာ မှတ်တမ်းမယူနိုင်ခဲ့တဲ့ ရောဂါလက္ခဏာမပြသေးတဲ့ ရောဂါပိုးရှိသူတွေ ဖြစ်နေကြောင်း တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့် ဒီ ကိုဗစ်- ၁၉ ရောဂါမှာ "ကိုယ်ရောင်ဖျောက်ကူးစက်ပျံ့နှံ့မှု" (Stealth Transmissions) ရှိနေကြောင်း သက်သေပြခဲ့ကြပါတယ်။ ရောဂါလက္ခဏာ မပြသေးတဲ့ ရောဂါပိုးရှိသူတွေ နေရာအနှံ့သွားလာနေခြင်းသည် "ကိုယ်ယောင်ဖျောက်ကူးစက်ပျံ့နှံ့မှု"ကို ပိုမိုဖြစ်စေပြီး ဒီရောဂါကို ထိန်းချုပ်နိုင်ဖို့အတွက်စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပါတယ်။ တရုတ်နိုင်ငံအစိုးရရဲ့ ဆောလျင်စွာ အဝင်၊ အထွက်ပိတ်ခြင်း၊ ခရီးသွားလာမှုကို ကန့်သတ်ခြင်းတွေဟာ ရောဂါကို ထိန်းချုပ်ရေးမှာ အလွန်ထိရောက်ကြောင်း တွေ့မြင်နေရပြီ ဖြစ်ပါတယ်။ သို့သော် ကိုဗစ်- ၁၉ ရောဂါကူးစက်မှုကို အပြီးတိုင် တားဆီးနိုင်ပါ့မလားဆိုတာကတော့ မသေချာသေးတဲ့ အခြေအနေဖြစ်ကြောင်း သုတေသနပညာရှင်တွေက သုံးသပ်ပါတယ်။

**ကိုဗစ်- ၁၉ ရောဂါကြောင့် သေဆုံးသူတွေမှာ**
**အသက်ဆုံးရှုံးသည်အထိ ဖြစ်ရတဲ့အကြောင်းရင်းများ**

သုတေသနပညာရှင်တွေ၊ ဆေးပညာရှင်တွေက ကိုဗစ်- ၁၉ ရောဂါကြောင့်သေဆုံးသူတွေကို ဘာကြောင့် သေဆုံးကြရလဲဆိုတာကို လေ့လာကြပါတယ်။ ထင်သာတဲ့ တွေ့ရှိချက်အနေနဲ့ အသက်အရွယ်ကြီးသူများ အထူးသဖြင့် အသက် ၆၅ နှစ်အထက်မှာ သေဆုံးနှုန်း သိသိသာသာများကြောင်း တွေ့ရပါတယ်။ သေဆုံးသူတွေရဲ့ ၆၃ ရာခိုင်နှုန်းမှာ နဂိုရောဂါအခံရှိသူများ ဖြစ်ကြောင်း၊ အများစုသည် နှလုံးရောဂါအခံရှိသူများ ဖြစ်ကြပါတယ်။ ထပ်မံလေ့လာတွေ့ရှိချက်များအနေနဲ့ သေဆုံးသူ ထက်ဝက်ကျော် ၅၃ ရာခိုင်နှုန်းဟာ ရုတ်တရက် အဆုတ်အလုပ်မလုပ်တော့ခြင်း (Respiratory Failure) ကြောင့် သေဆုံးရပြီး ခုနစ်ရာခိုင်နှုန်းခန့်တွင် ပြင်းထန်နှလုံးကြွက်သားရောင်ရမ်းခြင်း (Fulminant Myocarditis) ရှိကာ သေဆုံးသူတွေရဲ့ သုံးပုံတစ်ပုံကျော် ၃၃ ရာခိုင်နှုန်းက ဖော်ပြပါဖြစ်စဉ် နှစ်ရပ်လုံးကြောင့် သေဆုံးရခြင်း ဖြစ်တယ်လို့ ဆိုပါတယ်။

ခြုံငုံသုံးသပ်ရရင်တော့

- အသက်အရွယ်ကြီးသူများ
- နဂိုရောဂါအခံရှိသူများ

(အထူးသဖြင့် နှလုံးရောဂါအခံရှိသူများ)သည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးနိုင်ခြေများကြောင်း တွေ့ရှိရတဲ့အတွက် ထိုသူများက ပိုပြီးအသွားအလာဆင်ခြင်ခြင်းနှင့် ထုတ်ပြန်ထားသော လိုက်နာရန်အချက်များကို တိတိကျကျ လိုက်နာ ဆောင်ရွက်သင့်လှပါတယ်။

**နိဂုံးချုပ်**

- ကိုဗစ်-၁၉ ရောဂါကြောင့် ခန့်မှန်းသေဆုံးနှုန်း (Estimated Case Fatality Rate) သည် ၅ ဒသမ ၃ ရာခိုင်နှုန်းမှ ၈ ဒသမ ၄ ရာခိုင်နှုန်းဖြစ်၍ အရင် ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးတွေနဲ့ယှဉ်ရင် သေဆုံးနှုန်းလည်းမများပါဘူး။ သို့သော် ကူးစက်ဖြစ်ပွားသူ အရေအတွက်သည် ပိုများသည့်အတွက် သေဆုံးသူလည်း များနေတာဖြစ်ပါတယ်။ ၅- ၈ ရာခိုင်နှုန်းဆိုတာလည်း သေဆုံးနှုန်း နည်းတယ်လို့တော့ မဆိုသာပါဘူး။
- ခန့်မှန်းရောဂါပိုးကူးစက်မှုညွှန်းကိန်း RO သည် 1.6 - 4.2 ဖြစ်သောကြောင့် အရင်ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးတွေနဲ့ယှဉ်ရင် သိပ်ကွာခြားမှုမရှိပါဘူး။
- ဒါကြောင့် အသိ၊ သတိဖြင့် ကောလာဟလ သတင်းတွေကို မယုံဘဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ လိုက်နာစရာတွေကို လိုက်နာပါ။
- လက်ကို မကြာခဏဆေးပါ။
- တတ်နိုင်သမျှ လူစုလူဝေးကို ရှောင်ပါ။

"ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများက သင့်ကျန်းမာရေးအတွက် ဆေးရုံမှာရှိနေမှာဖြစ်ပြီး သင်တို့က သင့်ကျန်းမာရေးအတွက် မိမိအိမ်မှာနေခြင်းဖြင့် ကူညီပါ" မြန်မာနိုင်ငံကြီး ကျန်းမာပါစေ။ ။

# နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ ကျန်းမာစွာဖြင့် နိုင်ငံ့တာဝန်များ ထမ်းဆောင်လျက်ရှိ

**နေပြည်တော်  မတ် ၃၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးတို့ မတ် ၂၃ ရက်တွင် တွေ့ဆုံခဲ့သည့် ဓာတ်ပုံကို အသုံးပြုပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူနှင့် တွေ့ဆုံခဲ့ကြောင်း အွန်လိုင်းအကောင့်အတုများမှ တစ်ဆင့် ကောလာဟလတွေ ပျံ့နှံ့နေမှုမှာ မဟုတ်မှန်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယနေ့တွင် ပြောသည်။

၎င်း၏ ပြောကြားချက်အရ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တွေ့ဆုံခဲ့သူမှာ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိ၍ နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံတွင် သီးသန့်ကုသမှုခံယူနေသူမှာ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ရုံးဝန်ထမ်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ တရားဝင် ဖြေကြားလိုတာက နိုင်ငံတော်သမ္မတကြီးရော၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရော ကျန်းမာရေး ကောင်းမွန်ပါတယ်။ နိုင်ငံ့တာဝန်တွေကို ပုံမှန်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ Self Quarantine ရော၊ Home Quarantine ရော ဘာမှလုပ်ဆောင်တာ မရှိပါဘူး။ ကျန်းမာရေး အထူးကောင်းမွန်ပါတယ်။ ကိုဗစ် - ၁၉ ကူးစက်ရောဂါ ပြန့်ပွားနေတဲ့အချိန်ဖြစ်တဲ့အတွက် ညှော်သည်လက်ခံတွေ့ဆုံမှုတွေကို အထူးသတိထားပြီး ဆောင်ရွက်လျက်ရှိပါတယ်" ဟု ဦးဇော်ဌေးက ပြောသည်။

သတင်းစဉ်

# အိမ်ခြံဝင်းဥယျာဉ်စိုက်ပျိုးရေးနှိုးဆော်ချက်

၁။ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိမိတို့အိမ်ခြံဝင်းများအတွင်း အာဟာရပြည့်ဝသည့် ခြံထွက်ဟင်းသီးဟင်းရွက်များ ကိုယ်တိုင်စိုက်ပျိုးစားသုံးနိုင်မည့် "အိမ်ခြံဝင်းဥယျာဉ်စိုက်ပျိုးခြင်း (Home Gardening)" စီမံကိန်းကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ စိုက်ပျိုးရေးဦးစီးဌာနပိုင်ဥယျာဉ်ခြံများတွင် ဟင်းသီးဟင်းရွက်မျိုးစေ့အမျိုးပေါင်း (၂၀)ကျော်၊ ကီလို(၃၀၀၀)ခန့် ထုတ်လုပ်ထားရှိပြီးဖြစ်သဖြင့် အိမ်ခြံဝင်းဥယျာဉ် စိုက်ပျိုးရန်အတွက် မျိုးစေ့နှင့် နည်းပညာများလိုအပ်ပါက မိမိတို့နှင့် နီးစပ်ရာ ဌာနပိုင်ဥယျာဉ်ခြံများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးများသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# ဟားခါးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး မီးသတ်ယာဉ်ဖြင့် ပိုးသတ်ဆေးဖျန်း

**ဟားခါး  မတ် ၃၁**

ချင်းပြည်နယ်အတွင်း လတ်တလောအသက်ရှူ လမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး ပြည်နယ်အဆင့်လုပ်ငန်းကော်မတီမှ လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၁၀ နာရီက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးနှင့် ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရေး မီးသတ်ယာဉ်ဖြင့် ပိုးသတ်ဆေးဖျန်းခြင်း၊ သံသယလူနာများ တွေ့ရှိပါက ကန့်သတ်စောင့်ကြည့်ရန်အတွက် အားကစားနှင့်ကာယပညာသိပ္ပံကျောင်း(ဟားခါး)တွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပြည်နယ်အဆင့် လုပ်ငန်းကော်မတီဝင်များက ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြသည်။



ရှေးဦးစွာ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးနှင့် ဟားခါးမြို့ ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက်ရှိ ဌာနဆိုင်ရာ ရုံးခန်းများ၊ ဝန်ထမ်းနေအိမ်များ၊ ရပ်ကွက်လူနေအိမ်များအား မီးသတ်ယာဉ်ဖြင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် အားကစားနှင့် ကာယပညာသိပ္ပံကျောင်း (ဟားခါး) သို့ ရောက်ရှိ၍ ကိုဗစ်-၁၉ သံသယလူနာတွေ့ရှိပါက ကန့်သတ်စောင့်ကြည့်ရန်အတွက် အိပ်ခန်း၊ နားနေခန်း၊ ထမင်းစားခန်း၊ ရေချိုးခန်းနှင့် ရေအိမ်သာများ သီးသန့်ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုသည်။

**ကြိုတင်ပြင်ဆင်ထားရှိပြီးဖြစ်**

ထို့နောက် သံသယလူနာထားရှိမည့် ခန်းမများအတွင်း ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး စနစ်တကျစီမံဆောင်ရွက်ထားရှိရန်နှင့် သံသယလူနာတွေ့ရှိပါက အချိန်နှင့်တစ်ပြေးညီ စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်း (ဟားခါး) တွင် သံသယလူနာတွေ့ရှိပါက ထားရှိနိုင်ရန် သံသယလူနာ ၅၀ အတွက် ကြိုတင်ပြင်ဆင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

မြင့်နိုင်စိုး(ပြန်/ဆက်)

# အသိပေးနှိုးဆော်ချက်

၁။ နိုင်ငံ၏အခြေခံစားနပ်ရိက္ခာဖြစ်သော ဆန်စပါး၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုမကျဆင်းစေရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ ဈေးကွက်ခိုင်မာစွာ ရရှိရေးတို့အတွက် သီးနှံအလိုက် မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် နည်းပညာအကူအညီ ရရှိရေးတို့ကို စိုက်ပျိုးရေးဦးစီးဌာနမှ ကူညီချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ၂၀၁၉-၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံအတွင်း စပါးတန်ချိန် (၂၆)သန်းကျော် စိုက်ပျိုးထုတ်လုပ်ထားရှိခဲ့ပြီး ပြည်တွင်းစားသုံးမှုလိုအပ်ချက်မှာ တစ်နှစ်လုံးအတွက် စပါးတန်ချိန်(၁၅)သန်းကျော်သာ ဖြစ်ပါသည်။ ထို့အပြင် ပြည်သူများ နေ့စဉ်စားသုံးနေသည့် ငရုတ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူး စသည့် စားဖိုဆောင်သီးနှံများ ထုတ်လုပ်ထွက်ရှိမှုအနေဖြင့်လည်း ပြည်တွင်းစားသုံးမှုအတွက် လုံလောက်ရုံသာမက ပိုလျှံသည့်အခြေအနေတွင် ရှိပါသည်။

၃။ သီးနှံထုတ်လုပ်မှုစွမ်းအား တိုးတက်မြင့်မားစေရန်အတွက် တောင်သူလယ်သမားများအနေဖြင့် သီးနှံအလိုက် မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးရေးနည်းပညာများ ရရှိနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ကျေးရွာအခြေစိုက်နည်းပညာပေးစင်တာများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးများ၊ ဌာနပိုင်မျိုးစေ့ထုတ်ခြံများသို့ ဆက်သွယ်၍ အကူအညီများ တောင်းခံရယူနိုင်ပါကြောင်းနှင့် စိုက်ပျိုးရေးဦးစီးဌာန Call Center Hot Line ဖုန်းနံပါတ် - ၀၁၂၃၉၉၅၅၅ သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော်  မတ်  ၃၁**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မိုး/ဇလ



# ကျောင်းကုန်းမြို့နယ်၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ကျောင်းကုန်း  မတ်  ၃၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် သဒ္ဓါပုဗ္ဗဂ်မအဖွဲ့ဝင်များက လက်သန့်ဆေးရည်ဖျန်းပေးခြင်း၊ နှာခေါင်းစည်းအခမဲ့ဝေငှခြင်းကို ယနေ့နံနက်ပိုင်းက မြို့မဈေးအနီး အနေးယာဉ်ဂိတ်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပြည်သူနှင့်ထိတွေ့မှုအများဆုံးဖြစ်သော အနေးယာဉ် ဆိုက်ကားသမားများကို ရောဂါပိုးမကူးစက်စေရန်ရည်ရွယ်၍ လက်သန့်ဆေးရည်ဖျန်းပေးကာ နှာခေါင်းစည်းများ အခမဲ့ဝေငှပေးခဲ့ခြင်းဖြစ်ကြောင်း၊ လူထူထပ်ရာနေရာများသို့ သွားရောက်လျှင် နှာခေါင်းစည်းတပ်ရမည်ဆိုသည့် သတိပေးခြင်းကြောင့် ယနေ့တွင် နှာခေါင်းစည်း ၃၀၀ လှူဒါန်းခဲ့ကြောင်း ဒုရဲအုပ်ကျော်ကျော်နိုင်က ပြောသည်။

ဝင်းကြိုင်(ပြန်/ဆက်)

# ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ဝေဘာဂီဆေးရုံတို့အား ဆေးဖျန်း

**ရန်ကုန်  မတ်  ၃၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဌာနမှူး ဦးဆောင်၍ မတ် ၂၉ ရက် ည ၉ နာရီက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွင်း၊ အပြင်နေရာများ ဆေးဖျန်းနေမှုများကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ဒုတိယမြို့တော်ဝန် ဦးစိုးလွင်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

"ပထမဦးဆုံး ရန်ကုန်ဆေးရုံကြီးကို စဖျန်းပါတယ်။ လမ်းမကြီးတွေလည်းပါတယ်။ ထုတ်သုံးလို့ရတဲ့ ကားတွေကို ထုတ်သုံးတယ်။ အတွင်းရောအပြင်ရောပေါ့။ အတွင်းပိုင်းကျတော့ ကားကြီးနဲ့ ဝင်လို့မရဘူး။ အတွင်းပိုင်းတွေကိုတော့ နေရာအနှံ့ လူတွေဝင်ပြီးတော့ ဖျန်းပါတယ်။ ဆေးဖျန်းတာကတော့ YCDC ကပါပဲ။ ဖျန်းမယ့်နေရာတွေကိုတော့ ဆေးရုံအုပ်ကြီးက စီမံခန့်ခွဲတာပါ။ သူတို့ဖျန်းချင်တဲ့နေရာတွေကို လိုက်ဖျန်းပေးပါတယ်။ ရပ်ကွက်ထဲမှာ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ ဖျန်းချင်တာတွေရှိတယ်။ သူတို့က ကျွန်တော်တို့ကို ပြောပါတယ်။ သူတို့တွေကိုလည်း မြို့နယ်စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူးတွေနဲ့ တွဲပေးပါတယ်။ မြို့နယ်တိုင်းကိုလည်း ဆေးပုံးတွေ ထုတ်ပေးထားပါတယ်" ဟု ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောသည်။



မတ် ၃၀ ရက် ညပိုင်းတွင်လည်း မြောက်ဥက္ကလာပဆေးရုံနှင့် ဝေဘာဂီဆေးရုံများကို ဆေးဖျန်းပေးခဲ့ကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန် / ဆက်)**

# မြန်မာ့ရိုးရာမဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အထူးအစီအစဉ်များ ထည့်သွင်းပြသသွားမည်

**နေပြည်တော်  မတ် ၃၁**

၂၀၂၀ ပြည့်နှစ်၊ ဧပြီ ၁၀ ရက်မှ ၁၉ ရက်ထိ မြန်မာ့ရိုးရာမဟာသင်္ကြန် ရုံးပိတ်ရက်ကာလအတွင်း မူလပြသနေသည့် ရုပ်သံဇာတ်လမ်းတွဲများအပြင် မိသားစုနှင့်အတူ အပန်းဖြေအနားယူကြမည့် မိဘပြည်သူများအတွက် အထူးအစီအစဉ်အဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထင်ရှားကျော်ကြားသည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားကောင်းများ၊ သင်္ကြန်နှင့်ပတ်သက်သည့် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားကောင်းများကို နေ့စဉ် မွန်းလွဲပိုင်းနှင့် ညပိုင်းတွင် လည်းကောင်း၊ ရုပ်သံဇာတ်လမ်းတွဲများကို နံနက်ပိုင်းနှင့် ညနေပိုင်းများတွင်လည်းကောင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် သင်္ကြန်ကာလအတွင်း မွန်းလွဲ ၁ နာရီခွဲနှင့် ည ၉ နာရီခွဲတို့တွင် ပြသမည့် မြန်မာရုပ်ရှင်ဇာတ်ကားများနှင့် ဗီဒီယိုဇာတ်ကားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -



ကြိုးတန်း
(ကျော်ဟိန်း၊ ကျော်ရဲအောင်၊ ထွန်းအိန္ဒြာဗို၊ စိုးမြတ်သူဇာ)
ဒါရိုက်တာ-မီးပွား
၁၀-၄-၂၀၂၀ သောကြာနေ့ နေ့လယ် (၁:၃၀)




သင်္ကြန်ဂိမ်း
(အောင်ရဲလင်း၊ ဝတ်မှုံရွှေရည်)
ဒါရိုက်တာ-ကိုဇော်(အရုဏ်ဦး)
၁၀-၄-၂၀၂၀ သောကြာနေ့ ည(၉:၃၀)



ကျနေ့စိုးမပိုင်
(ဇော်ဝမ်း၊ နွဲ့နွဲ့မူ၊ ချိုပြုံး)
ဒါရိုက်တာ-မြတ်ထွန်းနိုင်
၁၁-၄-၂၀၂၀ စနေနေ့ နေ့လယ်(၁:၃၀)




ချစ်ရင်ဖက်ထား
(ပြေတီဦး၊ ဝတ်မှုံရွှေရည်)
ဒါရိုက်တာ-ကိုဇော်(အရုဏ်ဦး)
၁၁-၄-၂၀၂၀ စနေနေ့ ည(၉:၃၀)



ကောင်းချစ်တဲ့မမ
(ကျော်သူ၊ ခင်သန်းနု၊ စုမြတ်နိုင်)
ဒါရိုက်တာ-ကျော်သူ
၁၂-၄-၂၀၂၀ တနင်္ဂနွေနေ့ နေ့လယ်(၁:၃၀)



အတာလေပြေ
(လူမင်း၊ ထွန်းအိန္ဒြာဗို)
ဒါရိုက်တာ-အာယု
၁၂-၄-၂၀၂၀ တနင်္ဂနွေနေ့ ည(၉:၃၀)



မောင်တို့ချယ်ရီမြေ
(ဝင်းဦး၊ ခင်သန်းနု)
ဒါရိုက်တာ-ဦးတင်ယု
၁၃-၄-၂၀၂၀ တနင်္လာနေ့ နေ့လယ်(၁:၃၀)




နတ်ဖြစ်ရတဲ့ဒုက္ခ
(ရန်အောင်၊ ခန့်စည်သူ၊ ထွန်းထွန်း၊ စိုးမြတ်သူဇာ၊ အေးမြတ်သူ)
ဒါရိုက်တာ-ညွှန့်မြန်မာညီညီအောင်
၁၃-၄-၂၀၂၀ တနင်္လာနေ့ ည(၉:၃၀)



သင်္ကြန်မိုး
(နေအောင်၊ ဇော်ဝမ်း၊ ဇင်ပိုင်၊ ခင်သန်းနု၊ မေသန်းနု၊ သီတာသိမ့်)
ဒါရိုက်တာ-မောင်တင်ဦး
၁၄-၄-၂၀၂၀ အင်္ဂါနေ့ နေ့လယ်(၁:၃၀)

စာမျက်နှာ ၉ သို့ ❍

❍ စာမျက်နှာ ၈ မှ



ယောက္ခမဆိုတာ တစ်ခါတုန်းက သမက်ပါပဲ
(ကျော်သူ၊ ရန်အောင်၊ လွင်မိုး၊ မို့မို့မြင့်အောင်၊
မေသန္တာဦး၊ ခိုင်သင်းကြည်)
ဒါရိုက်တာ– မောင်မျိုးမင်း(ရင်တွင်းဖြစ်)
၁၄–၄–၂၀၂၀ အင်္ဂါနေ့ ည (၉:၃၀)



လွမ်းနေမယ်မမ
(ကျော်ဟိန်း၊ ချိုပြုံး၊ ဆွေဇင်ထိုက်)
ဒါရိုက်တာ – ဦးတင်ယု
၁၆–၄–၂၀၂၀
ကြာသပတေးနေ့ နေ့လယ် (၁:၃၀)




ရန်ကုန်အချစ်ပုံပြင်
(မြင့်မြတ်၊ သက်မွန်မြင့်)
ဒါရိုက်တာ – စိုင်းလုံးကျော်
၁၈–၄–၂၀၂၀
စနေနေ့ ည (၉:၃၀)



ကညာပျိုနှင့် ဇရာအို
(ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ စံရှားတင်၊ ခင်သန်းနု)
ဒါရိုက်တာ – ဘိတ်ကလာတဲ့ ငံပြာရည်
၁၅–၄–၂၀၂၀ ဗုဒ္ဓဟူးနေ့ နေ့လယ် (၁:၃၀)




အချစ်ကလန်းတယ်
(မင်းမော်ကွန်း၊ ခန့်စည်သူ၊ မိုးအောင်ရင်၊
ထွန်းထွန်း၊ စိုးမြတ်သူဇာ၊ မယ်လိုဒီ၊
သက်မွန်မြင့်၊ စိုးပြည့်သဇင်)
ဒါရိုက်တာ – ညီညီထွန်းလွင်
၁၆–၄–၂၀၂၀
ကြာသပတေးနေ့ ည (၉:၃၀)



ဤလူ့ဘောင်တွင်
(ထွန်းဝေ၊ မောင်မောင်တာ၊ မြင့်မြင့်ခင်)
ဒါရိုက်တာ – ရွှေဒုံးဘီအောင်
၁၉–၄–၂၀၂၀
တနင်္ဂနွေနေ့ နေ့လယ် (၁:၃၀)



အကယ်ဒမီရှော့
(နေတိုး၊ ရဲအောင်၊ ထွန်းထွန်း၊ အိန္ဒြာကျော်ဇင်၊
ချောရတနာ၊ သင်ဇာဝင့်ကျော်)
ဒါရိုက်တာ – ညီညီထွန်းလွင်
၁၅–၄–၂၀၂၀ ဗုဒ္ဓဟူးနေ့ ည (၉:၃၀)



ဇော်ကကနေသည်
(နေတိုး၊ ညွန့်ဝင်း၊ နန္ဒာလှိုင်၊ ပုလဲဝင်း)
ဒါရိုက်တာ – မီးပွား
၁၈–၄–၂၀၂၀
စနေနေ့ နေ့လယ် (၁:၃၀)




မိစ္ဆာတေး
(လူမင်း၊ ဝတ်မှုံရွှေရည်)
ဒါရိုက်တာ – ဟိန်းစိုး
၁၉–၄–၂၀၂၀
တနင်္ဂနွေနေ့ ည (၉:၃၀)

# ဘုတလင်မြို့ မြို့မဈေး၌ သုံးပေအကွာမှ ရောင်းဝယ်ကြရန် နေရာသတ်မှတ်ပေး

**ဘုတလင် မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၌ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဘုတလင်မြို့ မြို့မဈေးတွင် ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများအား သုံးပေအကွာမှ ရောင်းဝယ်ကြရန် နေရာသတ်မှတ်ပေးထားကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ ဒေါ်ခိုင်ခိုင်စိုးထံမှ သိရသည်။

**နေ့စဉ် ကြီးကြပ်ဆောင်ရွက်**

ဘုတလင်မြို့ မြို့မဈေး၌ ဈေးရောင်းသူများနှင့် ဈေးဝယ်သူများအချင်းချင်း ရောင်းဝယ်ရာတွင် တစ်ဦးနှင့်တစ်ဦး ထိတွေ့မှုမရှိစေရန်အတွက် သုံးပေအကွာအဝေးရှိ အမှတ်အသားများ သတ်မှတ်ပေးထားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ ဒေါ်ခိုင်ခိုင်စိုးနှင့် ဝန်ထမ်းများက သတ်မှတ်နေရာများမှ စနစ်တကျ ရောင်းဝယ်ကြရန် နေ့စဉ် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

**သုံးပေအကွာမှဝယ်ယူ**

အလားတူ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များတွင် ဈေးဝယ်သူများအား တစ်ဦးနှင့်တစ်ဦး သုံးပေအကွာမှဝယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ထားရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဟန်ထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်မိုးလွင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် ဝန်ထမ်းများက ဈေးဆိုင်များသို့ သွားရောက်ပြီး ညွှန်ကြားစာများ ဖြန့်ဝေကာ အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**

# မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ည) နိုင်ငံတကာအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ကောင်စီသို့ ကမ်းလှမ်းလာပါက သင့်လျော်သည့် နိုင်ငံသားဘူမိသိပ္ပံပညာရှင်များအား နိုင်ငံခြားပညာတော်သင်အဖြစ် ရွေးချယ် စေလွှတ်ခြင်း၊ ပြည်တွင်း ပညာတော်သင်ဆုများ ရွေးချယ်ပေးအပ်ခြင်း၊

(ဋ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော နာယကအဖွဲ့ဝင်များ၊ ကောင်စီဝင်များ၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ရုံးအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ကောင်စီက တာဝန်ပေးအပ်သည့် ပြင်ပပုဂ္ဂိုလ်များအား ကောင်စီက အခါအားလျော်စွာ သတ်မှတ်သည့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အခြားခံစားခွင့်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခံစားခွင့်ပြုခြင်း၊

(ဌ) ကောင်စီသည် မိမိ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ဝန်ကြီးဌာနသို့ အခါအားလျော်စွာ အစီရင်ခံစာနှင့် အကြံပြုချက်များကို တင်ပြခြင်း၊

(ဍ) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း၊

(ဎ) နိုင်ငံတကာရှိ ဘူမိသိပ္ပံပညာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ညှိနှိုင်း၍ အဆင့်တူမှတ်ပုံတင် ဘူမိသိပ္ပံပညာရှင်များ အပြန်အလှန် အသိအမှတ်ပြုနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း။

၁၆။ ကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကောင်စီ၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်အတွက် သင့်လျော်သည့် ပြင်ပပုဂ္ဂိုလ်များကို လိုအပ်ချက်များနှင့်အညီ ခန့်အပ်တာဝန်ပေးခြင်း၊

(ခ) လုပ်ငန်းကော်မတီများ၏ စစ်ဆေးတွေ့ရှိချက်များအပေါ်အခြေခံပြီး စိစစ်သုံးသပ်၍ စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းအရ အရေးယူခြင်း၊

(ဂ) လုပ်ငန်းကော်မတီများအား လိုအပ်သော ကူညီပံ့ပိုးမှုများပေးခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ ကာလ ကန့်သတ်ချက်ဖြင့် ရုပ်သိမ်းခြင်း၊ စိစစ်၍ ပြန်လည်ထုတ်ပေးခြင်းနှင့် အပြီးအပိုင် ပယ်ဖျက်ခြင်း၊

(င) မှတ်ပုံတင်လက်မှတ်များကို အဆင့်တိုးမြှင့်ခြင်း၊ အဆင့်လျှော့ချခြင်း၊ သက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

(စ) မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေး၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ကြေး၊ ရက်လွန်ကြေး၊ ဒဏ်ကြေး၊ စာမေးပွဲကြေးနှင့် အထွေထွေဝန်ဆောင်စရိတ်များကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း၊

(ဆ) ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် ဘူမိသိပ္ပံပညာ ကိစ္စရပ်များအတွက် နိုင်ငံတကာ အစိုးရ သို့မဟုတ် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ကောင်စီ၏ ရုံးအဖွဲ့ဝန်ထမ်းများကို ကာလသတ်မှတ်ချက်ဖြင့် ခန့်အပ်တာဝန်ပေးခြင်း သို့မဟုတ် ထုတ်ပယ်ခြင်း၊

(ဈ) ကောင်စီ၏ ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ကို ကောင်စီ၏ ခွင့်ပြုချက်မရှိဘဲ အသုံးပြုသောကောင်စီဝင်ကို နာယကအဖွဲ့၏ သဘောတူညီချက်ဖြင့် ကောင်စီဝင်အဖြစ်မှ ရပ်စဲခြင်း။

၁၇။ ကောင်စီသည် ဤဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလုပ်အမှုဆောင်အဖွဲ့သို့ တာဝန် လွှဲအပ်ပေးနိုင်သည်။

၁၈။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် မှတ်ပုံတင်အရာရှိချုပ်ဦးဆောင်သော ရုံးအဖွဲ့ကို ခန့်အပ်ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။ လိုအပ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေတွင် မှတ်ပုံတင်အရာရှိဦးဆောင်သည့် ရုံးအဖွဲ့ခွဲများကို သင့်လျော်သလို ခန့်အပ်ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၉။ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် နာယကအဖွဲ့ဝင်များ၊ ကောင်စီဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရုံးအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ကောင်စီက တာဝန်ပေးအပ်သည့် ပြင်ပပုဂ္ဂိုလ်များသည် ကောင်စီက အခါအားလျော်စွာ သတ်မှတ်သည့်ချီးမြှင့်ငွေ၊ စရိတ်နှင့် အခြားခံစားခွင့်များကို ခံစားခွင့်ရှိသည်။

## အခန်း(၆)
## ကောင်စီဝင်အဖြစ်မှရပ်စဲခြင်း

၂၀။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ကောင်စီသည် နာယကအဖွဲ့၏ သဘောတူညီချက်ဖြင့် ကောင်စီဝင်တစ်ဦးဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲနိုင်သည်-

(က) မိမိသဘောဆန္ဒအလျောက် နုတ်ထွက်ခွင့်တောင်းခံခြင်း၊

(ခ) ကောင်စီ အစည်းအဝေး သို့မဟုတ် အလုပ်အမှုဆောင် အစည်းအဝေးများ တက်ရောက်ရန် ခွင့်ပန်ကြားခြင်းမရှိဘဲ တစ်ဆက်တည်း နှစ်ကြိမ်ပျက်ကွက်ခြင်း၊

(ဂ) ကောင်စီက ထုတ်ပေးထားသည့် မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးကို ကာလအကန့်အသတ်နှင့် ရုပ်သိမ်းခံရခြင်း သို့မဟုတ် အပြီးအပိုင်ပယ်ဖျက်ခံရခြင်း၊

(ဃ) ကောင်စီက ပြဋ္ဌာန်းထားသည့် ကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက် ကျူးလွန်ခြင်း၊

(င) အကျင့်စာရိတ္တဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်ခံရခြင်း၊

(စ) ကျန်းမာရေးကြောင့်သော်လည်းကောင်း၊ အခြားအကြောင်း တစ်ရပ်ရပ်ကြောင့်သော်လည်းကောင်း ကောင်စီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊

(ဆ) ကောင်စီကပေးအပ်သည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မှုမရှိခြင်း၊

(ဇ) ကွယ်လွန်ခြင်း။

## အခန်း(၇)
## အစည်းအဝေးများကျင်းပခြင်း

၂၁။ ကောင်စီအစည်းအဝေးများကို အောက်ပါအတိုင်းကျင်းပရမည်-

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို ခြောက်လလျှင်တစ်ကြိမ် ကျင်းပရမည်။ လိုအပ်ပါက နာယကအဖွဲ့၏ သဘောတူညီချက်ဖြင့် အထူးအစည်းအဝေးများ ခေါ်ယူကျင်းပနိုင်သည်။

(ခ) ကောင်စီအဖွဲ့ဝင်အားလုံး၏ အနည်းဆုံး လေးပုံတစ်ပုံသော ကောင်စီဝင်များက စာဖြင့် ရေးသားတောင်းဆိုလျှင် ကောင်စီသည် အထူးအစည်းအဝေး ခေါ်ယူကျင်းပရမည်။

(ဂ) အလုပ်အမှုဆောင်အဖွဲ့၏ ပုံမှန်အစည်းအဝေးကို နှစ်လလျှင် တစ်ကြိမ် ကျင်းပရမည်။ လိုအပ်ပါက အလုပ်အမှုဆောင်အဖွဲ့၏ အထူးအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။

၂၂။ အလုပ်အမှုဆောင်အဖွဲ့သည် မိမိ၏ဆောင်ရွက်ချက်များကို အနီးကပ်ဆုံး ကျင်းပပြုလုပ်သည့် ကောင်စီအစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

၂၃။ ကောင်စီသည် မိမိ၏ဆောင်ရွက်ချက်များကို ဝန်ကြီးဌာနသို့ ခြောက်လလျှင်တစ်ကြိမ် တင်ပြရမည်။ အထူးကိစ္စရပ်များရှိပါက အခါအားလျော်စွာ တင်ပြအစီရင်ခံရမည်။

## အခန်း(၈)
## မှတ်ပုံတင် အလုပ်သင်ဘူမိသိပ္ပံပညာရှင်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၂၄။ ပြည်တွင်း၊ ပြည်ပရှိ တက္ကသိုလ်ကောလိပ်တစ်ခုခုက အပ်နှင်းသည့် ဘူမိသိပ္ပံပညာဘွဲ့ရရှိထားသူ နိုင်ငံသားသည် မှတ်ပုံတင်အလုပ်သင်ဘူမိသိပ္ပံပညာရှင်လက်မှတ် ရယူလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၅။ ပုဒ်မ ၂၄ အရ လျှောက်ထားချက်ကို ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ-မရှိ စိစစ်ပြီး မှတ်ပုံတင်အလုပ်သင် ဘူမိသိပ္ပံပညာရှင် လက်မှတ်ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း (၉)
## မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်လက်မှတ် လျှောက်ထားခြင်းနှင့်ထုတ်ပေးခြင်း

၂၆။ ပြည်တွင်း၊ ပြည်ပရှိ တက္ကသိုလ်ကောလိပ်တစ်ခုခုက အပ်နှင်းသည့် ဘူမိသိပ္ပံပညာဘွဲ့ရရှိထားသူ နိုင်ငံသားသည် မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်လက်မှတ် ရယူလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၇။ ပုဒ်မ ၂၆ အရ လျှောက်ထားချက်ကို ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ-မရှိ စိစစ်ပြီး မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်လက်မှတ် ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း(၁၀)
## မှတ်ပုံတင်ကျွမ်းကျင်ဘူမိသိပ္ပံပညာရှင်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၂၈။ ပြည်တွင်း၊ ပြည်ပရှိ တက္ကသိုလ်ကောလိပ်တစ်ခုခုက အပ်နှင်းသည့် ဘူမိသိပ္ပံပညာဘွဲ့ရရှိထားသူ နိုင်ငံသားသည် မှတ်ပုံတင်ကျွမ်းကျင်ဘူမိသိပ္ပံပညာရှင်လက်မှတ်ရယူလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၉။ ပုဒ်မ ၂၈ အရ လျှောက်ထားချက်ကို ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် သတ်မှတ်ချက်များနှင့်ညီညွတ်ခြင်း ရှိ-မရှိ စိစစ်ပြီး မှတ်ပုံတင်ကျွမ်းကျင်ဘူမိသိပ္ပံပညာရှင်လက်မှတ် ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

## အခန်း(၁၁)
## နိုင်ငံခြားသားမှတ်ပုံတင် ဘူမိသိပ္ပံပညာရှင်လက်မှတ်နှင့် နိုင်ငံခြားသား မှတ်ပုံတင်ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင်လက်မှတ်များ လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၃၀။ မြန်မာနိုင်ငံတွင် တရားဝင်နေထိုင် အလုပ်လုပ်ကိုင်ခွင့်ရှိသော နိုင်ငံခြားသား ဘူမိသိပ္ပံပညာရှင်သည် နိုင်ငံတော်အတွင်း ပုဂ္ဂလိကကဏ္ဍဆိုင်ရာ ဘူမိသိပ္ပံလုပ်ငန်းတစ်ရပ်တွင် တာဝန်ခံပညာရှင်အဖြစ် လုပ်ကိုင်လိုပါက နိုင်ငံခြားသား မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်လက်မှတ်ကိုဖြစ်စေ၊ နိုင်ငံခြားသား မှတ်ပုံတင်ကျွမ်းကျင်ဘူမိသိပ္ပံပညာရှင်လက်မှတ်ကိုဖြစ်စေ ရယူရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၃၁။ ပုဒ်မ ၃၀ အရ လျှောက်ထားချက်ကို ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့က သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ-မရှိ စိစစ်ပြီး ညီညွတ်ပါက ကောင်စီသည် လျှောက်ထားသူ နိုင်ငံခြားသား၏ အရည်အချင်းနှင့် ကိုက်ညီသည့် နိုင်ငံခြားသားမှတ်ပုံတင် ဘူမိသိပ္ပံပညာရှင်လက်မှတ်ကိုဖြစ်စေ၊ နိုင်ငံခြားသားမှတ်ပုံတင် ကျွမ်းကျင်ဘူမိသိပ္ပံပညာရှင်လက်မှတ်ကိုဖြစ်စေ လျှောက်ထားသူ နိုင်ငံခြားသား ဘူမိသိပ္ပံပညာရှင်အား ထုတ်ပေးရမည်။

၃၂။ ကောင်စီသည် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသည့် လျှောက်ထားချက်အပေါ် နိုင်ငံခြားသား မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်လက်မှတ်ကိုဖြစ်စေ၊ နိုင်ငံခြားသား မှတ်ပုံတင်ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင် လက်မှတ်ကိုဖြစ်စေ ထုတ်ပေးရန်ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း(၁၂)
## မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်နှင့်ရပိုင်ခွင့်များ

၃၃။ မှတ်ပုံတင်လက်မှတ်ရရှိသူသည်-

(က) ဤဥပဒေအရ သတ်မှတ်သော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။

(ခ) ကောင်စီက ထုတ်ပြန်သည့် ကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာစောင့်ထိန်းရမည်။

(ဂ) မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေး၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ကြေးနှင့် ရက်လွန်ကြေး၊ ဒဏ်ကြေး၊ စာမေးပွဲကြေးနှင့် အထွေထွေဝန်ဆောင်ခများကို ပေးဆောင်ရမည်။

(ဃ) မိမိရရှိသည့် မှတ်ပုံတင်လက်မှတ်တွင် ခွင့်ပြုထားသည့် ဘူမိသိပ္ပံပညာရှင်ဆိုင်ရာ လုပ်ငန်းရပ်များကို တရားဝင်အခကြေးငွေရယူ၍ ဆောင်ရွက်ပိုင်ခွင့် ရှိသည်။

(င) မိမိရရှိသည့် မှတ်ပုံတင်လက်မှတ်တွင် မိမိအမည်နှင့် ယှဉ်တွဲ အသုံးပြုနိုင်သော အခေါ်အဝေါ်များကို သတ်မှတ်ချက်များနှင့်အညီ သုံးစွဲခွင့်ရှိသည်။

(စ) စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းအရ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ကျေနပ်မှုမရှိပါက ကောင်စီသို့ အယူခံဝင်ပိုင်ခွင့် ရှိသည်။

(ဆ) မိမိ၏ နစ်နာချက်များကို ကောင်စီသို့တင်ပြခွင့်၊ တိုင်ကြားခွင့်ရှိသည်။ ထို့ပြင် ကောင်စီသို့ အကြံဉာဏ်ပေးခွင့်နှင့် ကောင်စီထံမှ အကြံဉာဏ်ရယူခွင့်ရှိသည်။

၃၄။ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခြင်းကို သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ နှင့် သက်တမ်းကုန်ဆုံးပြီးနောက် ရက်ပေါင်း ၃၀ အတွင်း ဆောင်ရွက်နိုင်သည်။

## အခန်း(၁၃)
## စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းအရအရေးယူခြင်း

၃၅။ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမဆို ပုဒ်မ ၃၃၊ ပုဒ်မခွဲ (က)၊ (ခ)နှင့် (ဂ) တို့ပါ တာဝန်တစ်ရပ်ရပ်ကိုဖြစ်စေ၊ မှတ်ပုံတင်လက်မှတ်ပါ စည်းမျဉ်းစည်းကမ်းများကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက အလုပ်အမှုဆောင်အဖွဲ့သည် ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) သင့်လျော်သောဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ် အဆင့်လျှော့ချခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(င) မှတ်ပုံတင်လက်မှတ်ကို အပြီးအပိုင် ပယ်ဖျက်ခြင်း။

**(ဆက်လက်ဖော်ပြပါမည်)**




# ကမ္ဘာတစ်ဝန်းရှိ သတင်းမီဒီယာအဖွဲ့အစည်းများအား အမေရိကန်ဒေါ်လာ သန်း ၁၀၀ လှူဒါန်းသွားမည်ဟု ဖေ့စ်ဘွတ် ပြောကြား

**ဝါရှင်တန် မတ် ၃၁**

လူမှုမီဒီယာတစ်ခုဖြစ်သော ဖေ့စ်ဘွတ်က ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကြောင့် ထိခိုက်နစ်နာခဲ့သော ကမ္ဘာတစ်ဝန်းရှိ သတင်းမီဒီယာအဖွဲ့အစည်းများအား အမေရိကန်ဒေါ်လာ သန်း ၁၀၀ လှူဒါန်းသွားမည်ဟု ပြောကြားသည်။

"သတင်းမီဒီယာလုပ်ငန်းတွေအနေနဲ့ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဖြစ်ပွားနေတဲ့ကာလမှာ ပြည်သူတွေ သတင်းမှန် သိရဖို့ကို အထူးအခြေအနေတွေပေါ်မှာမူတည်ပြီး လုပ်ကိုင်ဆောင်ရွက်ခဲ့ရပါတယ်"ဟု Facebook ၏ သတင်းမိတ်ဖက်ဆိုင်ရာ ဒါရိုက်တာ ကမ့်ဘဲလ်ဘရောင်းက ပြောကြားသည်။

"ဒီလိုအခြေအနေမျိုးမှာ သတင်းစာအတတ်ပညာဟာ ယခင်ကထက် ပိုမိုလိုအပ်နေပြီး ကိုရိုနာဗိုင်းရပ်စ်ရဲ့ စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုတွေကြောင့် ဝင်ငွေတွေဟာလည်း ကျဆင်းနေပါတယ်၊ ပြည်သူတွေအနေနဲ့ ၎င်းတို့ရဲ့မိတ်ဆွေများ၊ မိသားစုတွေနဲ့ အသိုင်းအဝိုင်းတွေအတွက် အရေးကြီးတဲ့ သတင်းအချက်အလက်တွေကို ဒေသခံသတင်းထောက်တွေဆီကနေ ရယူချင်နေတဲ့အတွက် သတင်းထောက်တွေဟာ အခက်အခဲတွေနဲ့ အထူးသဖြင့် ကြုံတွေ့နေရပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုးကား -အေအက်ဖ်ပီ၊ ဘာသာပြန်-စိုးသူရ**

# အီတလီတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ဆရာဝန် ၁၁ ဦးအပါအဝင် ၈၁၂ ဦး ထပ်မံသေဆုံး

**ရောမ မတ် ၃၁**

အီတလီနိုင်ငံတွင် ပြီးခဲ့သော ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် လူနာ ၈၁၂ ဦး ထပ်မံသေဆုံးခဲ့ကြောင်း ပြည်သူ့အကာအကွယ်ပေးရေး အေဂျင်စီက ပြောကြားလိုက်သည်။

ကမ္ဘာပေါ်တွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးမှုများ၏ သုံးပုံတစ်ပုံကျော်ရှိသည့် အီတလီနိုင်ငံမှာ ကိုဗစ် -၁၉ ကူးစက်မှုအများဆုံးတိုင်းပြည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၁ ရက်တွင် မြောက်ပိုင်းဒေသများ၌ စတင်ဖြစ်ပွားခဲ့သည့် အဆိုပါကူးစက်ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၁၅၉၁ ဦးအထိ မြင့်တက်လာခဲ့ပြီဖြစ်သည်။ မတ် ၁၇ ရက်မှစပြီး ကူးစက်မှုအရေအတွက်မှာ ၄၀၅၀ ရှိရာ ကူးစက်ခံရသူ စုစုပေါင်း ၁၀၁၇၃၉ ဦးအထိ ရှိလာခဲ့သည်။ အီတလီပြည်သူများကို သုံးပတ်ကြာအသွား၊ အလာပြုလုပ်ခွင့် ပိတ်ပင်ထားသော်လည်း လာမည့် သောကြာနေ့တွင် ပြီးဆုံးတော့မည့် ကန့်သတ်ချက်များကို နောက်ထပ် နှစ်ပတ်ကြာ ဆက်လက်ထားရှိမည်ဟု တာဝန်ရှိသူများက ပြောသည်။

ကန့်သတ်ချက်များကို မေလအထိ ဆက်လက်ပြုလုပ်သင့်ကြောင်း အီတလီတောင်ပိုင်းရှိ ပူဂလီယာဒေသအုပ်ချုပ်ရေးမှူးက ပြောသည်။

ယမန်နေ့က ကိုဗစ်-၁၉ ကြောင့် သေဆုံးသူများတွင် ဆရာဝန် ၁၁ ဦး ပါဝင်ခဲ့ရာ လက်ရှိအချိန်ထိ သေဆုံးသူဆရာဝန် ၆၁ ဦးအထိ ရှိလာခဲ့ပြီဟု အီတလီ ဆရာဝန်များအသင်းက ကြေညာခဲ့သည်။ သေဆုံးသူ ဆရာဝန်များအားလုံးမှာ မသေဆုံးမီ ကိုဗစ်-၁၉ ရောဂါ ကူးစက်မခံခဲ့ရသော်လည်း ၎င်းတို့သေဆုံးမှုမှာ အဆိုပါကပ်ရောဂါနှင့်ဆက်စပ်မှုရှိခဲ့သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုများ၏ ၆၀ ရာခိုင်နှုန်းနီးပါးနှင့် ကူးစက်ခံရသူများ၏ ၄၀ ရာခိုင်နှုန်းသည် အီတလီနိုင်ငံ၏ ဘဏ္ဍာရေးမြို့တော် မီလန်မြို့ရှိရာ လွမ်ဘာဒီဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု သိသိသာသာ လျော့နည်းသွားမှသာ ကန့်သတ်ချက်များကို ဖြေလျှော့သင့်ကြောင်း၊ အကျပ်အတည်းကို မည်ကဲ့သို့ ဖြေရှင်းရမည်ဆိုသည်ကို အစိုးရအား အကြံပေးနေသည့် အမျိုးသားကျန်းမာရေးအဖွဲ့အစည်း အကြီးအကဲ ဆီလ်ဗီယိုဘရူဆာဖာရိုက ပြောသည်။

**အိန္ဒိယတုဒေး**

**ဘာသာပြန်-ကျော်ထိုက်စိုး**




# ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ စီးပွားရေးကျဆင်းမှုများကြောင့် ဂျာမန်ဝန်ကြီးတစ်ဦး အဆုံးစီရင်



**ဖရန့်ဖတ် မတ် ၃၁**

ဂျာမနီနိုင်ငံ ဟက်ဆီပြည်နယ်၏ ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ သောမတ်စ်ရှေဖာမှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့်ဖြစ်ပေါ်လာသည့် စီးပွားရေးကျဆင်းမှုများအပေါ် စိတ်ပူပင်မှုဖြစ်ပွားကာ မိမိကိုယ်ကို အဆုံးစီရင်သွားကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဗောလ်ဂါဘော့ဖီယာက မတ် ၂၉ ရက်တွင် ပြောကြားသည်။

မစ္စတာသောမတ်စ်ရှေဖာအား မီးရထားလမ်းအနီးတွင် သေဆုံးနေသည်ကို စနေနေ့က တွေ့ရှိခဲ့ရကြောင်း၊ ဝိုက်ဘေဒင် တရားရေးရုံးက ၎င်းသည် မိမိကိုယ်ကို အဆုံးစီရင်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားသည်။ မိမိတို့အနေဖြင့် ယခုသတင်းကြောင့် ထိတ်လန့်ခြင်း၊ မယုံကြည်ခြင်းနှင့် ဝမ်းနည်းခြင်းတို့ကို ခံစားရကြောင်း ဘော့ဖီယာက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ဟက်ဆီပြည်နယ်သည် ဘဏ္ဍာရေးဈေးကွက်ဖြစ်သော ဖရန့်ဖတ်၏ မိခင်ဒေသဖြစ်ပြီး Deutsche Bank Commerzbank တို့၏ ရုံးချုပ်များ အခြေစိုက်ရာဒေသလည်းဖြစ်သည်။ ဥရောပဗဟိုဘဏ်သည်လည်း ဖရန့်ဖတ်မြို့တွင် ရုံးစိုက်သည်။ ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ သောမတ်စ်ရှေဖာသည် ဟက်ဆီပြည်နယ်၏ ဘဏ္ဍာရေးဝန်ကြီးအဖြစ် ၁၀ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်ကြောင့်ဖြစ်ပေါ်လာမည့် ကုမ္ပဏီများနှင့် ၎င်းတို့၏ အလုပ်သမားများအား စီးပွားရေးရိုက်ခတ်မှုများအပေါ် သက်သာစေရန် နေ့ညမရွေး ဆောင်ရွက်ခဲ့ကြောင်း၊ ယခုလို အခက်အခဲနှင့်ကြုံတွေ့နေရသည့် အချိန်ကာလတွင် သူကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦးကို လိုအပ်ကြောင်း မစ္စတာဘော့ဖီယာက ပြောကြားသည်။

**ကိုးကား-သည်စထရိတ်တိုင်းမ်၊ ဘာသာပြန်-စိုးသူရ**

# ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ လူနာ ၈၀၀၀၀၀ ကျော်ရှိလာ

**ဝါရှင်တန် မတ် ၃၁**

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေ ၈၀၀၀၀၀ ကျော်လာပြီဖြစ်ကြောင်း ပုဂ္ဂလိကသုတေသနကျောင်း တစ်ကျောင်းဖြစ်သည့် အမေရိကန်ပြည်ထောင်စုအခြေစိုက် ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်မှ လေ့လာတွေ့ရှိထားသည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

အရှေ့တိုင်းစံတော်ချိန် ယနေ့နံနက် ၇ နာရီမှစ၍ ရရှိထားသည့် ကိန်းဂဏန်းများအရ ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူလူနာ ၈၀၀၀၄၉ ဦးထက်မနည်း ရှိလာပြီး ၎င်းတို့အနက် ၃၈၇၁၄ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။ သို့သော် ကမ္ဘာတစ်ဝန်းရှိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် လူနာ ၁၆၆၇၆၈ ဦးသည် ပြန်လည်ကျန်းမာသွားကြောင်း ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်မှ လေ့လာချက်အရ သိရသည်။

လောလောဆယ် အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူလူနာ ၁၆၄၆၁၀ ကျော်ရှိပြီး ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု အများဆုံးနိုင်ငံဖြစ်လာခဲ့သည်။ ထို့အတူ အီတလီနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် လူ ၁၁၅၉၁ ဦးသေဆုံးခဲ့ပြီး ယင်းရောဂါကြောင့် ကမ္ဘာပေါ်တွင် သေဆုံးမှုအများဆုံးနိုင်ငံဖြစ်လာခဲ့ကြောင်းသိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - ဂျေတီ**

# ကိုရိုနာဗိုင်းရပ်စ်ကြောင့် အားကစားပြိုင်ပွဲများ ပုံစံပြောင်းလဲကျင်းပ

**ပဲရစ် မတ် ၃၁**

ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကြောင့် ရိုးရာအားကစားပွဲများနှင့် လူထုစုဝေးမှုများအား နိုင်ငံပေါင်းများစွာတွင် ပိတ်ပင်ပြီးနောက် အားကစားပြိုင်ပွဲစီစဉ်သူများသည် ပွဲကြည့်ပရိသတ်များအနေဖြင့် ကိုယ်တိုင်လာရောက်ကြည့်ရှုနိုင်ခြင်းမရှိစေကာမူ ပွဲစဉ်များကို မလွတ်တမ်းကြည့်ရှုနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြင်းစီး၊ လက်ဝှေ့၊ စက်ဘီး၊ ဘောလုံးနှင့် မော်တော်ဆိုင်ကယ်အားကစားနည်းများမှ အုပ်ချုပ်သူအကြီးအကဲများသည် အားကစားပြိုင်ပွဲများအလိုက် ပွဲကြည့်ပရိသတ်ရရှိစေရန်၊ ပြိုင်ပွဲများကို ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်နိုင်ရန်နှင့် ဝင်ငွေရရှိစေရန် ဆောင်ရွက်လျက်ရှိသည်။

အားကစားပြိုင်ပွဲရုံများပိတ်ထားမှုနှင့် တိုကျိုအိုလံပစ်၊ ယူရို၂၀၂၀ စသော အားကစားပွဲများအား ရွှေ့ဆိုင်းထားမှုကြောင့် အားကစားပြိုင်ပွဲစီစဉ်သူများအနေဖြင့် ကြော်ငြာဝင်ငွေတိုးတက်ရရှိစေရန် youtube နှင့် Facebook တို့ကဲ့သို့သော လူမှုမီဒီယာများမှတစ်ဆင့် အားကစားပြိုင်ပွဲများအား တိုက်ရိုက်ထုတ်လွှင့်မှုများ ဆောင်ရွက်သကဲ့သို့ ရုပ်မြင်သံကြားမှ ထုတ်လွှင့်မှုများကိုလည်း ပြုလုပ်လျက်ရှိသည်။ ယခုအချိန်တွင် အားကစားပြိုင်ပွဲကြည့်ရှုသူများအနေဖြင့် ပြိုင်ပွဲသို့ လူကိုယ်တိုင်သွားရောက်ကြည့်ရှုခြင်းကို ရှောင်ရှားပြီး အားကစားပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုများကို ရုပ်သံအစီအစဉ်များမှတစ်ဆင့် ကြည့်ရှုခြင်းနှင့် အားကစားဆိုင်ရာ ဗီဒီယိုဂိမ်းများကို ကစားခြင်းတို့ကို ဆောင်ရွက်လာကြသည်။

အီတလီနိုင်ငံ၏ Moto GP Weekend မော်တော်ဆိုင်ကယ်ကိုပြိုင်ပွဲတွင် လာရောက်ကြည့်ရှုသူပေါင်း ၂၀၀၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားသော်လည်း The stay at Home GP အားကစားပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်ကို ပြောင်းလဲကျင်းပရသည့်အတွက်ကြောင့် ပွဲကြည့်ပရိသတ်အရေအတွက် အပြောင်းအလဲများဖြစ်လာနိုင်သည်။

**ကိုးကား-အေအက်ဖ်ပီ**

**ဘာသာပြန်-စိုးသူရ**



# ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၀၁၅ ဦးရှိ

**တိုကျို မတ် ၃၁**

ဂျပန်နိုင်ငံတွင် မတ် ၃၁ ရက် မွန်းလွဲပိုင်းက ကိုရိုနာဗိုင်းရပ်စ် ထပ်မံ ကူးစက်ဖြစ်ပွားသူ ၂၈ ဦးကျော်ရှိကြောင်းနှင့် နိုင်ငံတွင်း၌ ယင်းဗိုင်းရပ်စ်ပိုးကူးစက်ခံထားရသူ စုစုပေါင်းမှာ ၂၀၁၅ ဦးရှိပြီး ၎င်းတို့အထဲတွင် တရုတ်နိုင်ငံ ဟူပေပြည်နယ်မှ စင်းလုံးငှားလေယာဉ်ဖြင့် နိုင်ငံရင်းသို့ ပြန်လာသူ ၁၄ ဦးလည်း ပါဝင်ကြောင်း သိရသည်။

ဒိုင်းမွန်းပရင့်စ်အမည်ရှိ ခရီးသည်တင် အပျော်စီးသင်္ဘောပေါ်မှ လိုက်ပါလာသည့် ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ၇၁၂ ဦးနှင့် ပါဆိုလျှင် ရောဂါပိုးကူးစက်ခံရသူဦးရေ စုစုပေါင်းမှာ ၂၇၂၇ ဦးရှိပြီဖြစ်သည်။ ယင်းကိန်းဂဏန်းများကို ဂျပန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက ပေးအပ်ခြင်းဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူများထဲတွင် ၆၁ ဦးမှာ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများနှင့် နေရာသီးခြားခွဲချထားရေးဆိုင်ရာ တာဝန်ရှိသူများဖြစ်ပြီး ၎င်းတို့မှာ လေဆိပ်များနှင့် ဆိုက်ရောက်ခရီးသည်များအား ရောဂါပိုးစစ်ဆေးမှုများပြုလုပ်နေစဉ်အတွင်း ၎င်းတို့၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားနေမှုကို တွေ့ရှိရခြင်းဖြစ်သည်။



ခရိုင်များအလိုက် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားနေသူများမှာ တိုကျိုခရိုင်တွင် ၄၄၃ ဦး၊ အိုဆာကာခရိုင်၌ ၂၁၆ ဦး၊ ဟော့ကိုင်းဒိုးတွင် ၁၇၆ ဦး၊ အီချီခရိုင်တွင် ၁၇၀၊ ချီဘာခရိုင်တွင် ၁၆၅ ဦးနှင့် ဟိုင်ရိုခရိုင်တွင် ၁၃၇ ဦးတို့ဖြစ်ကြသည်။

ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူဦးရေ ၇၀ ရှိပြီး ၎င်းတို့အနက် ၁၁ ဦးမှာ ခရီးသည်တင်ရေယာဉ်မှ ရောဂါပိုး ကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဒိုင်းမွန်းပရင့်စ် ခရီးသည်တင်သင်္ဘောမှ ရောဂါပိုးကူးစက်ခံရသူ ၁၁ ဦး အပါအဝင် အခြားလူနာ ၇၀ ဦးမှာ စိုးရိမ်ရသည့်အခြေအနေရှိကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက မတ် ၃၀ ရက်တွင် ပြောကြားသည်။

ဂျပန်နိုင်ငံတွင်း၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားသူ ၄၂၄ ဦးနှင့် ဒိုင်းမွန်းပရင့်စ် ခရီးသည်တင်သင်္ဘောမှဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၀၃ ဦး စုစုပေါင်း ၁၀၂၇ ဦးသည် ပြန်လည်ကျန်းမာလာခြင်းကြောင့် မတ် ၃၀ ရက်တွင် ဆေးရုံများမှ ဆင်းသွားကြပြီဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ဇော်ဝင်း**



# တောင်ကိုရီးယားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေမှုကြောင့် အွန်လိုင်းမှ စာသင်ကြားမည်

**ဆိုးလ် မတ် ၃၁**

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေခြင်းအပေါ် စိုးရိမ်မှုများရှိနေသဖြင့် တောင်ကိုရီးယားနိုင်ငံက တိုင်းပြည်၏ ယခုစာသင်နှစ်တွင်အွန်လိုင်းဖြင့် သင်ကြားပို့ချမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

တောင်ကိုရီးယားဝန်ကြီးချုပ် ချန်ဆွေကျွမ်းက အစိုးရအဖွဲ့အစည်းအဝေးတွင် ကိုရိုနာဗိုင်းရပ်စ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ဆွေးနွေးရန် တိုက်တွန်းခဲ့ပြီး ယခုစာသင်နှစ်အစဖြစ်သော ဧပြီ ၉ ရက်မှစတင်ပြီး အွန်လိုင်းသင်ခန်းစာများကို စတင်သင်ကြားရန်နှင့် တစ်နှစ်တာစာသင်ရက်များနှင့် ကောလိပ်ဝင်ခွင့်စာမေးပွဲများ၏ အချိန်ဇယားများအရ အချိန်မနှောင့်နှေးသင့်ကြောင်း ပြောကြားသည်။ ချန်က ပြောကြားရာတွင် စာသင်ကျောင်းများတွင်လည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအသစ်များ တွေ့ရှိနေရသဖြင့် ကျောင်းသားများအတွက် လုံခြုံမှုမရှိကြောင်း၊ ကျောင်းများမှတစ်ဆင့် နေအိမ်များနှင့် ဒေသခံအသိုင်းအဝိုင်းများကိုပါ ကူးစက်မည်ကို စိုးရိမ်ရကြောင်း ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုပေါင်း ၉၇၈၆ ခုရှိသည်။ တောင်ကိုရီးယားနိုင်ငံတွင် ယခုကဲ့သို့ အွန်လိုင်းမှ စာသင်ကြားရန်ဆောင်ရွက်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။ ကောလိပ်ဝင်ခွင့်စာမေးပွဲများအား ဒီဇင်ဘာ ၃ ရက်သို့ ရွှေ့ဆိုင်းထားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၂၈ ရှိလာခဲ့ပြီးနောက် အရေးပေါ်ကျန်းမာရေး အခြေအနေတစ်ရပ် အင်ဒိုနီးရှားသမ္မတ ကြေညာ

**ဂျကာတာ မတ် ၃၁**

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရေးအတွက် ပြည်သူ့အရေးပေါ်ကျန်းမာရေး အခြေအနေတစ်ရပ်ကို ယနေ့ကြေညာလိုက်သည်။

"အင်ဒိုနီးရှားအစိုးရဟာ နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှု တားဆီးကာကွယ်တဲ့အနေနဲ့ အရေးပေါ်ကျန်းမာရေး အခြေအနေတစ်ရပ်ကို ကြေညာလိုက်ပါတယ်" ဟု ဝီဒိုဒိုက ဗီဒီယိုကွန်ဖရင့်တစ်ရပ်တွင် မီဒီယာများသို့ ပြောကြားခဲ့သည်။



အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို

နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှု အရှိန်မြင့်မားလာမှုကို တားဆီးကာကွယ်ရန် ကြိုးပမ်းအားထုတ်သည့်အနေဖြင့် ပြုလုပ်သော ဝန်ကြီးအဖွဲ့အစည်းအဝေးတစ်ရပ် ပြီးဆုံးခဲ့ပြီးနောက် တင်းကျပ်သော အသွားအလာ ကန့်သတ်ချက် မူဝါဒတစ်ရပ်ကို အကောင်အထည်ဖော်ရန် အစိုးရက ဆုံးဖြတ်လိုက်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ဝီဒိုဒိုသည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရေးဆိုင်ရာ အဆိုပါ မူဝါဒကို လိုက်နာကြရန်နှင့် ကိုယ်ပိုင်မူဝါဒများ ဖန်တီးခြင်းမပြုကြရန် ဒေသဆိုင်ရာအစိုးရများကိုလည်း တိုက်တွန်းထားကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံ၏ ၂၀၁၈ ကျန်းမာရေးဆိုင်ရာ အသွားအလာထိန်းချုပ်ကန့်သတ်မှု ဥပဒေသည် ဤမူဝါဒ၏ ဥပဒေဆိုင်ရာ အခြေခံဖြစ်ကြောင်း ဝီဒိုဒိုက ထပ်လောင်းပြောကြားသည်။

နောက်ဆုံးရရှိသော ကိန်းဂဏန်းများအရ အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ လူနာပေါင်း ၁၅၂၈ ဦးရှိပြီး ၎င်းတို့အနက် လူနာ ၁၃၆ ဦးသည် အဆိုပါ ရောဂါကြောင့် သေဆုံးခဲ့ကြောင်း ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်သည့် ကိစ္စရပ်အားလုံးအတွက် အင်ဒိုနီးရှားအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ အာခ်မက်ယူရီယံတိုကယနေ့ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**

# ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ သတင်းမှားများကို တိုက်ဖျက်နေသည့် ဗြိတိန်

**လန်ဒန် မတ် ၃၁**

ဗြိတိန်အစိုးရသည် နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါနှင့်ပတ်သက်သည့် သတင်းမှားဖြန့်ချိမှုများအား အရေးယူဆောင်ရွက်နေသည်။ အစိုးရအဖွဲ့ရုံးမှ တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့သည် လူမှုမီဒီယာများနှင့် ပူးပေါင်းပြီး လူမှုမီဒီယာများပေါ်မှသတင်းမှားများနှင့် ကြည့်ရှုသူများအား အနှောင့်အယှက်ဖြစ်စေသည့် အကြောင်းအရာများကို စိစစ်ဖြတ်တောက်နေသည်။

ယဉ်ကျေးမှုဝန်ကြီး အိုလီဗီယာ ဒိုဒင်က ယခုဆောင်ရွက်ချက်တွင် သတင်းမှားများနှင့်ကောလာဟလများ၏ ရေသောက်မြစ်ကို ဖော်ထုတ်ရန် လိုအပ်သည်ဟု ပြောကြားခဲ့သည်။ သတင်းမှား တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့သည် တစ်နေ့လျှင် ဖြစ်ရပ် ၁၀ ခုမျှ ကိုင်တွယ်ဆောင်ရွက်နေရသည်။ လူမှုမီဒီယာများပေါ်တွင် ဆေးပညာဆိုင်ရာသတင်းအချက်အလက် အမှားအယွင်းများအား ဖြန့်ချိနေမှုများကို ကိုင်တွယ်ဆောင်ရွက်နေရသည်။ ဥပမာတစ်ရပ်အနေဖြင့် ပြီးခဲ့သော အင်္ဂါနေ့တွင် ဗြိတိန်အစိုးရက ပြည်သူလူထုအား နေအိမ်ထဲတွင်သာနေကြရန် မက်ဆေ့ပို့ပြီး ပန်ကြားခဲ့ပြီးနောက် နာရီအနည်းငယ်အကြာတွင် ဆင်တူယိုးမှားမက်ဆေ့များ ဆိုရှယ်မီဒီယာများပေါ်တွင်ပျံ့နှံ့လာခဲ့သည်။ သတင်းမှားတစ်ခုက ရေးသားထားရာတွင် စည်းကမ်းချိုးဖောက်သူများအား ဒဏ်ကြေးငွေပေးရမည်ဟု ပြောကြားခဲ့သည်။

ဒိုဒင်ကပြောကြားရာတွင် ပြည်သူလူထုအနေဖြင့် ဆေးပညာရှင်များ၏ အကြံပြုချက်များကို လိုက်နာပြီး အိမ်ထဲတွင်သာ နေထိုင်ကြရန်နှင့် မိမိတို့အနေဖြင့် အမျိုးသားကျန်းမာရေးလုပ်ငန်းကို ကာကွယ်ပြီး လူ့အသက်များကို ကယ်တင်ရန်လိုအပ်သည်ဟု ပြောကြားခဲ့သည်။ အစိုးရက ပြည်သူလူထုအား လှုပ်ရှားမှုတစ်ရပ်ဆောင်ရွက်ပြီး လူမှုမီဒီယာများပေါ်တွင် ပြည်သူများ၏ မျှဝေမည့် အကြောင်းအရာများကို မမျှဝေမီသေချာစွာ စဉ်းစားသုံးသပ်ရန်အကြံပြုခဲ့သည်။ ကွန်ဆာဗေးတစ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဒေမီယန်ကောလင်းက ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်ပြီး သတင်းမှားများဖြန့်ချိခြင်းအားဖြင့် မသိနားမလည်သောပြည်သူများအတွက်အန္တရာယ်များပြီး သတင်းမှားများပျံ့နှံ့မှုမှာ လျင်မြန်နိုင်ကြောင်း ပြောကြားခဲ့သည်။ မစ္စတာကောလင်းသည် အွန်လိုင်းပေါ်တွင် ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်ပြီး ပြည်သူများမှပေးပို့လာသော အကြောင်းအရာများကို လက်ခံဆောင်ရွက်သော လုပ်ငန်းတစ်ခုကို ဆောင်ရွက်နေသည်။

လူမှုမီဒီယာဆိုင်ရာကုမ္ပဏီများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်သည့် သတင်းအမှားများမပြန့်ပွားစေရန် ဆောင်ရွက်နေသည်။ ပြီးခဲ့သောသီတင်းပတ်အတွင်းက ဖေ့စ်ဘုတ်၊ ဂူလ်ဂဲ၊ မိုက်ကရိုဆော့လ်တို့က ကိုရိုနာဗိုင်းရပ်စ်ကြောင့် ခွဲခြားနေထိုင်သူများကို ကူညီမည့် အစီအစဉ်တစ်ရပ်ကို အစိုးရများနှင့်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ကိုးကား-ဘီဘီစီ၊ ဘာသာပြန်-စိုးသူရ**

# ပင်တဂွန်က အသက်ရှူစက်များဝယ်ယူရန် ဒေါ်လာ ၈၄ သန်းကျော် သုံးစွဲမည်

**ဝါရှင်တန် မတ် ၃၁**

အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကို ကူညီတိုက်ဖျက်မည့် အသက်ရှူစက် ၈၀၀၀ ဝယ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်ရှူစက်များဝယ်ယူရေးအတွက် ဒေါ်လာ ၈၄ သန်းကျော် သုံးစွဲမည်ဟု အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက မတ် ၃၀ ရက်တွင် ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။ အရန်ထားရှိသည့် အသက်ရှူစက် ၂၀၀၀ ရရှိမည်ဟု အစောပိုင်းက ကြေညာပြီးနောက် ယခုကဲ့သို့ ဝယ်ယူမည့်အစီအစဉ် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် အဆိုးရွားဆုံးဖြစ်ပွားနေသည့် နယူးယောက်နှင့် အရေးပေါ်ဖျားနာသည့်လူနာများကုသရန် အခက်အခဲရှိနေသည့် အခြားပြည်နယ်အချို့တွင် အသက်ရှူစက်များ များစွာ လိုအပ်လျက်ရှိသည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက နယူးယောက်နှင့် လော့အိန်ဂျလိစ်မြို့များသို့ ဆေးရုံသင်္ဘောများ စေလွှတ်ခဲ့သည်။ ထို့အပြင် ပင်တဂွန်က တိုင်းပြည်တစ်ဝန်းရှိ အစည်းအဝေးခန်းမများ၊ အခြားအဆောက်အအုံများကို ယာယီဆေးရုံများအဖြစ် ပြောင်းလဲလျက်ရှိသည်။ သမ္မတက နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်နေသော ပစ္စည်းများထုတ်လုပ်ရန် ပုဂ္ဂလိကလုပ်ငန်းများကို ခိုင်းစေခွင့်ရှိသည့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုအက်ဥပဒေကို မတ်လ ၂၇ ရက်တွင် သမ္မတ ဒေါ်နယ်ထရမ့်က အသုံးပြုခဲ့သည်။

အဆိုပါအက်ဥပဒေကို အခြေခံ၍ သမ္မတ ဒေါ်နယ်ထရမ့်က ကိုရိုနာဗိုင်းရပ်စ် လူနာများအတွက် အသက်ရှူစက်များ မြန်ဆန်စွာထုတ်လုပ်ရန် အမေရိကန်ကားကုမ္ပဏီကြီး General Motors သို့ ညွှန်ကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ကမ္ဘာတစ်လွှားက ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ လက်ရှိအခြေအနေ

**အောင်ကျော်ကျော်**

ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကြောင့် သေဆုံးမှုနှုန်း မြင့်တက်လာတဲ့အတွက် ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်ဖို့ နိုင်ငံအများစုက ခရီးသွားလာကန့်သတ်မှုတွေကို တင်းကျပ်စွာ လုပ်ဆောင်လျက်ရှိပါတယ်။ ကမ္ဘာ့နိုင်ငံတွေအနေနဲ့ ဒီကပ်ဆိုးကြီးရဲ့ဒဏ်ကို ဘယ်လိုရင်ဆိုင်၊ ခုခံတုံ့ပြန်နေရသလဲဆိုတာနဲ့ပတ်သက်ပြီး ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ လက်ရှိဖြစ်ပွားမှုအခြေအနေတွေကို လေ့လာကြည့်ပါစို့။

လက်ရှိအချိန်မှာ ကမ္ဘာ့နိုင်ငံပေါင်း များစွာမှာ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုတွေ ဆက်လက်ဖြစ်ပွားနေပါတယ်။ မတ် ၃၁ ရက် ဆေးမှတ်တမ်းအရ ကမ္ဘာတစ်ဝန်းမှာ ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ရှစ်သိန်းခန့်ရှိပြီး သေဆုံးသူ လေးသောင်းခန့်သို့ ရောက်ရှိလို့နေပါတယ်။

**ဗိုင်းရပ်စ်ကူးစက်မှု အမြင့်မားဆုံး သုံးနိုင်ငံ**

ဗိုင်းရပ်စ်ကူးစက်ခံရမှုနှုန်း အမြင့်မားဆုံး သုံးနိုင်ငံကတော့ အမေရိကန်၊ အီတလီနဲ့ စပိန်နိုင်ငံတို့ပဲဖြစ်ပါတယ်။ လက်ရှိအချိန်မှာ အမေရိကန်မှာ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၆၅၀၀၀ ရှိပြီး အီတလီနိုင်ငံမှာ ၁၀၂၀၀၀ ရှိပါတယ်။ စပိန်နိုင်ငံမှာတော့ ၈၈၀၀၀ ခန့်ရှိပါတယ်။ သေဆုံးမှုအများဆုံးနိုင်ငံတွေကို ကြည့်မယ်ဆိုရင် အီတလီက ၁၁၅၉၁ ဦးသေဆုံးပြီး စပိန်က ၇၇၁၆ ဦးနဲ့ တရုတ်နိုင်ငံက ၃၃၀၉ ဦးရှိတာကို တွေ့မြင်ရပါတယ်။

**အမေရိကန်နိုင်ငံရဲ့ ဗိုင်းရပ်စ်ကူးစက်မှု အခြေအနေ**

အမေရိကန်နိုင်ငံမှာ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၆၅၀၀၀ မြင့်တက်လျက်ရှိပြီး သေဆုံးသူ ၃၀၀၀ ကျော်ရှိပါတယ်။ ဒီကူးစက်မှုနှုန်းဟာ တရုတ်နိုင်ငံရဲ့ ဗိုင်းရပ်စ်ကူးစက်မှုအရေအတွက်ထက် နှစ်ဆကျော် ရောက်ရှိလာတာကို တွေ့ရပါတယ်။ တရုတ်နိုင်ငံမှာ ဗိုင်းရပ်စ်ကူးစက်မှုအရေအတွက် ၈၂၄၀ ရှိပြီး သေဆုံးသူ ၃၃၀၉ ဦးရှိပါတယ်။

မတ် ၃၀ ရက်မှာ အမေရိကန်ရေတပ်စစ်သင်္ဘော Comfort ဟာ ပြည်သူတွေကို ဆေးဝါးကုသမှုတွေပေးဖို့ မန်ဟက်တန်မြို့ကို ရောက်ရှိခဲ့ပါတယ်။ ဆေးရုံတွေမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်လူနာတွေ ပြည့်နေတဲ့အတွက် ဗိုင်းရပ်စ်ကူးစက်ခံလူနာမဟုတ်တဲ့ အခြားရောဂါသည်တွေကို အဆိုပါ ခုတင် ၁၀၀၀ ဆံ့တဲ့ ရေတပ်သင်္ဘောက ဆေးကုသမှုတွေပေးမှာ ဖြစ်ပါတယ်။

ဒါ့အပြင် နယူးယောက်မြို့တော်မှာ ဖွင့်လှစ်ထားတဲ့ လဟာပြင်ဆေးရုံက ဗိုင်းရပ်စ်ကူးစက်ခံလူနာတွေကို ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးလျက်ရှိပါတယ်။ နိုင်ငံတစ်ဝန်းမှာရှိတဲ့ မြို့ငယ်လေးတွေမှာလည်း ဗိုင်းရပ်စ်ကူးစက်မှုနှုန်းတွေ ဆက်လက်မြင့်တက်လာနိုင်တယ်လို့ အမေရိကန်ဗိုင်းရပ်စ်ကာကွယ်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေက သတိပေးထားပါတယ်။

အမေရိကန်နိုင်ငံမှာ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ တစ်သိန်းကနေ နှစ်သိန်းအကြား ရှိနိုင်တယ်လို့ သမ္မတဒေါ်နယ်ထရမ့်ရဲ့ ကျန်းမာရေးဆိုင်ရာအကြံပေးဖြစ်သူ အန်တိုနီဖာစီက ခန့်မှန်းပြောကြားခဲ့ပါတယ်။ သမ္မတထရမ့်က ဧပြီ ၃၀ ရက်အထိ ပြည်သူတွေကို တစ်ဦးနဲ့တစ်ဦး ခြောက်ပေခြား ခပ်ခွာခွာနေပေးဖို့ တိုက်တွန်းပြောကြားထားပါတယ်။




**ဝူဟန်မြို့မှာ လူနာသစ် ထပ်မတွေ့**

တရုတ်နိုင်ငံ ဝူဟန်မြို့မှာ ဇန်နဝါရီ ၂၃ ရက်ကစပြီး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အသစ်ထပ်မံမတွေ့ရှိဘူးလို့ တရုတ်ကျန်းမာရေးကော်မရှင်က ပြောကြားခဲ့ပါတယ်။ ဒါကြောင့် မြို့အတွင်းမှာရှိတဲ့ ဈေးဝယ်နေရာတွေမှာ လူစည်ကားလျက်ရှိပါတယ်။ လက်ရှိအချိန်အထိ နိုင်ငံတစ်ဝန်းမှာ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၁၆၁ ဦးသာ ကျန်ရှိတော့ပါတယ်။ ယခင်စစ်ဆေးတွေ့ရှိခဲ့တဲ့ လူနာ ၇၆၀၅၂ ဦးဟာ ကျန်းမာရေးအခြေအနေပြန်လည် ကောင်းမွန်လာတယ်လို့ ကျန်းမာရေးကော်မရှင်က ဆက်လက်ပြောကြားခဲ့ပါတယ်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်နေတဲ့ စီးပွားရေးအခြေအနေ**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ အနည်းငယ်ထိခိုက်နိုင်ပြီး အလုပ်လက်မဲ့အရေအတွက် ပိုများတဲ့အတွက် ဆင်းရဲမှုနှုန်းကိုလည်း မြင့်တက်စေမှာဖြစ်တယ်လို့ အရှေ့အာရှပစိဖိတ်ဒေသ စီးပွားရေးပညာရှင် အာဒီယာ မတ်တူးက ဆိုပါတယ်။ ဗိုင်းရပ်စ်ကူးစက်မှုဂယက်ကြောင့် ဒေသတွင်း စီးပွားရေးတိုးတက်မှုအခြေအနေ ကျဆင်းသွားဖွယ်ရှိတယ်လို့ မတ်တူးက ခန့်မှန်းထားပါတယ်။ ၂၀၁၉ ခုနှစ်မှာ တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ ၆ ဒသမ ၁ ရာခိုင်နှုန်းကနေ ၂ ဒသမ ၃ ရာခိုင်နှုန်းအထိ လျော့ကျသွားတယ်လို့ သိရပါတယ်။

**ဂျပန်မှာ ခရီးသွားလာမှု ပိတ်ပင်မည်မဟုတ်**

ဂျပန်နိုင်ငံအတွင်းမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုနှုန်းဟာ တစ်နေ့တခြားမြင့်တက်လာတဲ့အတွက် တိုကျိုအုပ်ချုပ်ရေးမှူးက ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကို အရေးပေါ်အခြေအနေကြေညာပေးဖို့ တိုက်တွန်းပြောကြားခဲ့ပါတယ်။ ဒါပေမယ့် နိုင်ငံအတွင်း ခရီးသွားလာမှုတွေကို ကန့်သတ်ပေးဖို့ တောင်းဆိုမှုတွေကို အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပယ်ချခဲ့ပါတယ်။ တိုကျို၊ အိုဆာကာတို့လို မြို့ကြီးတွေမှာ ခရီးသွားလာကန့်သတ်မှုတွေလုပ်မယ်ဆို ကမ္ဘာ့တတိယ စီးပွားရေးအဖွံ့ဖြိုးဆုံးနိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံအပေါ် ထိခိုက်မှု ဆိုးကျိုးတွေရှိလာနိုင်တယ်လို့ ဂျပန်စီးပွားရေးဝန်ကြီးက သတိပေးပြောကြားခဲ့ပါတယ်။ ဂျပန်နိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၀၀၀ နီးပါးရှိလာခဲ့ပြီး သေဆုံးသူ ၅၆ ဦးရှိခဲ့တယ်လို့ သိရပါတယ်။

**ဗိုင်းရပ်စ်ကူးစက်မှု လျော့ကျလာ**

သြစတြေးလျနိုင်ငံမှာ ဗိုင်းရပ်စ်ကူးစက်မှုနှုန်း လျော့ကျလာတာကို တွေ့ရပါတယ်။ တစ်ပတ်အကြာက ဗိုင်းရပ်စ်ကူးစက်မှုနှုန်း ၂၅-၃၀ ရာခိုင်နှုန်းရှိခဲ့ရာကနေ ပြီးခဲ့တဲ့ သုံးရက်အတွင်းမှာ ကိုးရာခိုင်နှုန်းသာရှိတော့တာကို တွေ့ရှိရပါတယ်။

နိုင်ငံအတွင်းမှာ ဗိုင်းရပ်စ်ကူးစက်မှုကို ထိန်းချုပ်တဲ့အနေနဲ့ နိုင်ငံရပ်ခြားကနေ ပြန်လာတဲ့ သြစတြေးလျပြည်သူတွေဟာ သတ်မှတ်ထားတဲ့ ဟိုတယ်တွေမှာ ၁၄ ရက် သီးခြားစောင့်ကြည့်ခံရမှာ ဖြစ်ပါတယ်။

သြစတြေးလျအစိုးရက နိုင်ငံအတွင်းမှာရှိတဲ့ လုပ်သားပြည်သူတွေကို လာမယ့် ခြောက်လအထိ လုပ်အားခပေးဖို့အတွက် ကန်ဒေါ်လာ ၈၀ ဘီလီယံကို သုံးစွဲသွားမယ်လို့ ကြေညာထားပါတယ်။

**လူလတ်ပိုင်းတွေ ကူးစက်မှုနှုန်းမြင့်မား**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ဖြစ်ပွားနိုင်ဆုံးသော အသက်အရွယ်ဟာ လူလတ်ပိုင်းအရွယ်တွေဖြစ်တယ်လို့ ဆေးပညာရှင်တွေက ဆိုပါတယ်။ ဗိုင်းရပ်စ်ကူးစက်ခံရသူတွေအနက် သေဆုံးမှုနှုန်းဟာ ၁ ဒသမ ၃၈ ရာခိုင်နှုန်းရှိပြီး အသက် ၁၀ နှစ်အောက်အရွယ် သေဆုံးမှုနှုန်းဟာ သုည ဒသမ ၀၀၁၆ ရာခိုင်နှုန်းရှိပါတယ်။ အသက် ၈၀ နဲ့အထက်ကတော့ သေဆုံးမှုနှုန်း ၇ ဒသမ ၈ ရာခိုင်နှုန်းရှိတယ်လို့ သိရပါတယ်။

**မော်စကိုမှာ ခရီးသွားလာမှုတွေ ကန့်သတ်**

မတ် ၃၀ ရက်ကစပြီး မော်စကိုမြို့အပါအဝင်ဒေသအများစုမှာ ခရီးသွားလာမှုတွေကို ရက်အကန့်အသတ်မရှိ ပိတ်ပင်လိုက်ပြီဖြစ်ပါတယ်။ ရုရှားနိုင်ငံမှာ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၈၃၆ ဦးရှိပြီး ကိုးဦးသေဆုံးခဲ့ပါတယ်။ နိုင်ဂျီးရီးယားနိုင်ငံမှာ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၉၇ ဦး စစ်ဆေးတွေ့ရှိရပါတယ်။ ဒါကြောင့် မြို့တော် အဘူဂျာနဲ့ လာဂို့စ်မြို့တွေမှာ ခရီးသွားလာမှုတွေကို မတ် ၃၀ ရက်ကစပြီး အနည်းဆုံး ၁၄ ရက်ကြာ ပိတ်ပင်လိုက်တယ်လို့ သိရပါတယ်။

ကမ္ဘာ့နိုင်ငံနဲ့ဒေသပေါင်း ၈၀ နီးပါးမှာ ဗိုင်းရပ်စ်ကူးစက်မှုတွေကို ကာကွယ်ဖို့ ခရီးသွားလာမှုတွေကို ကန့်သတ်ထားပါတယ်။ ဒါကြောင့် ၃ ဒသမ ၄ ဘီလီယံကျော် (ကမ္ဘာ့လူဦးရေ ၄၃ ရာခိုင်နှုန်းဝန်းကျင်) ပြည်သူတွေဟာ နေအိမ်အတွင်းမှာပဲနေထိုင်ပြီး ကပ်ဆိုးကြီးရဲ့ လွန်မြောက်မယ့်အချိန်ကို စောင့်မျှော်နေကြပါတယ်။

**နှာခေါင်းစည်းတွေ မှာယူထား**

ပြင်သစ်နိုင်ငံက နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှု ကာကွယ်ဖို့ နှာခေါင်းစည်းတွေကို တရုတ်နိုင်ငံကနေ ဆက်လက်မှာယူလျက်ရှိပါတယ်။ တရုတ်နိုင်ငံကနေ တင်ပို့လိုက်တဲ့ နှာခေါင်းစည်းတွေကို ပြင်သစ်အစိုးရက မတ် ၂၉ ရက်မှာ လက်ခံရရှိခဲ့ပါတယ်။ ဒါ့အပြင် လာမည့်နှစ်ပတ်အတွင်း နှာခေါင်းစည်း တစ်ဘီလီယံခန့်ကို လက်ခံရရှိဖို့ ပြင်သစ်အစိုးရက ဆက်လက်မှာယူထားပါတယ်။

**ဗိုင်းရပ်စ်တိုက်ဖျက်ရာမှာ အသုံးဝင်တဲ့ ငှက်ဖျားပျောက်ဆေး**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို တိုက်ဖျက်ရာမှာ ငှက်ဖျားပျောက်ဆေးဖြစ်တဲ့ ကိုလိုရိုကွိုင်းဟာ ထိရောက်မှုရှိတယ်လို့ အမေရိကန်အစားအစာနဲ့ ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဌာနက ဆိုပါတယ်။ ဒါပေမယ့် ပြည်သူတွေကြားမှာ အဆိုပါဆေးဝါး ပြတ်လပ်နေတယ်လို့ သိရပါတယ်။

**လောင်စာဆီတွေ ဈေးကျလာ**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုဖြစ်ပွားနေချိန်မှာ အာရှကုန်သွယ်ရေးဈေးကွက်မှာ လောင်စာဆီဈေးတွေ အဆမတန် ကျဆင်းလာတာကို တွေ့ရပါတယ်။ ဒီလိုကျဆင်းလာတာဟာ ၁၇ နှစ်အတွင်းမှာ ပထမဆုံးကျဆင်းမှုပဲဖြစ်ပါတယ်။ အမေရိကန်ရဲ့ စံသတ်မှတ်ချက်တစ်ခုဖြစ်တဲ့ The US benchmark West Texas Intermediate ရေနံဈေးဟာ ၅ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းသွားပြီး နိုင်ငံတကာ စံအဖြစ် သတ်မှတ်ထားတဲ့ Brent ရေနံဈေးဟာ ၆ ဒသမ ၅ ရာခိုင်နှုန်းအထိကို ကျဆင်းသွားပါတယ်။

ဗြိတိန်နိုင်ငံမှာ ပြည်သူတွေရဲ့ လူနေမှုဘဝတွေဟာ နောက်ခြောက်လအထိတိုင်အောင် နဂိုပုံမှန်အတိုင်း မဖြစ်နိုင်သေးဘူးလို့ ဗြိတိန်ဆေးပညာရှင် ဂျင်နီဟာရီစ်က ဆိုပါတယ်။ နိုင်ငံအတွင်းမှာ အရေးပေါ်ထုတ်ပြန်ချက်တွေကို စေ့စေ့စီးစီး ရပ်သိမ်းလိုက်မယ်ဆိုရင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေ ပြန်ပြီးဖြစ်လာနိုင်ဖွယ်ရှိတယ်လို့ ဟာရီစ်က ခန့်မှန်းပြောကြားထားပါတယ်။

**စည်းကမ်းဖောက်ဖျက်သူကို ထောင်ဒဏ်ချမှတ်**

ဟောင်ကောင်အစိုးရကချမှတ်ထားတဲ့ ဗိုင်းရပ်စ်ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေကို ဖောက်ဖျက်တဲ့နိုင်ငံသားသုံးဦးကို ထောင်ဒဏ်အပြစ်ပေးပြီး အရေးယူဆောင်ရွက်ခဲ့ပါတယ်။ ဟောင်ကောင်မှာ ဗိုင်းရပ်စ်တိုက်ဖျက်ရေးနဲ့ပတ်သက်ပြီး ဒီလို ထောင်ဒဏ်ချမှတ်အရေးယူတာဟာ ပထမဆုံးအကြိမ်ဖြစ်တယ်လို့ သိရပါတယ်။ အိမ်လိပ်စာမှားပြောတဲ့ အိမ်ရာမဲ့တစ်ဦးကို ထောင်ဒဏ်သုံးလချမှတ်ပြီး ကျန်နှစ်ဦးကို ရမန်ကြီး ခြောက်ပတ်နဲ့ ၁၀ ရက်ခန့် အသီးသီး ချမှတ်ခဲ့ပါတယ်။ ။

## ရုရှားနိုင်ငံသားများ ကိုရိုနာဗိုင်းရပ်စ်သတင်းမှားများဖြန့်ပါက ထောင်ဒဏ်ငါးနှစ်အထိ ရင်ဆိုင်ရမည်

**မော်စကို မတ် ၃၁**

ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်သည့် သတင်းမှားများကို ဖြန့်သည်ဟု ပြစ်မှုထင်ရှားသူများကို ငါးနှစ်အထိ ထောင်ဒဏ်အပါအဝင် ပြင်းထန်သည့် ပြစ်ဒဏ်များကို ချမှတ်မည့်ဥပဒေကို ရုရှားဥပဒေပြုအမတ်များက ဆွေးနွေးခဲ့ကြသည်။

တစ်စုံတစ်ယောက်အနေဖြင့် အသက်အန္တရာယ်ကို ခြိမ်းခြောက်သည့် အခြေအနေနှင့်ပတ်သက်သည့် သတင်းမှားကို ရည်ရွယ်ချက်ရှိရှိ ဖြန့်ဝေမှုကြောင့် လူပုဂ္ဂိုလ်တစ်ဦးကို သေဆုံးစေသည် သို့မဟုတ် အခြားကြီးမားသည့် အကျိုးဆက်များ မတော်တဆဖြစ်ပေါ်စေသည်ဟု အပြစ်ထင်ရှားပါက ထိုပုဂ္ဂိုလ်သည် ရူဘယ်နှစ်သန်းအထိ ငွေဒဏ် သို့မဟုတ် ငါးနှစ်အထိ ထောင်ဒဏ်ကို ရင်ဆိုင်ရမည်ဖြစ်သည်။

အဆိုပြုချက်များတွင် သတင်းမှားဖြန့်ဝေမှုမှတစ်ဆင့် လူတစ်ဦးတစ်ယောက်၏ ကျန်းမာရေးကို အန္တရာယ်ပြုပါက ရူဘယ် ၁ ဒသမ ၅ သန်းအထိ ငွေဒဏ်နှင့် သုံးနှစ်အထိ ထောင်ဒဏ် ချမှတ်မည့် ပြစ်ဒဏ်လည်းပါဝင်သည်။

ယင်းအဆိုပြုချက်များသည် ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်သည့် အသွားအလာ ထိန်းချုပ်ကန့်သတ်မှု စည်းမျဉ်းများကို ချိုးဖောက်သူများအတွက် ခုနစ်နှစ်အထိ ထောင်ဒဏ်အပါအဝင် ပြင်းထန်သည့် ပြစ်ဒဏ်များချမှတ်ရန် ရည်ရွယ်သည့် ဥပဒေကြမ်းများ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

ရုရှားနိုင်ငံ၏ ပြစ်မှုဆိုင်ရာ ဥပဒေပြင်ဆင်ချက်များကို အောက်လွှတ်တော်ဥက္ကဋ္ဌ ဗီယာချီစလပ် ဗိုလိုဒင်နှင့် လက်ရှိအာဏာရ ယူနိုက်တက် ရုရှားပါတီမှ ဝါရင့်ဥပဒေပြုအမတ် ပါဗယ်ကရာရှီနင်နီကော့ဗ်တို့က အဆိုပြု တင်ပြခြင်းဖြစ်သည်။ ယင်းဥပဒေပြင်ဆင်ချက်များကို အလျင်အမြန် ပြဋ္ဌာန်းမည်ဟု မျှော်လင့်ရသည်။

လူဦးရေ ၁၄၄ သန်းရှိသည့် ရုရှားနိုင်ငံက ယခုအချိန်အထိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၈၃၆ ဦးနှင့် ယင်းဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ကိုးဦးရှိသည်ဟု ထုတ်ပြန်ထားသည်။ သို့သော်လည်း ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက် အမှန်က ပိုမိုများပြားမည်ဟု ယုံကြည်ရသည်။ လူဦးရေ ၁၂ သန်းကျော်ရှိသည့် မော်စကိုမြို့တွင် မတ် ၃၀ ရက်မှစပြီး အဝင်အထွက် တားမြစ်ပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည်။ ဒေသ ၁၂ ခုကျော်ကလည်း ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကို ထိန်းချုပ်ရန်အတွက် အလားတူ အရေးယူဆောင်ရွက်မှုများ စတင်ကျင့်သုံးလျက်ရှိသည်။

**ကိုးကား – အေအက်ဖ်ပီ၊ ဘာသာပြန် – အောင်ဇော်လင်း**



# လှည်းကူးမြို့နယ် ပေါင်းလင်းကြိုးဝိုင်းအတွင်းမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**ရန်ကုန် မတ် ၃၁**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ပေါင်းလင်းကြိုးဝိုင်းအတွင်းမှ တရားမဝင်သစ်ခွဲသားများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၉ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် လှည်းကူးမြို့နယ် သစ်တောဦးစီးအရာရှိ ဦးတင်ထွဏ်း ဦးစီးသောအဖွဲ့သည် လှည်းကူးမြို့နယ် ပေါင်းလင်းကြိုးဝိုင်းအတွင်း တရားမဝင်သစ်များ ဖမ်းဆီးရေး ဆောင်ရွက်စဉ် အကွက်အမှတ်(၅၇)အတွင်းမှ တရားမဝင် သစ်ခွဲသား ၂၃ ချောင်း (၄ ဒသမ ၁၄၃၆ တန်) ကိုလည်းကောင်း၊ ညနေ ၆ နာရီခွဲတွင် အကွက် အမှတ်(၅၂)အတွင်း ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင်သစ်ခွဲသား ၂၉ ချောင်း(၂ ဒသမ ၃၅၀၆ တန်)ကို လည်းကောင်း၊ ည ၉ နာရီ ၁၅ မိနစ်ခန့်တွင် လှည်းကူးမြို့နယ် ရေနက်ကြီးကျေးရွာအနီး တောအတွင်းနေရာ ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် သစ်ခွဲသား ၂၀၂ ချောင်း (၁ ဒသမ ၉၃၇၄ တန်)တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ဆက်စပ်ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**



ဂျာနယ်
ထွက်ရှိ
၁-၄-၂၀၂၀ ရက်နေ့ထုတ် အတွဲ(၁၇)၊ အမှတ်(၇)တွင်
- COVID-19
တန်ဖိုး (၂၀၀) ကျပ်

# မန္တလေးတိုင်းဒေသကြီးအတွင်း တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၃၁**

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာ့သစ်လုပ်ငန်းမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၃ ရက်မှ ၂၇ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ် ညောင်ကွဲရပ် အကွက်(၄၁၅၊ N3) သုခလမ်း (၅) လမ်းပေါ်တွင် ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် ပျဉ်းကတိုး၊ သစ်ယာ၊ အင်ခွဲသား ၈ ဒသမ ၂၇၆၂ တန်၊ မိုးကုတ်မြို့နယ် နန့်ပန်သဲနီကြိုးဝိုင်း အကွက်အမှတ် (၂၀) အတွင်း တရားမဝင် အင်၊ နှော၊ သစ်ယာ ၃၁ ဒသမ ၀၁၂ တန်တို့အား ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်ပတ်သက်သော ပြစ်မှုကျူးလွန်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရမည်းသင်းမြို့နယ် ရွှေမေတ္တာကျေးရွာ တောင်ဘက်နှင့် ဆတ္တိုးပေါက်ကျေးရွာ၏ အရှေ့တောင်ဘက်နေရာတို့မှ တရားမဝင် ကျွန်းနှင့် အခြားသစ် ၆ ဒသမ ၉၀၆၂ တန်၊ သစ်စက် နှစ်လုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ပြစ်မှုကျူးလွန်သူနှစ်ဦးတို့အား ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# ပခုက္ကူမြို့နယ်၌ ခြောက်ဘီးယာဉ် တိမ်းမှောက်၊ သုံးဦး သေဆုံး

**နေပြည်တော် မတ် ၃၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၁) ပေါက်တံတား(အုန်းတော) တိုင်အမှတ် M-7 ရှေ့၌ မတ် ၃၀ ရက် ည ၁၀ နာရီ ၅၅ မိနစ်က ခြောက်ဘီးယာဉ် တိမ်းမှောက်ပြီး သုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။

ပခုက္ကူမှ ပေါက်သို့ တင်မောင်မြင့် ပေါက်မြို့နယ် ရေဖြူကျေးရွာနေသူ မောင်းနှင်ပြီး မောင်နိုင်လင်းပါနှစ်ဦး ဆင်မကျေးရွာနေသူတို့လိုက်ပါလာသော ခြောက်ဘီးယာဉ်သည် အခင်းဖြစ်နေရာအရောက် တံတားလက်ရန်းတိုင်ငါးတိုင်အား ဝင်တိုက်မိပြီး တံတား၏ ယာဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်သွားပြီး ယာဉ်ပေါ်ပါ သုံးဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သဖြင့် ပေါက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပင်လည်ဘူး၊ စဥ့်ကူးနှင့် ပြည်ကြီးတံခွန်မြို့နယ်တို့၌ မီးလောင်မှုဖြစ်

**ပင်လည်ဘူး မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ဝါးယူးသာကျေးရွာတွင် ယနေ့ မွန်းတည့် ၁၂ နာရီခန့်တွင် ပေ့ါဆမီးကြောင့် လူနေအိမ် ငါးလုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးနေတိုးနှင့်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် ကျေးရွာပြည်သူများ ဝိုင်းဝန်းပူးပေါင်း၍ မီးငြိမ်းသတ်ရာ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ဝါးယူးသာကျေးရွာ ဒေါ်မချိုနေအိမ်အပါအဝင် နေအိမ် ငါးလုံးပျက်စီးဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

**စဥ့်ကူး**

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာ သရက်ချောင်းကွက်ရပ် ရွှေလုပ်ကွက်အမှတ် (SGU-241) ရွှေရောင်တောက်ပသောလစန္ဒာကုမ္ပဏီဝင်းဟောင်းအတွင်း မတ် ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲက တောမီးမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်နီလင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးချမ်းပြည့်ကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သပိတ်ကျင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးနိုင်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျည်တောက်ပေါက်၊ ငါးပြားပေး၊ ချောင်းကြီးကျေးရွာတို့မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများပူးပေါင်း၍ မီးသတ်ယာဉ် သုံးစီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီခွဲခန့်တွင် မီးလုံးဝငြိမ်းသွားခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ဂိုထောင် တစ်လုံး၊ နေအိမ် နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

**မင်းဇော်ဦး(ပြန်/ဆက်)**

**ပြည်ကြီးတံခွန်**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (၆၉) လမ်းနှင့် လမ်း(၇၀)ကြား (ဈ)ရပ်ကွက်ရှိ ချည်မျှင်စက်ရုံ(၁)တွင် မတ် ၃၀ ရက် ည ၈ နာရီ ၁၈ မိနစ်က မျက်နှာကြက်တွင် သွယ်တန်းထားသော ဝါယာကြိုးများ အပူလွန်ကဲမှုကြောင့် မီးလောင်ခဲ့ရာ **(အပေါ်ယာပုံ)** အဆောက်အဦနှင့် ဝါဂွမ်းများ မီးကူးစက်လောင်ကျွမ်းခဲ့ပြီး ည ၉ နာရီ ၃ မိနစ်တွင် မီးငြိမ်းသွားသည်။



မီးလောင်ရာသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး ဦးဆောင်သော မီးသတ်ယာဉ် အစီး ၂၀၊ အုပ်ချုပ်မှု ယာဉ်သုံးစီး၊ ရေသယ်ယာဉ် ၁၀ စီး၊ အထောက်အကူပြုယာဉ် နှစ်စီး သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၂၀ ကျော်တို့က ပူးပေါင်းမီးငြိမ်းသတ်ခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် စက်ရုံမန်နေဂျာအား ပြည်ကြီးတံခွန်မြို့နယ် စက်မှုနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော POSCO Daewoo Corporation (Myanmar E&P)သည် ကမ်းလွန်လုပ်ကွက် အမှတ် A-1 နှင့် A-3 တို့တွင် Drilling Campaign လုပ်ငန်းများအား Drillship "MAERSK VIKING" ရေယာဉ်ဖြင့် လုပ်ငန်းဆောင်ရွက်မည့်ဧရိယာဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၁ မိနစ် ၁၃ ဒသမ ၂၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၆ မိနစ် ၁၆ ဒသမ ၃၈ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၆ မိနစ် ၅၁ ဒသမ ၂၁ စက္ကန့် အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၄၅ ဒသမ၅၄ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၂ မိနစ် ၅၀ ဒသမ ၃၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၀ မိနစ် ၂၀ ဒသမ ၄၄ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၆ မိနစ် ၅၉ . ၆၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၁ မိနစ် ၄၄ . ၀၄ စက္ကန့် တို့တွင် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ(၁၅)ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ မတ်လ(၁၅)ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို ရေကြောင်းသတိပေးချက်(Notice to Mariners) ထုတ်ပြန်ကြေညာထားခဲ့သော်လည်း တူးဖော်ရေးလုပ်ငန်းများ မပြီးပြတ်သေးပါသဖြင့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၀ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၈ ရက်နေ့အထိ သက်တမ်းတိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် A-1 နှင့် A-3 တို့တွင် Drilling Campaign လုပ်ငန်းများအား Drillship "MAERSK VIKING" ရေယာဉ်ဖြင့် သက်တမ်းတိုးမြှင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါတွင်းတူးဖော်မည့် တည်နေရာများမှ (၄) ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော POSCO Daewoo Corporation (Myanmar E&P) မှ ဆောင်ရွက်လျက်ရှိသော ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းလုပ်ငန်းနှင့်သက်ဆိုင်သည့် Pipeline Free Span Rectification လုပ်ငန်းများအား ရွှေပလက်ဖောင်းမှ near shore Kyaukphyu တစ်လျှောက် MV.PACIFIC RAPIER ရေယာဉ်ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာဧရိယာများဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၉ မိနစ် ၂၃.၈၉၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၈ မိနစ် ၅၀.၂၉၂ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ်၂၅.၅၈၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၉ မိနစ် ၅၅.၂၄၈ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ၃၀.၇၉၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၉ မိနစ် ၃၃.၀၀၀ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၈ မိနစ် ၂၅.၆၀၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၈ မိနစ် ၂၆.၇၈၄ စက္ကန့်တို့အတွင်းတွင် ၂၀၂၀ ပြည့်နှစ် မတ်လ(၁၆)ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ မတ်လ(၃၁)ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားခဲ့သော်လည်း လုပ်ငန်းများ မပြီးပြတ်သေးပါသဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၁)ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၃၀) ရက်နေ့အထိ သက်တမ်းတိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ Pipeline Free Span Rectification လုပ်ငန်းများအား ရွှေပလက်ဖောင်းမှ near shore Kyaukphyu တစ်လျှောက် MV.PACIFIC RAPIER ရေယာဉ်ဖြင့် သက်တမ်းတိုးမြှင့်ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ (၄) ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# ကိုဗစ်- ၁၉ အသိပညာပေး စကားဝိုင်း



## စာဖတ်တာကို များစေချင်တယ်။ စာများများဖတ်တဲ့အခါကျရင် စဉ်းစားဆင်ခြင်ဉာဏ်ကလည်း ပိုပိုပြီးတော့ များသွားမယ်။ အတန်းပညာတတ်ခြင်း၊ မတတ်ခြင်းထက် စာများများဖတ်ရင် ဗဟုသုတရှိမယ်

ဂျူး

### ကိုဗစ်- ၁၉ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

မှတ်တမ်း-အောင်ကျော်ထက် (ပြန်/ဆက်)
ဓာတ်ပုံ- ရဲသူရအောင် (ပြန်/ဆက်)

ကိုဗစ်- ၁၉ ရောဂါနှင့်ပတ်သက်ပြီး မှန်ကန်သော သတင်းအချက်အလက်ရရှိရေးနှင့် သတင်းမှားများဖြင့် အထိတ်တလန့်ဖြစ်စေမှုများကို ရှောင်ရှားရန် အသိပညာပေး ဆွေးနွေးပွဲကို မတ်လ ၂၆ ရက်နေ့ ညပိုင်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲကို ဦးဆောင်ဆွေးနွေးသူအဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး (ငြိမ်း) ဒေါက်တာခင်မောင်လွင်၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုး၊ စာရေးဆရာမ ဂျူး၊ ရုပ်ရှင်သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်နှင့် တေးသံရှင် ဖြိုးပြည့်စုံတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

**ဒေါက်တာခင်မောင်လွင်**

မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ နဲ့ ပတ်သက်လို့ လူတွေရဲ့ စိုးရိမ်စိတ်ပေါ်မှာ မူတည်ပြီး သတင်းတွေ အမျိုးမျိုးထွက်ပါတယ်။ ဒီသတင်းတွေမှာ သတင်းအမှန်ဖြန့်ချိရေးက ပို၍ အရေးကြီးပါတယ်။ ဒါကိုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တိုက်တွန်းအားပေးပါတယ်။ ပြည်သူတွေအနေနဲ့ သတင်းအမှန်ရရှိဖို့ လိုအပ်သလို တစ်ဖက်ကလည်း သတင်းအမှားတွေကြောင့် လူတွေရဲ့ စိုးရိမ်သောကဖြစ်မှုတွေကိုလည်း ချေဖျက်ဖို့ လိုနေပါတယ်။ ပထမဦးဆုံးအနေနဲ့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကနေပြီး ထုတ်ထားတဲ့ အချက်အလက် Surveillance ဆိုပြီး ဒီ IT ကျွမ်းကျင်တဲ့ ဆရာဝန်တွေရယ်၊ နောက် IT ပညာရှင်တွေရယ် ပေါင်းပြီးတော့ ကျွန်တော်တို့အဖွဲ့လေး တစ်ခု ဖွဲ့ထားပါတယ်။ ဒီအဖွဲ့က တစ်ချိန်လုံး ဖေ့စ်ဘွတ်နဲ့ မီဒီယာမှာ ဘာတွေတက်သလဲဆိုတာ ကြည့်တယ်၊ တက်တာနဲ့အမျှ အချိန်နဲ့ တစ်ပြေးညီ ရှင်းလင်းပေးတဲ့ အပိုင်းတွေလည်း ရှိပါတယ်။ နောက်တစ်ခုကတော့ Facebook Team နဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနနဲ့ ညှိနှိုင်းထားတာရှိပါတယ်။ ဖေ့စ်ဘွတ်မှာ ကိုရိုနာဗိုင်းရပ်စ်ဆိုပြီးတော့ မြန်မာလို ရိုက်ကြည့်လိုက်ရင်လည်း အရင်ဆုံး Go to ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဆိုတဲ့ Facebook Page ကလည်း ဆရာကြီးပါမောက္ခ ဒေါက်တာမြင့်မောင်မောင်တို့အဖွဲ့တွေ တက်ပါတယ်။ တက်ပြီး နားထောင်ပြီးတဲ့အခါကျတော့ လိုအပ်ရင် ဒီသတင်းတုတွေ၊ သတင်းမှားဖြန့်တဲ့ဟာတွေ ကျွန်တော်တို့ မီဒီယာကောင်စီ ဥပဒေအရ အရေးယူနိုင်မယ့်အပိုင်းကိုလည်း ကျွန်တော်တို့ ဆောင်ရွက်ထားရှိပါတယ်။

**ဒေါက်တာခင်မောင်လွင်**

ဒါတွေကလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကိုယ်နှိုက်က ခံနေရတဲ့ အပိုင်းတွေလည်း ရှိတာပေ့ါ။ မြန်မာပြည်တင်မကပါဘူး၊ တစ်ကမ္ဘာလုံးမှာလည်း လုပ်ကြံဖန်တီးထားတဲ့ သတင်းတွေကို Infodemic လို့ ပြောတဲ့ဟာနဲ့ ဟုတ်သလားပေ့ါ။ ကျွန်မဆိုရင် တချို့သောကိစ္စတွေကို အများအားဖြင့် မျှဝေတတ်ပါဘူး။ တစ်ခုခုသိချင်တယ်ဆိုရင် Google မှာ ကျွန်မ အရင်သွားရှာကြည့်လိုက်ပါတယ်။ Google ရဲ့ စိတ်ချရသော သတင်းဌာနတွေပေ့ါ။ စိတ်ကိုမလောဖို့ အရေးကြီးတယ်။ ကျွန်မကတော့ ဖြစ်စေချင်တာက သတင်းအမှားတွေကို Share မိရင် ပြန်ဖြုတ်ရတယ်။ ဖြုတ်လိုက်တာတော့ ဟုတ်တယ်။ မှန်တယ်။ ဒါပေမယ့် တချို့ကတော့ Screenshots ရိုက်ထားလိုက်တယ်။ ဒါမှမဟုတ်ရင် ကိုယ်က One Click နဲ့ Share လို့ရှိရင် Share ပြီးတဲ့နောက်မှာ ကိုယ့်လိုပဲ Share ပြီးတဲ့သူတွေ အများကြီးက လိုက်ဖြုတ် မှာ ကျွန်တော်ရေးတယ်။ တင်တယ်။ ကျွန်တော် ကဗျာတွေ၊ စာတွေရေးတယ်။ ကျွန်တော့်ရဲ့ Page မှာတော့ များသောအားဖြင့် အနုပညာကိစ္စတွေ၊ ကျွန်တော့်ရဲ့ လုပ်ငန်းတွေပဲ ကျွန်တော်က တင်ဖြစ်ပါတယ်။ ဒါပေမယ့် အရေးကြီးသတင်းတွေတော့ ကျွန်တော့်ရဲ့ ပရိသတ်တွေကို အမြန်သိစေချင်တဲ့အခါမျိုးကြရင် ကျွန်တော် Share လေ့ရှိပါတယ်။

ဥပမာ - မီးလောင်တဲ့ သတင်းလိုမျိုး၊ ဆိုပါတော့ ခုလောလောဆယ် အခု ကပ်ရောဂါ သတင်းဆိုရင်တော့ တော်တော်လေးကို ကျွန်တော် Share ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ပရိသတ်တွေထဲမှာ လူငယ်တွေရော၊ ကလေး



ဒေါက်တာခင်မောင်လွင်



ဒေါက်တာသန်းနိုင်စိုး



စာရေးဆရာမ ဂျူး



ရုပ်ရှင်သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်



တေးသံရှင် ဖြိုးပြည့်စုံ

တွေထဲမှာ သတင်းမှားမဖြစ်စေရေး၊ သတင်းမှန်ဖြန့်ချိရေးအတွက် ဘယ်လိုပုံစံတွေနဲ့ လုပ်နေသလဲဆိုတာ ဆရာသန်းနိုင်စိုး နည်းနည်းပြောပြပေးပါဦး။

**ဒေါက်တာသန်းနိုင်စိုး**

ကိုဗစ်-၁၉ စတင်တဲ့အချိန်ကစပြီးတော့ ကျွန်တော်တို့ရင်ဆိုင်ရတဲ့ အခက်အခဲတစ်ခုကတော့ ဒီသတင်းအမှားတွေပါပဲ။ ကျွန်တော်တို့အနေနဲ့ ဒီ Right Information ကို Right Time ပေ့ါ၊ အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်နိုင်ဖို့ပေ့ါ။ ဒါတွေ ကျွန်တော်တို့က အစကတည်းက ကျွန်တော်တွေ့တာ Risk Communication လို့ခေါ်ပါတယ်။ ဒါ အန္တရာယ်တစ်ခုခုနဲ့ ရင်ဆိုင်နေရတယ်။ ဒါ ကျွန်တော်တို့အတွက်လည်း ခြိမ်းခြောက်မှုကြီးတစ်ခု ဖြစ်တယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့က Communicate လုပ်ရတာ ခက်ခဲပါတယ်။ ပုံမှန်ကျန်းမာရေးပညာအသိပေး၊ သတိပေးတာတွေနဲ့ မတူဘူး။ တစ်ဖက်ကလည်း အပူကလည်း ရှိနေတယ်။ အဲဒီအချိန်မှာ နည်းနည်းဖြစ်တဲ့ဟာကို များများပြောသလို များများဖြစ်တဲ့ဟာကို နည်းနည်းပြောပြီးတော့ ပြည်သူတွေကို လမ်းကြောင်းမှားအောင် လုပ်နေတဲ့ဟာတွေလည်း သတင်းတွေ အထူးသဖြင့် ဖေ့စ်ဘွတ်ပါ။ ကျွန်တော်တို့ လူမှုမီဒီယာက အင်မတန်မှ ထိန်းချုပ်ရခက်ပါတယ်။ ဒီဟာကို ကျွန်တော်တို့က သိတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဝန်ကြီးဌာနကနေပြီးတော့ အချိန်မီသတင်းတွေကို ကျွန်တော်တို့ရဲ့ ဖေ့စ်ဘွတ်စာမျက်နှာက တောက်လျှောက် လွှင့်တင်တယ်။ ပုံမှန်အတိုင်းဆို ည ၈ နာရီ တစ်ခေါက်၊ ည ၈ နာရီ ၁၅ မိနစ် တစ်ခေါက် လွှင့်တင်သလို ည ၁၀ နာရီမှာလည်း လွှင့်တင်ပါတယ်။

ကျွန်တော်တို့ ဝန်ကြီးဌာနမှာ ဒီ Rumor တက်ပါတယ်။ English လို ရိုက်လိုက်ရင်လည်း မြန်မာပြည်ဇရိယာထဲကနေပြီးတော့ ရိုက်လိုက်တာနဲ့ Facebook Team က Customize လုပ်ပေးထားပါတယ်။

နောက်တစ်ခုကတော့ ဒီပူပန်ကြောင့်ကြမှုတွေဖြစ်လာရင် ဆက်သွယ်နိုင်မယ့် Hotline ထားပေးထားပါတယ်။ ကြေလည်း ကြေညာထားပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ ဆက်သွယ်နိုင်မယ့် ဖုန်းနံပါတ် Airport Health အနေနဲ့ ဆက်သွယ်နိုင်မယ့် ဖုန်းနံပါတ်၊ ဗဟိုအနေနဲ့ ဆက်သွယ်နိုင်မယ့် 24/7 ဖုန်းနံပါတ်တွေ ဖြစ်ပါတယ်။ နောက်ဆုံးတစ်ခုကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကနေပြီးတော့ ပြောရေးဆိုခွင့်ရှိသူတွေ ရှိပါတယ်။ ဒေါက်တာဒေါ်ခင်ခင်ကြီးဆိုတာ အားလုံးလည်း သိကြမယ်ထင်ပါတယ်။ သူက တစ်ချိန်လုံး Media တွေရဲ့ မေးမြန်းမှုတွေကို ဖြေကြားပေးနေတယ်။ သူ့ Facebook Wall ပေါ်မှာလည်း တင်ပါတယ်။

သူက ကျွန်တော်တို့ ဝန်ကြီးဌာနက တင်ပြီးမှ တင်ပါတယ်။ Share လုပ်ပေးပါတယ်။ ဒါတွေကတော့ ကျွန်တော်တို့ Risk Communication အပိုင်းနဲ့ပတ်သက်ပြီး ဆောင်ရွက်တာပါ။ နောက်ဆုံးတစ်ခုကတော့ ကျွန်တော်တို့ပြီးခဲ့တဲ့အပတ်ကပဲ ကျွန်တော်တို့ Media Advocacy ပါ။ ဘာလို့လဲဆိုတော့ တချို့ Media ကြီးတွေကလည်း Source ကို သေချာမလိုက်မိဘဲနဲ့ ပြန် Share မိတဲ့ အပိုင်းတွေရှိတယ်။ အဲဒါကို ကျွန်တော်တို့ သေချာလုပ်တဲ့အခါကျတော့ တကယ့် Media ကြီးတွေကိုယ်တိုင်က ကျွန်တော်တို့ Website က Source တွေကို ကြည့်ပြီးတော့ ပြန် Share လုပ်တဲ့အပိုင်းလည်း ဖြစ်ပါတယ်။

အဲဒီနေ့မှာပဲ သတင်းမီဒီယာကောင်စီ ပြောကြပါတယ်။ သတင်းကနေပြီး ရောဂါပြန့်နေတယ်။ သတင်းရောဂါက ရောဂါပိုးထက် ပိုဆိုးနေတယ်ဆိုတဲ့ အနေအထားမျိုး ထိရောက်မှုတွေရှိနေတယ်။

အခုဆိုရင် ပါနေတဲ့သတင်းတွေအကုန်လုံးက ပြည်သူလူထုတွေ အမှန်၊ အမှား မဝေခွဲနိုင်တဲ့ ပြဿနာက အဓိကဖြစ်နေတယ်။ ဒီလို အမှန်၊ အမှားကို ဝေခွဲနိုင်အောင် ဘယ်လိုလုပ်သင့်သလဲ။ ပြည်သူတွေအနေနဲ့ပေ့ါလေ၊ ဘယ်လိုအဆင့်မျိုးဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် ကြိုးစားသင့်သလဲ။ ဒါလေးလည်း ဆွေးနွေးစေချင်ပါတယ်။

**ဂျူး**

အမှန်၊ အမှားသိဖို့ဆိုတာတော့ ပြည်သူတွေပေ့ါ။ အဓိကက အခုလောလောဆယ် ကျွန်မတို့က မှားတာတွေ တွေ့နေရတာက Social Media မှာ မှားတာတွေ့နေရတယ်။ ဥပမာ- ကြေးမုံသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ မှားတာမရှိဘူး။ မရှိသလောက်ပါပဲ။ အလွန်ဆုံးမှားရင် သတ်ပုံအမှားလောက်ပါပဲ။ အထားအသိုမှားမယ်။ အဲဒီလောက်ပဲ။ Social Media ကျတော့ Editor လည်းမရှိဘူး။ မရှိတော့ သူတို့တင်ချင်သလို တင်တယ်။ အများစုက သူတို့ သတင်းတစ်ခုကြားပြီဆို ဦးချင်တာ။ ဦးချင်တဲ့အတွက် အများအားဖြင့် မျှဝေကြတာပေ့ါ။ အဲဒီမျှဝေတဲ့ နေရာမှာ ကျွန်မ ဖြစ်စေချင်တာက ဟုတ်လား၊ မဟုတ်ဘူးလားဆိုတာသိအောင် အရင်စူးစမ်းလေ့လာသင့်တယ်လို့ ထင်တယ်။

ကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့ တစ်ခုခုကိုကြားလို့ မျှဝေတော့မယ်ဆိုရင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ Facebook Page ကို ကျွန်မတို့ သွားကြည့်ပြီး ကျန်းမာရေးဌာနက ပြောတဲ့ဟာနဲ့ အဲဒီကနေ ချင်မှ ဖြုတ်တော့မှာပေ့ါ။ ကိုယ်ဖြုတ်သည် ဖြစ်စေစိတ်မလောဖို့ ကျွန်မကတော့အားလုံးကို ပြောချင်တယ်။ စဉ်းစဉ်းစားစားလည်း လုပ်ပေ့ါနော်။ စဉ်းစားဆင်ခြင်ရမယ်။ ပညာသုံးရမှာပေ့ါ။

အဲဒီလို ပညာသုံးဖို့လိုရင်လည်း ကျွန်မတော့ စာရေးဆရာဖြစ်နေလို့လား မသိဘူး။ စာဖတ်တာကို များစေချင်တယ်။ စာများများဖတ်တဲ့အခါကျရင် စဉ်းစားဆင်ခြင်ဉာဏ်ကလည်း ပိုပိုပြီးတော့ များသွားမယ်။ အတန်းပညာတတ်ခြင်း၊ မတတ်ခြင်းထက် စာများများဖတ်ရင် ဗဟုသုတရှိမယ်။ ရသစာပေ၊ သုတစာပေ အကုန်လုံးဖတ်ထားတယ်ဆိုရင် စဉ်းစားတဲ့စိတ်က ဝင်သွားမယ်လို့ ကျွန်မထင်တယ်။ စဉ်းစားပြီးကာမှ လုပ်သင့်လား၊ မလုပ်သင့်ဘူးလား။ ဒီ One Click လေးနှိပ်ဖို့အတွက်ကို ကြိုတင်စဉ်းစားပြီးမှ လုပ်သင့်တယ်လို့ ကျွန်မထင်တယ်။ အဲဒါလေးကိုတော့ ပြောချင်ပါတယ်။

**ဒေါက်တာခင်မောင်လွင်**

လူတွေဟာ သတင်းအမှန်ရဖို့အတွက် ကိုယ့်ဘက်က ဘယ်လိုများ တာဝန်ယူမလဲ။ ဘယ်လိုလုပ်မလဲဆိုတာနဲ့ ပတ်သက်ပြီး စိုင်းစိုင်းခမ်းလှိုင်အနေနဲ့ ဘယ်လိုစဉ်းစားလဲ။

**စိုင်းစိုင်းခမ်းလှိုင်**

ကျွန်တော်ကတော့ အဓိကက ဒီသတင်းအရင်းအမြစ်ကို အရင်လိုက်ရှာပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီသတင်းတွေကို ပုံမှန်အားဖြင့်တော့ Share လေ့မရှိပါဘူး။ ကျွန်တော်က ဒါ အနုပညာလုပ်တာဖြစ်တဲ့အတွက် ကျွန်တော့်ရဲ့ အနုပညာကိစ္စတွေရယ်၊ ပြီးတော့ ကျွန်တော့် Personal Facebook Account လည်းရှိတဲ့အတွက် Personal အကြောင်းအရာတွေကို Personal Account တွေရောပါတဲ့အတွက် သတင်းတွေကို သိစေချင်တယ်။ မျှဝေချင်တယ်။ အဓိကကတော့ သတင်းအရင်းအမြစ်ကို ဘယ်ကတင်ထားတဲ့ သတင်းလဲ၊ ဘယ်သူရေးတဲ့သတင်းလဲဆိုတာ ကျွန်တော်ရှာပါတယ်။ အခု လောလောဆယ်မှာတော့ ဒီရက်ပိုင်းမှာ ကျွန်တော် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ဖေ့စ်ဘွတ်ကိုပဲ ကျွန်တော် အဓိကအားကိုးပြီးတော့ ဒီ Page ကိုပဲ ကျွန်တော်မျှဝေနေပါတယ်ဆရာ။

**ဒေါက်တာခင်မောင်လွင်**

အဆိုတော်ဖြိုးပြည့်စုံအနေနဲ့ လရိပ်ဆိုတဲ့ သီချင်းလိုပဲ Heart ထိအောင် ဒီကိုဗစ်-၁၉ နဲ့ပတ်သက်ပြီးတော့ ဘယ်လိုများ ပရိသတ်ကို ခံစားအောင်လုပ်မယ်လို့ စိတ်ကူးထားသလဲ။

**ဖြိုးပြည့်စုံ**

ကိုဗစ်- ၁၉ ကတော့ Heart ထိတာမျိုး မဟုတ်တော့ဘဲနဲ့ ဘယ်လိုပြောမလဲ Burst ပေ့ါနော်။ ပေါက်ကွဲတာမျိုး၊ တုန်လှုပ်စေတဲ့ အခြေအနေမျိုး ဖြစ်နေတာပေ့ါ။ လူတွေက ကိုဗစ်-၁၉ လို့ ပြောလိုက်ရင်ကို သာသာယာယာလေး အေးအေးဆေးဆေး ခံစားရတာမျိုးမဟုတ်တော့ဘဲနဲ့ Alarming နဲ့သွားရမယ့် Procedures မျိုးဖြစ်နေတာပေ့ါ။ ကျွန်တော့်အနေနဲ့ကတော့ ခုန ဆရာတို့ဆွေးနွေးသွားသလိုပဲ အဓိက Click တစ်ချက်ကတော့ အရေးကြီးတယ်။ အဓိက ကျွန်တော်တို့က Social Media ခေတ်ဖြစ်နေတဲ့အတွက် ဒီ Click တစ်ချက်ကို ရောက်သွားမယ့်သက်ရောက်မှုက အရေးကြီးပါတယ်။ အဲဒီမှာမှ Click လုပ်တဲ့ ပုဂ္ဂိုလ်ရဲ့ အရှိန်အဝါပေ့ါ။ ကိုစိုင်းတို့လို Follower များတဲ့သူတွေ တကယ့် Artists ထဲမှာ အရေးကြီးတဲ့ ပုဂ္ဂိုလ်တွေကကျတော့ မှန်ကန်တဲ့ သတင်းကို **စာမျက်နှာ ၁၆ သို့** ❂

# COVID-19 ဓာတ်ခွဲအတည်ပြုလူနာ (၁) ဦး သေဆုံးမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၃၁-၃-၂၀၂၀) ရက်နေ့**

COVID-19 ဓာတ်ခွဲအတည်ပြုလူနာ (Case – 05) သေဆုံးမှုနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် –

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် နေထိုင်သော အသက် (၆၉) နှစ်အရွယ် အမျိုးသား (၁) ဦးသည် ၎င်းတွင် နှာခေါင်းကင်ဆာရောဂါရှိကြောင်းကို (၂၀၁၉) ခုနှစ်၊ ဇန်နဝါရီလတွင် ကျန်းမာရေးစစ်ဆေး သိရှိခဲ့ပြီး ၎င်းနှာခေါင်းကင်ဆာရောဂါအတွက် ဓာတ်ရောင်ခြည်ကုထုံး (radiation therapy) ကို ဩစတြေးလျနိုင်ငံ၌ (၂၀၁၉) ခုနှစ်၊ မေလအထိခံယူခဲ့ပါသည်။

၂။ အဆိုပါ အမျိုးသားသည် (၂၀၂၀) ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ကျန်းမာရေး ပြန်လည်စစ်ဆေးမှု ခံယူရန်အတွက် ဩစတြေးလျနိုင်ငံသို့သွားရောက်ခဲ့ပါသည်။ ယင်းနောက် (၂၀၂၀) ပြည့်နှစ်၊ မတ်လ (၁၀) ရက်နေ့တွင် ဩစတြေးလျနိုင်ငံမှ စင်ကာပူနိုင်ငံသို့ လေကြောင်းခရီးဖြင့်သွားရောက်ခဲ့ပြီး ထိုမှတစ်ဆင့် မတ်လ (၁၄) ရက်နေ့တွင် မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ပါသည်။

၃။ ၎င်းသည် (၁၈-၃-၂၀၂၀) ရက်နေ့မှစ၍ ဖျားခြင်း၊ ချောင်းဆိုးခြင်းနှင့် လည်ချောင်းနာခြင်း ရောဂါလက္ခဏာများ ခံစားခဲ့ရသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ (၂၅-၃-၂၀၂၀) ရက်နေ့တွင် တက်ရောက်ဆေးကုသမှုခံယူခဲ့ရာ ၎င်းအား အထူးကြပ်မတ်ကုသဆောင် (ICU) တွင် ကုသမှုပေးခဲ့ပြီးဓာတ်ခွဲနမူနာရယူကာ အမျိုးသား ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)၌ (၂၆-၃-၂၀၂၀) ရက်နေ့တွင် ဓာတ်ခွဲစစ်ဆေးခဲ့ရာတွင် COVID-19 ရောဂါပိုးတွေ့ရှိ သဖြင့် ဓာတ်ခွဲအတည်ပြုလူနာ (Case–05) အဖြစ် (၂၇-၃-၂၀၂၀) ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါလူနာအား (၂၇-၃-၂၀၂၀) ရက်၊ နံနက်တွင် ဝေဘာဂီအထူးကုဆေးရုံကြီးသို့ လွှဲပြောင်း၍ အထူးကြပ်မတ်ကုသဆောင် (ICU) တွင် ဆက်လက်ကုသမှုပေးခဲ့ပါသည်။

၄။ အဆိုပါ အသက် (၆၉) နှစ်အရွယ် အမျိုးသားလူနာအား ဝေဘာဂီအထူးကုဆေးရုံကြီးရှိ ပါမောက္ခသမားတော်ကြီးများ ပါဝင်သောအဖွဲ့မှ ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သော်လည်း လူနာ၏ အခြေအနေမှာ (၃၁-၃-၂၀၂၀) ရက်နေ့၊ နံနက်ပိုင်းတွင် ပိုမိုဆိုးရွားလာပြီး နံနက် (၇:၂၅) နာရီအချိန်တွင် ကွယ်လွန်သွားခဲ့ပါသည်။ သေဆုံးရသည့် အကြောင်းရင်း (Cause of Death) မှာ –

(၁) လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်း ပိုးဝင်၍ သွေးဆိပ်တက်ခြင်း (Acute Respiratory Distress Syndrome with Septic Shock)

(၂) COVID–19 ကြောင့် ဖြစ်ပွားသော ပြင်းထန်အဆုတ်ရောင်ရောဂါ (COVID–19 with Severe Community Acquired Pneumonia)

(၃) နှာခေါင်းကင်ဆာရောဂါအားဓာတ်ရောင်ခြည်ဖြင့် ဆေးကုမှု ခံယူနေခြင်း (Underlying CA Nose with Radio Therapy) များကြောင့် သေဆုံးခဲ့သည်ဟု သတ်မှတ်ခဲ့ပါသည်။

၅။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၉-၃-၂၀၂၀) ရက်နေ့ ထုတ်ပြန်ချက်အရ COVID–19 ရောဂါဖြစ်ပွားသူများ၏ (၄၀) ရာခိုင်နှုန်းသည် သာမန်မပြင်းထန်သောရောဂါလက္ခဏာများကို လည်းကောင်း၊ (၄၀) ရာခိုင်နှုန်းသည် အလယ်အလတ် ပြင်းထန်သော ရောဂါလက္ခဏာများကို လည်းကောင်း၊ (၁၅) ရာခိုင်နှုန်းသည် ပြင်းထန်သော ရောဂါလက္ခဏာများကို လည်းကောင်း၊ (၅) ရာခိုင်နှုန်းသာ အသက်အန္တရာယ်စိုးရိမ်ရသော ရောဂါလက္ခဏာများကို လည်းကောင်း ခံစားရပါသည်။

၆။ COVID–19 ဖြစ်ပွားသူ (၁၀၀) ဦးတွင် (၅) ဦးခန့်သည် သေဆုံးနိုင်ကြောင်း လက်ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ သိရှိရပါသည်။

၇။ COVID–19 သည် အသက်အရွယ်ကြီးသူများ၊ ကင်ဆာရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုး၊ နှလုံးရောဂါ၊ အသည်းရောဂါ၊ ကျောက်ကပ်ရောဂါစသည့် နာတာရှည်ရောဂါအခံရှိသူများ၊ စတီးရွိုက်ဆေး ရေရှည်သောက်သုံးနေရသူများနှင့် ခုခံအားကျဆင်းမှုရောဂါရှိသူများတွင် ရောဂါပြင်းထန်ပြီး အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

၈။ သို့ဖြစ်ပါ၍ အဆိုပါ (Case – 05) လူနာသည် အသက်အရွယ်ကြီးရင့်ခြင်း၊ ကင်ဆာရောဂါအခံရှိခြင်းနှင့် ကင်ဆာရောဂါအတွက် ဓာတ်ရောင်ခြည် ကုသမှု ခံယူခဲ့ရသဖြင့် ခုခံအားကျဆင်းနေခြင်း အချက်များကြောင့် COVID–19 ပိုမိုပြင်းထန်ပြီး အသက်သေဆုံးရခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၃၁-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID–19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင် လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ် လည်းကောင်း၊ ပြည်သူလူထု အခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ (၃၀-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီမှ (၃၁-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီအထိ စောင့်ကြည့်လူနာအသစ် (၄၄) ဦး ရှိပါသည်။

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (၃၁-၃-၂၀၂၀) ရက်နေ့၊ ည (၇:၃၀) နာရီတွင် ထုတ်ပြန်သော ဓာတ်ခွဲစစ်ဆေးမှုအဖြေများအရ စောင့်ကြည့်လူနာနှင့် ဆေးရုံတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသော လူနာ(၆၇)ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ရာ (ဇယား–၁) တွင်ဖော်ပြထားရှိသော လူနာ (၁) ဦး၏ ဓာတ်ခွဲအဖြေတွင် COVID–19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ) ရပြီး ကျန်လူနာ (၆၆) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID–19 ရောဂါပိုးမရှိကြောင်း (မရှိကြောင်း) တွေ့ရှိရပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာ (Case–15) သည် ရန်ကုန်တိုင်းဒေသကြီး၊ နိုင်ငံခြားသားများကို ကျန်းမာရေးဝန်ဆောင်မှု ပေးနေသော ပုဂ္ဂလိကဆေးခန်းတစ်ခုတွင် အလုပ်လုပ်ကိုင်လျက်ရှိသော ဗဟန်းမြို့နယ်၌ နေထိုင်သည့် အသက် (၄၅) နှစ်အရွယ် မြန်မာနိုင်ငံသား အမျိုးသမီးတစ်ဦးဖြစ်ပြီး (၂၇-၃-၂၀၂၀) ရက်နေ့တွင် ဖျားခြင်း၊ လည်ချောင်းနာခြင်း၊ ချောင်းဆိုးခြင်း စသောလက္ခဏာများ ခံစားခဲ့ရသဖြင့် (၃၀-၃-၂၀၂၀) ရက်နေ့တွင် ဗဟန်းမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနသို့ သွားရောက်ပြသခဲ့ရာ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးသို့ ညွှန်းပို့ခဲ့၍ စောင့်ကြည့်လူနာအဖြစ် သီးသန့်ထားရှိ ဆေးကုသမှုဆောင်ရွက်ပြီး ဓာတ်ခွဲနမူနာအား ပေးပို့စစ်ဆေးခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ လူနာအား ဝေဘာဂီအထူးကု ဆေးရုံကြီးသို့ ပြောင်းရွှေ့ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး လတ်တလော ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပါသည်။

ဇယား –၁

COVID– 19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
(၃၁-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| စဉ် | အသက် | ကျား/မ | လွန်ခဲ့သော (၁၄) ရက်အတွင်း ခရီးသွားရာဇဝင် | ယခုဆေးကုသမှုခံယူလျက်ရှိသည့် ဆေးရုံ | အသွားအလာ ကန့်သတ်သည့်/ ဆေးရုံတက်ရောက်သည့် ရက်စွဲ | COVID-19 ဓာတ်ခွဲ အဖြေ |
|---|---|---|---|---|---|---|
| 15 | ၄၅ နှစ် | မ | မရှိပါ | ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး | ၃၀-၃-၂၀၂၀ | တွေ့ရှိ |

• ကျန်လူနာ (၆၆) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID–19 ရောဂါပိုးမရှိပါ။

၅။ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၄) ဦးအနက် ချင်းပြည်နယ်၊ တီးတိန်ပြည်သူ့ဆေးရုံတွင် လူနာ (၁) ဦး၊ ရန်ကုန်မြို့၊ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် လူနာ (၉) ဦးနှင့် မန္တလေးမြို့၊ ကန်တော်နဒီဆေးရုံတွင် လူနာ (၁) ဦး၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီးတွင် လူနာ (၁) ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့တွင် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံမှ ပြောင်းရွှေ့လူနာ (၁) ဦး၊ စုစုပေါင်း (၁၃) ဦးတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိပါသည်။ ဝေဘာဂီအထူးကုဆေးရုံကြီး၊ အထူးကြပ်မတ်ခန်း၌ သီးခြားထားရှိကုသမှုပေးလျက်ရှိသည့် လူနာ (၂) ဦးအနက် (၁) ဦးမှာ (၃၁-၃-၂၀၂၀) ရက်နေ့၊ နံနက်ပိုင်းတွင် သေဆုံးခဲ့ကြောင်း သတင်းရရှိပါသည်။ (အဆိုပါ လူနာ သေဆုံးခဲ့မှုကို ယနေ့၊ နေ့လယ်တွင် သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်)

၆။ ယခုအခါ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိလာသဖြင့် အဆိုပါလူနာများနှင့် အနီးကပ်ထိတွေ့ဆက်စပ်မှုရှိသူများအား ရှာဖွေဖော်ထုတ်ပြီး အသွားအလာ တားမြစ်ပိတ်ပင်၍ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူ လူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးပညာပေးအချက်အလက်များအား တိကျစွာလိုက်နာ ဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

❂ စာမျက်နှာ ၁၅ မှ

မှန်ကန်တဲ့ Source ကနေ Share လို့ သူ့နောက်ကနေ စံပြပုဂ္ဂိုလ်အနေနဲ့ သတ်မှတ်ထားလို့ အတုယူပြီး လိုက်လုပ်မယ့်လူတွေအတွက် အများကြီး Information Courage ဖြစ်စေပါတယ်။

ဆိုတော့ ကျွန်တော့်အနေနဲ့လည်း ကျောင်းတက်တုန်းက ကျန်းမာရေးအသိပညာ ရခဲ့တာရယ်၊ ခုဆက်ပြီးတော့ Career အနေနဲ့ လုပ်နေတာကတော့ သီချင်းဆိုတာပေါ့နော်။ ဒါပေမယ့် ခေါင်းထဲမှာရှိပြီးသား ဗိုင်းရပ်စ်တွေရဲ့သဘောသဘာဝနဲ့ နောက်တစ်ခါကျတော့ အသက်ရှူလမ်းကြောင်းကတစ်ဆင့် ကူးစက်တတ်တဲ့ Procedures တွေကို ကျွန်တော်ကိုယ်တိုင်လည်း ပြန်ပြီးတော့ နွှေးတာပေါ့နော်။ ဒီ ကိုဗစ်–၁၉ ကတော့ ပထမဦးဆုံးအနေနဲ့ ရှေ့က ကိုရိုနာ တွေနဲ့မတူဘဲ အသစ်ဖြစ်လာတဲ့ဟာမျိုးဆိုတော့ ဒီရောဂါကို ဘယ်လိုထိန်းချုပ်ရမလဲ၊ အတတ်နိုင်ဆုံး ကျွန်တော့်ရဲ့ ပတ်ဝန်းကျင် အများကြီးကို မမျှဝေနိုင်ရင်တောင် နီးစပ်ရာ မိသားစုနဲ့ ကျွန်တော့်ရဲ့ အသိုင်းအဝိုင်း ပုဂ္ဂိုလ်၊ ချစ်ရတဲ့ မိတ်ဆွေတွေကိုတော့ ကျွန်တော် တတ်နိုင်သလောက် ပြောပါတယ်။

မှန်ကန်တဲ့သတင်းဌာနကို ကြည့်ရှုလေ့လာပြီးတော့ ကိုယ်သိတာကို မှန်ကန်တဲ့ အထောက်အထား ခိုင်ခိုင်လုံလုံနဲ့ အများကို ပြန်လည်မျှဝေပေးဖို့ ကျွန်တော်မျှဝေပါတယ်။ ဒီနည်းကတော့ ဒါ လရိပ်လို ဘယ်လိုပြောမလဲ၊ Heart ထိစေတဲ့ Procedures မျိုး မဟုတ်ပေမယ့်လည်း ကောင်းတဲ့ အလေ့အထလေးတစ်ခုအနေနဲ့ အားလုံးအပေါ်မှာ ကျွန်တော်တို့ကို စံပြအနေနဲ့ သဘောထားပြီး မျှဝေပေးမယ်ဆိုရင်တော့ တစ်ဆင့်စကားတစ်ဆင့်နဲ့တော့ များများ ရောက်သွားမယ်လို့ ထင်ပါတယ်ခင်ဗျာ။

**ဒေါက်တာခင်မောင်လွင်**

အကယ်၍များ ကိုဖြိုးပြည့်စုံက ပေါက်ကွဲသံစဉ်နဲ့ စပ်ရမယ်ဆိုရင် ဘယ်လိုမျိုးစပ်မလဲ။ ဘယ်လို သတင်းစကားထည့်မလဲ။

**ဖြိုးပြည့်စုံ**

ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော့်ဘဝမှာ သာယာငြိမ့်ညောင်းပြီး အများအားဖြင့် အလွမ်းအဆွေးသီချင်းနဲ့ ခွာပြတာတွေ များတာပေါ့။ အဲဒီတော့ ကျွန်တော် မတတ်နိုင်ရင်တော့ တကယ် ထိထိရောက်ရောက် ပေါက်ကွဲနိုင်တဲ့ လူတွေကိုတော့ ကျွန်တော် လွှဲပြောင်းရမှာပေါ့။ သူတို့ အိုင်ဒီယာတွေယူရမှာပေါ့။ အဓိကကတော့ အဘက်ဘက်မှာ ဒီ သတင်းမှန်တွေရဖို့ အရေးကြီးသလို လူတွေက တစ်ခုခုဆိုလို့ရှိရင် မှန်ကန်တဲ့ စဉ်းစားဆုံးဖြတ်ဖို့ အချိန်ယူဖို့ လိုပါတယ်။ ဝုန်းဒိုင်းဆိုပြီး ဆုံးဖြတ်တာဟာ များသောအားဖြင့် မှန်တဲ့ရာခိုင်နှုန်းထက် မှားတဲ့ရာခိုင်နှုန်း ပိုများနိုင်တယ်ဆိုတဲ့ အသိလေးရယ် အချိန်တစ်ခု ယူပြီးတော့မှ ကိုယ့်ကိုထောက်ခံပေးမယ့်၊ ဒီသတင်းကို ထောက်ခံပေးမယ့် အဖြေတစ်ခု အတွက် ကျွန်တော်တို့ အချိန်တစ်ခုယူဖို့လိုမယ်။

လူတွေအတွေးမှာ Ventilator ကို ရောဂါဖြစ်ခဲ့ရင် ငါ့အတွက် ရှုစရာရှိပါ့မလား ဆိုတဲ့စိတ် ဖြစ်တာပေါ့။ ဒါပေမယ့် Ventilator လောက်ထိ မပူဘဲနဲ့ အရင်ဆုံး N95 Mask တွေ၊ PPE ဝတ်စုံတွေ လုံလုံလောက်လောက် ရှိရဲ့လား။ ဒီအပေါ်မှာ ကျွန်တော်တို့ အရင် အာရုံထားဖို့ လိုတာပေါ့။ False Message တွေနဲ့ Ventilator အထိ Skip ဖြစ်သွားတော့ ရှေ့ပိုင်းမှာ လိုအပ်ချက်တွေရှိတဲ့အခါကျတော့ အလှူရှင်တွေကလည်း လှူမယ်။ ဘာလှူမလဲ ဆိုတော့ Ventilator လှူမယ်ဆိုတာမျိုးတွေ ဖြစ်နေတော့ ဒီ Information ကလည်း ဥပမာ ထိရောက်တဲ့ လှူဒါန်းမှုမျိုးကမှ ထိရောက်တဲ့ ကုသမှုမျိုးအထိ သွားနိုင်တာပေါ့။ ဒါမျိုးလေး တွေအတွက်တော့ ကိုယ်ကိုယ်တိုင်လည်း မျှဝေပေးမယ်လို့ ရည်ရွယ်ထားပါတယ်။ ပေါက်ကွဲသံစဉ်လောက်တော့ မရောက်ဘူးပေါ့။

**ဒေါက်တာခင်မောင်လွင်**

ကျန်းမာရေးကနေပြီးတော့ ကျော်လွန်ထွက်နေတဲ့ လူမှုရေး၊ စီးပွားရေး နယ်ပယ်တွေမှာ ခံစားနေရတဲ့သူတွေ အများကြီးရှိပါတယ်။ လောလောဆယ် ရပ်ဆိုင်းသွားတဲ့ ဘဝရပ်တည်မှုတွေလည်း ရှိနေတယ်။ ဒီဟာအပေါ်မှာ ကျွန်တော်တို့ ဘယ်လိုဝိုင်းပြီးတော့ အားဖြည့်ကြရင် ကောင်းမလဲ။ ဆရာမကနေစပြီးတော့ နည်းနည်းလောက် စဉ်းစားပေးပါဦး။

**ဂျူး**

ပြည်သူဆီကို မှန်ကန်တဲ့သတင်း ရောက်ဖို့အတွက်ကို တာဝန်ရှိတာပဲလေ။ အဲဒီလိုပဲ စီမံ/ဘဏ္ဍာအနေနဲ့ကလည်း ထုတ်သုံးဖို့ လိုမယ့် ဘတ်ဂျက်ကို ထုတ်ပြီးတော့ သုံးရမှာပဲ။ ဘယ်ဟာက အရေးပေါ်လဲ၊ ဘယ်ဟာက အရေးပေါ် မဟုတ်ဘူးလဲဆိုတာ ဆုံးဖြတ်ရမယ့် တာဝန်လည်း ရှိတယ်။ ကျွန်မတို့ ပြည်သူလူထုအနေနဲ့ မျှော်လင့်တာကတော့ လူစုလူဝေးတွေဆီကို မသွားဖို့၊ လူစုလူဝေးမှာ ဘာသာတရားနဲ့ပဲဖြစ်ဖြစ်၊ ဖျော်ဖြေရေးနဲ့ပဲဖြစ်ဖြစ် ဘယ်လိုနည်းမျိုးနဲ့မှ လူစုလူဝေးဆီကို မသွားဖို့ပေါ့။ မြန်မာ့အသံရှိမယ်။ ရုပ်မြင်သံကြားရှိမယ်ပေါ့နော်။ အဲဒီကနေ ကျွန်မတို့ ဘယ်လောက်အထိ ပေးလို့ရမလဲ။ ဒါ Information တစ်ခုပဲ ရှိသေးတယ်။ နောက် အခုရပ်သွားတဲ့ အထည်ချုပ်စက်ရုံတွေ၊ အဲဒီမှာ ရှိနေတဲ့သူတွေ၊ အဲဒီမှာ အလုပ်လုပ်နေတဲ့သူတွေ၊ ရွာကို ပြန်ရတော့မယ့်သူတွေပေါ့။ အဲဒီလူတွေအတွက်ကရော တစ်နေ့လုပ်မှ တစ်နေ့စားရတာမျိုးတွေဆိုရင် အခု အဲဒီလိုမျိုးတွေ မလုပ်နိုင်တော့တဲ့အတွက် တစ်လကြိုပြီးတော့ လစာပေးတာတို့၊ ဒါမှ မဟုတ်ရင် နှစ်လစာ၊ သုံးလစာ ကြိုပေးတာတို့ အဲဒီအတွက်ကို အလုပ်ရုံက သူတို့ကို ဘာတွေတာဝန်ယူပေးသလဲပေါ့။ အဲဒါတွေ အကုန်လုံးမှာ လိုက်ပြီးတော့ ဆက်စပ်ပြီးတော့ ဒါစီးပွားရေး အကျိုးသက်ရောက်မှု ဖြစ်သွားပြီ။ အဲဒီလို လိုက်လုပ်ဖို့က ဝန်ကြီးဌာနတွေ အများကြီးလည်း လိုအပ်မယ်လို့ ထင်တယ်။

ပြောရမယ်ဆိုရင် ကျွန်မတို့အားလုံးက ဒါတွေနဲ့ပတ်သက်ပြီး အဘက်ဘက်ကနေပြီးတော့ ပြည်သူလူထုကို စိတ်ငြိမ်သက်အောင်ရယ်၊ စီးပွားရေးလည်း လုံခြုံမှုရှိအောင်ရယ်၊ ကျန်းမာရေးလည်း လုံခြုံမှုရှိအောင်၊ လူမှုရေးလည်း လုံခြုံမှုရှိအောင် အားလုံးလုပ်ပေးဖို့ လိုတယ်။ ကျွန်မတို့လည်း တတ်နိုင်သမျှ ဝန်းရံဖို့အတွက် စိတ်ထဲမှာ တာဝန်မကင်းသလို ခံစားရပါတယ် ဆရာ။

(ဆက်လက်ဖော်ပြပါမည်)

# ကိုဗစ်-၁၉ နှင့် ကောလာဟလများ

ခိုင်မြဲသူယျ

တရုတ်နိုင်ငံ ဝူဟန်မြို့က စတင်ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ကိုရိုနာဗိုင်းရပ်စ်သည် ကမ္ဘာ့ကပ်ရောဂါအဖြစ် တစ်ကမ္ဘာလုံးနီးနီး ပျံ့နှံ့လာပြီဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း ယခုအခါတွင် ယင်းဗိုင်းရပ်စ်ကူးစက်ခံထားရသူ ၁၅ ဦးတိတိ (မတ်လ ၃၁ ရက်နေ့အထိ) ပေါ်ထွက်လာ၏။ နိုင်ငံတော် အစိုးရသည်လည်း တစ်ကမ္ဘာလုံးအနှံ့ ယင်းဗိုင်းရပ်စ်ကူးစက်မှု အရှိန်အဟုန်မြင့်လာစဉ်ကတည်းက ကြိုတင်စီမံပြင်ဆင်မှု၊ ဆောင်ရွက်ထားမှုနှင့် အစီအစဉ်များကို လျင်လျင်မြန်မြန်ပင် စတင်အကောင်အထည်ဖော်လာ၏။

### လူထူထပ်သောနေရာများကို ရှောင်ရှား

ပြည်သူများအနေဖြင့် မကြာခဏလက်ဆေးဖို့ နှာခေါင်းစည်းတပ်ဖို့ တစ်ဦးနှင့်တစ်ဦး သုံးပေအကွာတွင် နေထိုင်ဖို့၊ တတ်နိုင်သမျှ အပြင်မထွက်ဘဲ အိမ်ထဲမှာသာနေဖို့ အစရှိသော တစ်ဦးချင်းနေထိုင်ပြုမူလိုက်နာရမည့် အချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးခဲ့သည်။ ထို့ပြင် လူစုလူဝေးနှင့် လူထူထပ်သောနေရာများကို အတတ်နိုင်ဆုံး ရှောင်ရှားကြရန်သာမက ပွဲလမ်းသဘင် အလှူမင်္ဂလာအခမ်းအနားများ ကျင်းပခြင်း မပြုလုပ်ကြရန် ဒေသန္တရအမိန့်များကိုလည်း အသီးသီးထုတ်ပြန် တားမြစ်ခဲ့သည်။

ပြည်ပမှ နိုင်ငံတွင်းသို့ ပြန်လာခဲ့သော လူများကိုလည်း လိုအပ်သော စစ်ဆေးမှုများပြုလုပ်ပြီး ဗိုင်းရပ်စ်ကူးစက်ခံထားရသော လက္ခဏာတွေ့ရှိပါက သံသယလူနာအဖြစ် သတ်မှတ်၏။ ထို့နောက် ၁၄ ရက် သီးခြားနေထိုင်စေလျက် စောင့်ကြည့်ခြင်းများ၊ ကုသခြင်းများနှင့် အမှန်တကယ် ဗိုင်းရပ်စ် ရှိ မရှိ ဓာတ်ခွဲအဖြေရှာခြင်းများ စသည်တို့ကိုလည်း ပြုလုပ်၏။ မြန်မာအစိုးရသည် ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံပိုင်မီဒီယာများနှင့် သက်ဆိုင်ရာနေရာ ဌာနအသီးသီးတွင် တိတိကျကျ မြန်မြန်ဆန်ဆန် အချိန်နှင့်အမျှ သတင်းထုတ်ပြန်ပေးသည်။ ပုဂ္ဂလိက သတင်းမီဒီယာအချို့ကလည်း ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အလားတူ အသိပေးဖော်ပြကြသည်။

**နိုင်ငံသားအားလုံး၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်ရန်ရှာနေသော ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို စည်းလုံးညီညွတ်စွာတိုက်ဖျက်ရမည့် ယခုလို အရေးကြီးဆုံးအချိန်တွင် မိမိကိုယ်တိုင်လည်း ကောလာဟလများ၊ သတင်းမှားး၊ သတင်းတုများကို ရည်ရွယ်သည်ဖြစ်စေ မရည်ရွယ်သည်ဖြစ်စေ ဖြန့်ဝေတာမျိုးမပြုလုပ်မိစေရန် အထူးအရေးကြီး**

သို့သော် အစိုးရနှင့်ပုဂ္ဂလိကမီဒီယာအချို့မှ တိကျသေချာသော သတင်းအချက်အလက်များကို ထုတ်ပြန်သော်လည်း သတင်းမှား၊ သတင်းတုနှင့် ကောလာဟလများသည် လူမှုကွန်ရက်၊ ဈေး၊ ဘူတာ၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင် အစရှိသောနေရာအချို့နှင့် လူအချို့ကြားတွင် ပျံ့နှံ့ခဲ့ကြသည်။ ကိုရိုနာဗိုင်းရပ်စ်လူနာ ၃၃ ယောက်အထိ ကူးစက်ခံနေရကြောင်း၊ ဈေးဆိုင်နှင့် ဆေးဆိုင်များ ပိတ်သိမ်းနေကြကြောင်း၊ တစ်နိုင်ငံလုံးအနှံ့ တစ်မြို့နှင့်တစ်မြို့ တစ်နေရာနှင့်တစ်နေရာကို ကူးသန်းသွားလာခွင့် မပေးတော့ဘဲ ပိတ်ပင်တားဆီးလိုက်ကြောင်း အစရှိသည့် မဟုတ်မမှန်သတင်းများ ကောလာဟလများသည် လူထုအကြား ပျံ့နှံ့ရောက်ရှိခဲ့ကြသည်။

ထိုအခါ နဂိုကြောက်ရွံ့စိတ်အခံရှိသော ပြည်သူအချို့သည် ပိုမိုကြောက်ရွံ့ ထိတ်လန့်တုန်လှုပ်ကြ၏။ ဈေးဆိုင်များသို့ စားသုံးကုန်ပစ္စည်းများကို အလုအယက် စုပြုံတိုးဝှေ့ဝယ်ယူကြသည်။ ထို့ကြောင့် ဝိသမလောဘသားအချို့က အခြေခံစားသောက်ကုန်များနှင့် အခြားကုန်ပစ္စည်းအချို့ကို ဈေးတင်ရောင်းခြင်း၊ လူအများ စုပြုံတိုးဝှေ့နေကြသဖြင့် ဗိုင်းရပ်စ်များ ပိုမိုကူးစက်လာနိုင်ခြင်း၊ ဗိုင်းရပ်စ်အပေါ်တွင် အစိုးရိမ်အကြောက်လွန်ကာ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ ရှိလာနိုင်ခြင်းတို့အပါအဝင် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ပါသည်။

### ကိုဗစ်-၁၉ စိန်ခေါ်မှုကြီးကို အနိုင်ယူ

ထိုသို့ ဘေးထွက်ဆိုးကျိုးများစွာ ဖြစ်ပေါ်လာသော ကောလာဟလများကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ပင် နိုင်ငံပိုင်ရုပ်သံမီဒီယာများမှတစ်ဆင့် မတ်လ ၂၄ ရက် ညဦးပိုင်းတွင် မိန့်ခွန်းပြောကြားခဲ့ရသည်။(ထိုအချိန်က ကိုရိုနာဗိုင်းရပ်စ်လူနာမှာ နှစ်ဦးသာရှိသေး၏။) လူများအနေဖြင့် ထိန့်လန့်ကြောက်ရွံ့တုန်လှုပ်မှုမဖြစ်ကြဘဲ ခေါင်းအေးအေးထားပြီး သတိကြီးစွာဖြင့် သက်ဆိုင်ရာအစိုးရဌာနများက ထုတ်ပြန်သော ညွှန်ကြားချက်များကို တိတိကျကျလိုက်နာဆောင်ရွက်ဖို့၊ ဈေးဝယ်စင်တာများ ပိတ်သိမ်းဖို့ အစီအစဉ်မရှိသေးသည့်အတွက် စုပြုံတိုးဝှေ့ပြီး မဝယ်ကြဖို့၊ ရောဂါလက္ခဏာပေါ်လာပါက စောစောပြော၊ စောစောသိ၊ အားလုံးအကျိုးရှိ ဆိုသကဲ့သို့ ကျန်းမာရေးဌာနသို့ အချိန်မီသွားရောက်အကြောင်းကြားဖို့၊ ဆန္ဒ၊ ဘယာ၊ ဒေါသ၊ မောဟ အစရှိသော အဂတိတရားလေးပါးတွန်းပို့ရာ ဆွဲဆောင်ရာကို မလိုက်ပါဘဲ ညီညီညွတ်ညွတ်နဲ့ ကိုယ်ချင်းစာထားသော်လည်း နှလုံးသားချင်း နီးကပ်စွာနဲ့ ရင်ဆိုင်ကြဖို့၊ ကောလာဟလတွေကို နားဝင်ပြီး လမ်းမှားပေါ်မရောက်စေရန် သတိ၊ ဝီရိယ၊ ပညာ စသည်တို့ကိုအားထားပြီး ကိုဗစ်-၁၉ စိန်ခေါ်မှုကြီးကို အနိုင်ယူကြဖို့ အစရှိသည်တို့ကို ပြောကြားခဲ့လေသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သကဲ့သို့ပင် ကျွန်တော်တို့ နိုင်ငံသားများအနေဖြင့် ကိုဗစ်-၁၉ နှင့်ပတ်သက်သော ကောလာဟလများကို အယုံလွယ်ပြီး လမ်းမှားသို့ မလိုက်ကြရန် အရေးကြီးပါသည်။

တကယ်တော့ ကျွန်တော်တို့လူသားများသည် ပင်ကိုအားဖြင့် အသိဉာဏ်ရှိသော သတ္တဝါတစ်မျိုးဖြစ်သလို ကောလာဟလသတင်းစကားများကို လွယ်လင့်တကူ ယုံကြည်တတ်ကြသော သဘောသဘာဝလည်း ရှိကြပါသည်။ ထိုအချက်ကို စာရေးဆရာကြီး ဇေယျက ၁၉၃၈ ခုနှစ်ထုတ် သူကြီးဂေဇက်ဂျာနယ်တွင် အတွေးအမြင်ဆောင်းပါးသဘောမျိုး ရေးသားခဲ့သည်။ အနည်းငယ် ကောက်နုတ်ဖော်ပြရသော်-

"ရှေ့နောက်ညီညွတ်၊ ကျိုးကြောင်းဟုတ်မှန် ဇေန်ဖြစ်သော စကားကို လူတို့သည် ယုံကြည်ရန်ခဲယဉ်း၍ နေကြသော်လည်း ယုတ္တိယုတ္တာကင်းမဲ့ အခြေ အမြစ်မရှိသော စကား၊ ရှေ့နောက် ဆက်စပ်ကြည့်ကာမျှနှင့်ပင်လျှင် မဟုတ်မမှန်ကြောင်း ဘွင်းဘွင်းကြီးပေါ်နေသော တစ်ဆင့်နားမှ တစ်ဆင့်ကြားဖြစ်သော ကောလာဟလသတင်းစကားကိုမူကား ကြားလိုက်သည်နှင့် တစ်ပြိုင်နက် ဇေန်ဒိဋ္ဌပဲဟု လျင်လျင်မြန်မြန် ယုံကြည်လိုက်သည်ကား လူတို့၌ အလွန်ပင် ထူးခြားဆန်းကြယ် အံ့သြဖွယ်ရာဖြစ်သော အချက်ကြီးတစ်ချက်ဖြစ်ချေသည်။"ဟူ၍ အစပျိုး ဖော်ပြထားပေသည်။ ဆက်လက်၍ ဆရာကြီးက ကောလာဟလသတင်းစကားကို ယုံကြည်ခြင်းသည် အကျိုးပျက်စီးနိုင်ကြောင်း ဇာတ်နိပါတ် ပုံပြင် အထောက်အထားများပေး၍ ရေးသားတင်ပြသည်။

ထို့နောက် ဆရာကြီးဇေယျက-

"လောက၌ သက်ရှိသတ္တဝါအပေါင်းတို့တွင် လူတို့ကား ဆင်ခြင်နိုင်းဆနိုင်သော အသိဉာဏ်တရား ပြည့်စုံသဖြင့် အမြင့်မြတ်ဆုံးဖြစ်ပေသည်။ ထိုသို့ ဟုတ်မှန်ကျိုးကြောင်း ကောင်းမကောင်းကို ချိန်ဆနိုင်သော သတ္တိဉာဏ်စွမ်းပင်လျှင် လူတို့၌ အကြီးဆုံး အခိုင်ဆုံးသော အကာအကွယ်ကြီးဖြစ်ပေသည်။ ထိုမျှ ကောင်းလှစွာသော အကာအကွယ်ကြီးကို မည်သို့သောအခါမျှ လက်မလွတ်ကြစေရန် အထူးသတိပြုအပ်ပေသည်" ဟူ၍ အသိဉာဏ်လည်းရှိပြီး အသိဉာဏ်ကိုလည်း အသုံးပြုတတ်သော လူသား၏တန်ဖိုးကို မြှင့်တင်ကာ အသိဉာဏ်ကို အသုံးပြုစေလိုသော စေတနာဆန္ဒနှင့် အတွေးအမြင်ကို ထုတ်ဖော်ကာ ဆောင်းပါးကို နိဂုံးချုပ်ဖော်ပြထားပါသည်။

### ထုတ်ပြန်ချက်များကို လိုက်နာကျင့်သုံး

ထို့ကြောင့် အသိဉာဏ်ရှိသော ကျွန်တော်တို့လူသားများအနေဖြင့် မိမိတို့ အကျိုးမပျက်စီးစေရန် မိမိတို့သာ အခရာကျသည်ကို နားလည်သဘောပေါက်ကြရပေမည်။ ကိုဗစ်-၁၉ နှင့်ပတ်သက်သော ကောလာဟလများကို မယုံကြည်ကြဘဲ၊ စိုးရိမ်ကြောက်ရွံ့ထိတ်လန့်မှုမဖြစ်ကြဘဲ ကောလာဟလ၏သားကောင်အဖြစ်မခံဘဲ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၏ ထုတ်ပြန်ချက်များကို လေ့လာဖတ်ရှုပြီး လိုက်နာကျင့်သုံးရန် လိုအပ်၏။

မှန်ကန်တိကျ ခိုင်မာသော သတင်းမီဒီယာများ၏ သတင်းထုတ်ပြန်ချက်များကို စောင့်ကြည့်ခြင်းဖြင့်လည်း ကောလာဟလများကို တိုက်ထုတ်ပစ်ရမည်။ကျွန်တော်တို့ ဦးနှောက်နှင့် နှလုံးသားကို အဆိပ်ခပ်သော ကောလာဟလများကို လျော့နည်းပပျောက်အောင် လုပ်ဆောင်ရပါမည်။ နိုင်ငံသားအားလုံး၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်ရန်ရှာနေသော ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို စည်းလုံးညီညွတ်စွာ တိုက်ဖျက်ရမည့် ယခုလို အရေးကြီးဆုံးအချိန်တွင် မိမိကိုယ်တိုင်လည်း ကောလာဟလများ၊ သတင်းမှား၊ သတင်းတုများကို ရည်ရွယ်သည်ဖြစ်စေ မရည်ရွယ်သည်ဖြစ်စေ ဖြန့်ဝေတာမျိုးမပြုလုပ်မိစေရန် အထူးအရေးကြီးပေသည်။

## ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ရုပ်ရှင်၊ ဂီတ အနုပညာရှင်များ၏ အသိပညာပေးနှိုးဆော်ရေးအစီအစဉ်

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုသည် မြန်ဆန်လျက်ရှိသည့်အတွက် မြန်မာနိုင်ငံ၌ အစိုးရအဖွဲ့အစည်းများက ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာဒေသများရှိ အရပ်ဘက်အဖွဲ့အစည်းများက ကျန်းမာရေးအသိပညာပေးနှိုးဆော်ရေးအစီအစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ထို့အတူ ရုပ်ရှင်၊ ဂီတ အနုပညာရှင်များကလည်း ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသိပညာပေးနှိုးဆော်ရေးအစီအစဉ်တွင် ပါဝင်ခဲ့ကြပါသည်။



### အာဇာနည်

“ လေ့ကားလက်ရန်း၊ ဓာတ်လှေကားခလုတ်၊
တံခါးလက်ကိုင် အစရှိသည့်
လူအများ ကိုင်တွယ်
ထိတွေ့လေ့ရှိသော နေရာများကို
အယ်လ်ကိုဟော ၇၀% ပါဝင်သော
ပိုးသန့်စင် ဆေးရည်နဲ့ မကြာခဏ
ပွတ်တိုက်သန့်စင်ပါ။



### ကော်နီ

“ သန့်ရှင်းစင်ကြယ်အောင်
ဆပ်ပြာနှင့်သန့်ရှင်းသောရေကို အသုံးပြုပြီး
စနစ်တကျ ဆေးကြော ထားသော
လက်နှစ်ဖက်ဖြင့် Mask ကို ကိုင်ပါ။
နှာခေါင်းအထက်နားထိ
လုံအောင်ဖုံးအုပ်ပြီးသုံးပါ။
Mask ဟာ တစ်ခါသုံးဖြစ်၍ မျက်နှာမှ
ဖယ်ရှားပြီးသည်နှင့် လုံးဝပြန်မသုံးရပါ။



### သီဟထွန်း

“ အခြားသူ သုံးထားပြီးသော Mask နှင့်
တစ်ရှူးများကိုမကိုင်ရပါ။
တစ်ကိုယ်ရေ သန့်ရှင်းမှုကို
ဂရုပြုဆောင်ရွက်ပါ။
အစာအာဟာရပြည့်ဝအောင်စားပါ။
ကောင်းမွန်စွာ အိပ်စက်အနားယူပါ။



### စနိုးကြည်ဖြူ

“ အပူချိန် 38°C (ဒီဂရီစင်တီဂရိတ်) (သို့မဟုတ်)
100.4°F (ဒီဂရီဖာရင်ဟိုက်) အဖျားရှိခြင်း၊
ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့်
ရောဂါလက္ခဏာတွေ ခံစားရပါက တတ်ကျွမ်း
နားလည်သည့် ကျန်းမာရေးပညာရှင်ထံမှ
အကြံဉာဏ် ချက်ချင်းရယူပါ။
ဒေသဆိုင်ရာအုပ်ချုပ်ရေး (သို့မဟုတ်)
ကျန်းမာရေးဌာနသို့ မဖြစ်မနေ သတင်းပို့ပါ။
ဆေးရုံ၊ ဆေးခန်းများ၌ စနစ်တကျ ကုသမှုခံယူပါ။

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော် ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရေဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီ

## မုံရွာယာယီဆေးရုံတွင် ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးသုံး ပစ္စည်းများပေးအပ်လှူဒါန်း

**မုံရွာ မတ် ၃၁**

ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ရန် စေတနာရှင်အလှူရှင်များက ရောဂါ ကြိုတင်ကာကွယ်ရေးသုံး ပစ္စည်းများပေးအပ်လှူဒါန်းမှုကို မတ် ၃၁ ရက် နံနက် ၁၀ နာရီက မုံရွာမြို့ ဒေါနခြံရပ် ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကုသရေးဆေးရုံ (ယာယီ)၌ ပြုလုပ်ခဲ့သည်။

"ကိုယ်ပူချိန်တိုင်းစက်၊ ပိုးသတ်ဆေးရည်၊ နှာခေါင်းစည်းများ၊ ဆေးဖျန်း ဂဝတ်စုံ၊ ဆေးဖျန်းပုံးနဲ့ ကာဘော်လစ်ဆပ်ပြာခဲစတာတွေ ပေးအပ်လှူဒါန်းခဲ့တာပါ" ဟု ယာယီဆေးရုံအား တည်ဆောက်လှူဒါန်းသူ ဦးမျိုးဝင်းက ပြောသည်။

မုံရွာမြို့၏ မြို့ဝင်ပေါက်ထွက်ပေါက်နေရာ ရှစ်ခုတွင် နေ့စဉ် ပြည်ပ နိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူ အများအပြားရှိရာ လူမှုကူညီရေးအသင်းသားများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ရုံးဌာနအဖွဲ့အစည်းများ ပူးပေါင်း၍ နေ့ညမပြတ် စောင့်ကြပ်ကြည့်ရှု၍ ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။ ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိရာတွင် လိုအပ်လျက် ရှိသော ကျန်းမာရေးအထောက်ကူပြု ပစ္စည်းများကို ယာယီကုသရေး ဆေးရုံ အလှူရှင် ဦးမျိုးဝင်းက ဦးဆောင်၍စေတနာရှင် အလှူရှင်များက ပေးအပ်လှူဒါန်းရာ ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူမှုကူညီရေး အသင်းများက လက်ခံသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



## ရှမ်းပြည်နယ်အတွင်း ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပစ္စည်းများလှူဒါန်း

**တောင်ကြီး မတ် ၃၁**

ရှမ်းပြည်နယ်အတွင်း ကိုဗစ် –၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပစ္စည်းများ လှူဒါန်းခြင်းကို မတ် ၃၁ ရက် မွန်းလွဲ ၃ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကုမ္ပဏီနှစ်ခုက လာရောက်လှူဒါန်းကြောင်း သိရသည်။

အဆိုပါ ကုမ္ပဏီနှစ်ခုမှာ KINCAID Group နှင့် တောင်ကြီးကျောက်မျက် ကုမ္ပဏီလီမိတက်တို့ဖြစ်ပြီး KINCAID Group က ငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိဆေးနှင့် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံများ၊ တောင်ကြီးကျောက်မျက် ကုမ္ပဏီလီမိတက်မှ ဦးစိုးလှိုင်(ခ)အကွေနှင့် ဇနီး ဒေါ်သန်းသန်းမေ၊ ဦးချစ်လှိုင် ဇနီး ဒေါ်စပယ်ဦးမိသားစုတို့က ရှမ်းပြည်နယ် အစိုးရအဖွဲ့အတွက် နှာခေါင်းစည်း ၁၈၀၀၀ ခု၊ စဝ်စံထွန်း ဆေးရုံကြီး အတွက် နှာခေါင်းစည်း ၅၄၀၀၊ အမျိုးသမီးနှင့် ကလေးဆေးရုံအတွက် နှာခေါင်းစည်း ၁၈၀၀၊ စုစုပေါင်း နှာခေါင်းစည်း ၂၅၂၀၀ ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။**မောင်မောင်သန်း(တောင်ကြီး)**




## ကိုဗစ် -၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်း

**ညောင်ဦး မတ် ၃၁**

ကိုဗစ် – ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အလှူရှင်များက ညောင်ဦးခရိုင်အဆင့်လုပ်ငန်းကော်မတီသို့ ညောင်ဦးမြို့နယ်အတွင်းရှိ စေတနာရှင်၊ အလှူရှင်၊ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့်ဌာနဆိုင်ရာများမှ အလှူငွေများနှင့် ဆေးရုံသုံးပစ္စည်းများကို မတ် ၃၀ ရက် ညနေ ၄နာရီခွဲက ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**လှူဒါန်း**

အဆိုပါ လှူဒါန်းရာသို့ ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဝန်ထမ်းများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းက ငွေကျပ် ၁၀၃၀၀၀၀၊ ခရိုင်လမ်းဦးစီးဌာန စီစဉ်မှုဖြင့် ဟိန်းညီမင်းကုမ္ပဏီက ငွေကျပ်ငါးသိန်း၊ ဦးငွေးနိုင်ခရိုင် စိုက်ပျိုးရေးမန်နေဂျာနှင့်ဇနီး ဒေါ်မြင့်စန်းကြည်က ငွေကျပ်ငါးသိန်း၊ ၁၉၉၆ ခုနှစ်အထက–၁ ကျောင်းသားဟောင်းများအသင်းက ငွေကျပ်ငါးသိန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏စီစဉ်မှုဖြင့် ဦးဘိုလေးစိုး (ဖြိုးမောက် ရတနာကုမ္ပဏီ) က နှစ်သိန်းကျပ်၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းက ငွေကျပ် ၁၀ သိန်း၊ ယွန်းထည်လုပ်ငန်းရှင်များအသင်းက ငွေကျပ်နှစ်သိန်း၊ ဦးမောင်မောင် (ပစ်တိုင်းထောင် ယွန်းထည်လုပ်ငန်း)က ငွေကျပ်တစ်သိန်း၊ ဦးဇော်ဝိတ်နှင့် ဒေါ်ငွေးဝင်း (ပုဂံမြို့) တို့က နှာခေါင်းစည်း ၅၀၀ နှင့်လက်အိတ် ၅၀၀ တို့အားလှူဒါန်းကြရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**

# ဝေဘာဂီ အထူးကုဆေးရုံကြီးရှိ ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြု လူနာများနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုမှုခံနေရသူများအတွက် အိပ်ရာသုံးပစ္စည်းများလှူဒါန်း



**ရန်ကုန် မတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီ အထူးကုဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေသော ကိုရိုနာဗိုင်းရပ်စ်ရောဂါ (ကိုဗစ်–၁၉) ဓာတ်ခွဲအတည်ပြု လူနာများနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုမှုခံနေရသူများအတွက် စေတနာရှင် ပြည်သူများက အိပ်ရာသုံးပစ္စည်းများ လှူဒါန်းမှုကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် Union Business Centre ရှိ CRAFT CAFE ၌ ပြုလုပ်သည်။

ထိုသို့ လှူဒါန်းမှုကို စေတနာရှင်ပြည်သူများ ပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်ရောဂါ (ကိုဗစ်–၁၉) ဓာတ်ခွဲအတည်ပြုလူနာများနှင့် ရောဂါစောင့်ကြပ် ကြည့်ရှုမှုခံနေရသူများအတွက် ရည်ရွယ်လှူဒါန်းသည့် မွေ့ရာ၊ အိပ်ရာခင်း၊ ခေါင်းအုံးနှင့် ခေါင်းအုံးစွပ်တို့ကို အလှူရှင်များက ဝေဘာဂီအထူးကုဆေးရုံကြီးမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ လှူဒါန်းမှုနှင့်ပတ်သက်၍ ဦးစီးဆောင်ရွက်သူ International School Yangon(ISY)မှ ဆရာမ(ငြိမ်း) ဒေါ်ရှိဇာဝင်းက "ကိုဗစ်–၁၉ ဖြစ်ပွားမှုနဲ့ပတ်သက်ပြီး ကုသ၊ စောင့်ကြည့်မှုအပိုင်းမှာ တကယ်လိုအပ်လာနိုင်တဲ့ ပစ္စည်းတွေကို မိတ်ဆွေ၊ သူငယ်ချင်းတွေစုပေါင်းပြီး လှူဒါန်းကြတာပါ။ တကယ်လိုအပ်နိုင်တဲ့ အိပ်ရာသုံးပစ္စည်းတွေပါ။ ကာလတန်ဖိုး ငွေကျပ် ၂၅ သိန်းဖိုးလောက်ရှိပါတယ်"ဟု ပြောသည်။

လက်ရှိကာလတွင် မြောက်ဥက္ကလာပမြို့နယ်ရှိဝေဘာဂီ အထူးကုဆေးရုံကြီး၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ ဓာတ်ခွဲအတည်ပြုလူနာ ၁၀ ဦး၊ ရောဂါစောင့်ကြပ်ကြည့်ရှုမှုခံနေရသူ ၂၁ ဦး၊ ရောဂါပိုး ဓာတ်ခွဲအတည်ပြုတွေ့ရှိလူနာနှင့် ထိတွေ့ခဲ့သူများဖြစ်သော စောင့်ကြည့်လူနာ ၁၇ ဦးရှိကြောင်း အဆိုပါ အထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ အေးအေးအောင်ထံမှသိရသည်။

**သတင်းနှင့်ဓာတ်ပုံ–ဇော်ကြီး**

# ကိုယ့်တိုင်းပြည် ကိုယ်ချစ်

ယုဝတီခင်ဦး

"ကြီးကြီးမေရေ.. လူတစ်ယောက် ကျန်းမာသန်စွမ်းအောင် ဘယ်လိုစားသောက် နေထိုင်မလဲ။ အတိုချုံးပြီး နားလည်အောင် ပြောပြစမ်းပါနော်" တူမလေး နွယ်နီသည် ခေါင်းလျှော်ပြီးစ နက်မှောင်သောဆံပင်ကို ဖားလျားချ၍ ကိုယ်လုံးနွဲ့နွဲ့နှောင်း ပါးဖောင်းဖောင်းတွင် သနပ်ခါး အဖွေးသားနှင့် အမွှေးနံ့စုံစွာဖြင့် နံနက်ခင်းတွင် ရောက်လာရင်း မေးသည်။

"အတိုချုံးပြောရမယ်ဆိုရင်တော့ လူတစ်ယောက်က အာဟာရပြည့်ဝအောင် ထမင်းနဲ့ဟင်းကို မျှတအောင် စားရမှာပေ့ါ.."

"ဟင်.. ကြီးကြီးမေကလည်း အဲဒီလိုပြောတာ မဟုတ်ဘူးလေ။ ထမင်းမှာ ဘာဓာတ်တွေပါတယ်။ ဟင်းကို ဘယ်လိုအသီးအရွက်၊ အသားငါးနဲ့စားရင် အားရှိမလဲဆိုတာတွေပေ့ါ" ဟု မျက်စောင်းလေးခဲပြီး မျက်တောင်ကော့ကော့ကို တဖျပ်ဖျပ်ခတ်၍ပြောတော့မှ ကျွန်မသိရက်သားနှင့် စလိုက်သည့်အတွက် ပြန်ချော့မော့၍ ထမင်းဟင်းအကြောင်း သိကောင်းစရာများကို ပြန်ပြောခဲ့ပါသည်။

"နွယ်နီရေ.. ထမင်းဟင်းဆိုတာ ဆန်က ဖြစ်တာလေ။ ရှေးတုန်းကဆိုရင် ရှေးလူကြီးလယ်သမားကြီးတွေကို စပါးကိုဆန်ဖြစ်အောင် ဆန်ထောင်းရတယ် တူမရဲ့။ အဲဒီဆန်ကို မောင်းထောင်းဆန်လို့ ခေါ်တယ်။ အဲဒီဆန်က ထောင်းရတဲ့ ဆန်ဖြစ်တဲ့အတွက် စပါးခွံတွေကွာသွားပေမယ့် ဆန်က မဖြူဘူးလေ။ ဆန်အမြေးမှာပါဝင်တဲ့ ဗီတာမင်ဓာတ်ခေါ်တဲ့ ဘီဝမ်းဓာတ်တို့၊ သက်စောင့်ဓာတ်တို့၊ ပရိုတင်းဓာတ်ပါဝင်တဲ့ ကြီးထွားဓာတ်၊ Starch ခေါ်တဲ့ အင်အားဓာတ်တို့ ဆန်လုံးတွေထဲမှာ ကျန်ခဲ့တယ်။ အဲဒီဆန်ကို လုံးတီးဆန်လို့လည်း ခေါ်တယ်။ ဆန်လုံးညိုလို့လည်း ခေါ်တယ်"

"ဒါဖြင့် ထမင်းချက်တဲ့အခါ ထမင်းရည်သွန်ပစ်တော့ အဲဒီဓာတ်တွေ ထွက်ပါသွားတော့မှာပေ့ါ ကြီးကြီးမေ"

"ဟုတ်တယ်လေ နွယ်နီ။ သာလွန်မင်းတရားကြီး တိုင်းခန်းလှည့်တဲ့အခါမှာ သူဆင်းရဲအမျိုးသမီးတစ်ဦး ထမင်းချက်ပြီး ထမင်းရည်တွေ အိုးထဲကငှဲ့ကာ သွန်ချနေတာတွေ့မြင်တော့ ဘုရင်ကြီးက ဒီထမင်းရည်တွေထဲမှာ အာဟာရဓာတ်တွေ ပါသွားကုန်ပြီ။ အဲဒီ ထမင်းရည်တွေကို ကိုယ့်ကလေးတွေ၊ အိမ်မွေးတိရစ္ဆာန်တွေ တိုက်ပါကျွေးပါလားလို့ အပြစ်တင် ဆုံးမတော်မူခဲ့တယ်"

နွယ်နီသည် စားပွဲပေါ်တင်ထားသော မာလကာသီးလေးကို လှမ်းယူပြီး တမြုံ့မြုံ့ဝါးရင်း ခေါင်းညိတ်နေသည်။

"ဆန်ထဲမှာ အသက်ကိုစောင့်တဲ့ ဘီဝမ်းဓာတ်တို့ ဗီတာမင်ဓာတ်တွေ၊ လူကိုကြီးထွားစေတဲ့ ပရိုတင်းဓာတ်တွေ၊ အင်အားရှိစေတဲ့ ဂလူးကို့(စ်)ဓာတ်တွေ အနည်း အများပါဝင်နေတယ်။ ဒါကြောင့် ငါးပိရည်ထဲက ပရိုတင်းဓာတ်နဲ့ ကန်စွန်းရွက်ပြုတ်ထဲက ဗီတာမင်သက်စောင့်ဓာတ်၊ ဆန်လုံးတီးကရတဲ့ အင်အားဓာတ်တွေရပြီးတော့ ကန်စွန်းရွက်မှာလည်း သံဓာတ်တွေပါသေးတော့ ရှေးလူကြီးသူမ၊ လယ်သမားတွေက အရပ်လည်းမြင့် ထွားထွားကျိုင်းကျိုင်းနဲ့ အားလည်းရှိ၊ အသက်လည်း ရှည်ကြတယ်လေ"

"အာဟာရဖြစ်အောင် စားတာတော့ ဟုတ်ပါပြီ ကြီးကြီးမေ။ ကိုယ်လက်လှုပ်ရှားအားကစားမပါဝင်ဘဲနဲ့ရော ကျန်းမာနိုင်ပါ့မလား" နွယ်နီသည် မာလကာသီးတစ်လုံးကို အားရပါးရစားပြီး ရေတစ်ခွက်ထပ်သောက်ရင်း မေးပြန်သည်။

"ဟုတ်တာပေ့ါ။ မှန်တယ်လေ။ လယ်သမားကြီးတွေက နွားနဲ့ထွန်တိုက်၊ စပါးစိုက်၊ စပါးရိတ်၊ လယ်သူမကြီးတွေက ကောက်စိုက်၊ ပျိုးနုတ်၊ ဆန်ထောင်း၊ ဆန်ဖွပ်၊ ကလေးတွေက နွားကျောင်း၊ လှည်းမောင်းနဲ့ ကိုယ်လက်လှုပ်ရှားနေကြတော့ ကျန်းမာရေးကကောင်းခဲ့တာပေ့ါ"

**ကိုယ်က သတိ၊ ဝီရိယနှင့် ဂရုစိုက်ပြီး ကြိုးစားရမှာက အစားအစာကို အာဟာရဖြစ်အောင်စား၊ ကိုယ်လက်လှုပ်ရှားအားကစားလုပ်၊ ကျန်းမာသန့်ရှင်းအောင် တစ်ကိုယ်ရေသန့်ရှင်းအောင်၊ ပတ်ဝန်းကျင် သန့်ရှင်းအောင်နေ၊ တယ်လီဖုန်းတွေလည်း အကြာကြီးမပွတ်နဲ့၊ ကိုယ့်တိုင်းပြည် ကိုယ်ချစ်။**

"အခုခေတ်ကျတော့ရော ကြီးကြီးမေ"

"အခုခေတ်ကျတော့..." ကျွန်မသည် နည်းနည်းစဉ်းစားလိုက်ပါသည်။

"အားလုံးက အဆင်သင့်ကြီးပဲလေ၊ ကိုယ်က သတိ၊ ဝီရိယနှင့် ဂရုစိုက်ပြီး ကြိုးစားရမှာက အစားအစာကို အာဟာရဖြစ်အောင်စား၊ ကိုယ်လက်လှုပ်ရှား အားကစားလုပ်၊ ကျန်းမာသန့်ရှင်းအောင် တစ်ကိုယ်ရေ သန့်ရှင်းအောင်၊ ပတ်ဝန်းကျင် သန့်ရှင်းအောင်နေ၊ တယ်လီဖုန်းတွေလည်း အကြာကြီးမပွတ်နဲ့၊ ကိုယ့်တိုင်းပြည် ကိုယ်ချစ်။"

## စည်းကမ်းလိုက်နာ ဘေးရန်ကွာ

- ကိုရိုနာဗိုင်းရပ်စ် မပြန့်ပွားမီ ကြိုတင်ကာကွယ်မည်၊ လူတိုင်းကိုယ်စီ တာဝန်ရှိ ကျန်းမာရေးအသိ၊
- ထိတွေ့မှုတိုင်း သတိထားရာ မကြာခဏ လက်ဆေးပါ၊ ချောင်းဆိုးနှာချေ ကာကွယ်ပြု ဖုံးအုပ်လုံခြုံမှု၊
- အသုံးပြုပြီးတစ်ရှူးကို စနစ်တကျ စွန့်ပစ်လို၊ လက်ကိုပြန်လည် စင်အောင်ဆေး တစ်ကိုယ်ရေ သန့်ရှင်းရေး၊
- လူစုလူဝေး နေရာရှောင် ကူးစက်မှုမရှိအောင်၊ အတုအယောင် သတင်းမှား ရှောင်ရှားကြစေသား၊
- ကိုယ်ခံအားလည်း ပြည့်ဝစေ အိပ်စက်အနားယူလေ၊ ကျန်းမာစေအောင် စားသောက်ကြ ပြည့်ဝအာဟာရ၊
- မိမိကစ ကာကွယ်ပါ ကူးစက်ကပ်ရောဂါ၊ စည်းကမ်းလိုက်နာ ကျန်းမာကြောင်း နှိုးဆော်သံ ခေါင်းလောင်း။ ။

အောင်မြင့်စိုး(ရေစကြို)

# ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)အား ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်မည့်နေရာအဖြစ်ဆောင်ရွက်ထားရှိရေး ဆွေးနွေး

**ရန်ကုန် မတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်မည့်နေရာအဖြစ် လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အား ရွေးချယ်ဆောင်ရွက်ထားရှိရေးအတွက် တာဝန်ရှိသူများနှင့် နံနက် ၈ နာရီတွင် အဆိုပါ တက္ကသိုလ်၏ဧည့်ရိပ်သာ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လိုအပ်ပါက ဗဟိုဝန်ထမ်းတက္ကသိုလ်၌ အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုခံရမည့်သူများ၊ ရောဂါပိုးတွေ့ရှိသူများထားရှိပြီး ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ၎င်းတို့အပါအဝင် ကျန်းမာရေးဝန်ထမ်းများ၏ နေထိုင်စားသောက်ရေးနှင့် လျှပ်စစ်မီး၊ သောက်ရေသုံးရေ၊ လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေး၊ စွန့်ပစ်ပစ္စည်းများနှင့် အမှိုက်များကို လမ်းကြောင်းအသစ် ဖောက်လုပ်ပြီး အလုံပိတ်ကားများဖြင့် သယ်ဆောင်၍ မီးရှို့ဖျက်ဆီးမည့် အစီအစဉ်များကို ဆောင်ရွက်နိုင်ရန် အမြန်ဆုံး ပြင်ဆင်ထားရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဗဟိုဝန်ထမ်းတက္ကသိုလ် ပါမောက္ခ ဦးကျော်ဝင်းဟန်နှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အဆောင်များတွင် ပြင်ဆင်ဆောင်ရွက်ထားရှိမည့် အခြေအနေများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စောင့်ကြပ်ကြည့်ရှုခြင်းခံရသူများ၊ စောင့်ကြပ်ကုသရေးနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် အသုံးပြုမည့် အဆောက်အဦများကို လိုက်လံကြည့်ရှုသည်။ ဆက်လက်၍ ကျွန်းကလေးကျေးရွာ ဓမ္မမာမက သာသနာ့ရိပ်သာ ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လိုအပ်ပါက ရိပ်သာတွင် စောင့်ကြပ်ကြည့်ရှုမည့်သူများအား ၁၄ ရက်ကြာ ထားရှိမည်ဖြစ်သည့်အတွက် ခွင့်ပြုပေးရန်နှင့် ကြိုတင် ပြင်ဆင်ဆောင်ရွက်ထားရှိမည့် အစီအမံများ လျှောက်ထားပြီး ပြင်ဆင်ဆောင်ရွက်မည့်နေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)



# ကန်းထရီးတေးသံရှင် ဂျိုးဒက်ဖီ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရပြီး ကွယ်လွန်

ဂရမ်မီဆုရှင် ကန်းထရီးတေးသံရှင်တစ်ဦးဖြစ်သူ ဂျိုးဒက်ဖီဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက်နှစ်ရက်အကြာမှာ ကွယ်လွန်သွားခဲ့တာဖြစ်ကြောင်း စကိုင်းနယူးစ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်အရ သိရပါတယ်။

အသက် ၆၁ နှစ်အရွယ် ကန်းထရီးတေးသံရှင် ဟာ ၁၉၉၀ ပြည့်နှစ်တွေကတည်းက အမေရိကန်မှာ ကျော်ကြားခဲ့တဲ့ တေးသံရှင်တစ်ဦးဖြစ်ပြီး သူ့ရဲ့ တေးအယ်လ်ဘမ်တွေ အနက် နှစ်ခုဟာ ပလက်တီနမ်အဆင့် သတ်မှတ်ခံခဲ့ရကြောင်းလည်း သိရပါတယ်။

မတ် ၂၇ ရက်မှာ ဂျိုးဒက်ဖီက သူ့မှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်း ထုတ်ဖော်ပြောကြားခဲ့တာပါ။ သူဟာ ကန်းထရီးတေးသံရှင်တွေအနက် ဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း ပထမဆုံးထုတ်ဖော်ပြောကြားခဲ့သူလည်း ဖြစ်ပါတယ်။

ဂျိုးဒက်ဖီရဲ့ ကိုယ်စားလှယ်ဖြစ်သူ စကော့ထ်အက်ကင်က တေးသံရှင်ဟာ မတ် ၂၉ ရက်က အိုကလာဟိုးမားပြည်နယ် ဆယ်လ်ဆာမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရပြီး နောက်ဆက်တွဲရောဂါတွေကြောင့် ကွယ်လွန်ခဲ့တာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ လက်ရှိမှာ အမေရိကန်ပြည်ထောင်စုဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အများဆုံးသော နိုင်ငံဖြစ်နေကြောင်းလည်း သိရပါတယ်။



# ပရိသတ်တွေကို နေအိမ်ကနေ ဖျော်ဖြေပေးခဲ့တဲ့ ဂျက်စတင်ဘီဘာ

ကနေဒါပေ့ါပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာဟာ လတ်တလောမှာ ဇနီးဖြစ်သူ ဟေလီဘော်ဝင်န်နဲ့အတူ ကနေဒါမှာ ရောက်ရှိနေပြီး နေအိမ်မှာပင် အသွားအလာကန့်သတ်နေထိုင်နေတဲ့ကာလအတွင်း ပရိသတ်တွေကို အွန်လိုင်းပေါ်ကနေတစ်ဆင့် တေးသီချင်းတစ်ပုဒ်ကို ဖျော်ဖြေခဲ့ကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နှစ်စဉ်ကျင်းပမြဲဖြစ်ပြီး ကြီးမားတဲ့ တေးဂီတ ဖျော်ဖြေပွဲတစ်ခုလည်းဖြစ်တဲ့ Coachella ဖျော်ဖြေပွဲ ရွှေ့ဆိုင်းခဲ့ရတာကြောင့် တေးဂီတဖျော်ဖြေပွဲတွေကို တောင့်တနေတဲ့ ပရိသတ်တွေအတွက် ဂျက်စတင်ဘီဘာက သူ့ရဲ့ တေးသီချင်း Changes ကို ဖျော်ဖြေပေးခဲ့တာပါ။ မတ် ၃၀ ရက်မှာ အသက် ၂၆ နှစ်အရွယ် တေးသံရှင် ဂျက်စတင်ဘီဘာက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေ တိုက်ရိုက်ထုတ်လွှင့်မှုအတွင်း အဆိုပါ တေးသီချင်းကို ကိုယ်တိုင်တီးကာ ဖျော်ဖြေခဲ့တာလည်းဖြစ်ပါတယ်။

ဂျက်စတင်ဘီဘာနဲ့ ဟေလီဘော်ဝင်န်တို့ဟာ လော့စ်အိန်ဂျလိစ်မှာ မနေတော့ဘဲ အမေရိကန်-ကနေဒါနယ်စပ်တွေကို မတ် ၁၈ က ပိတ်ခဲ့တာကြောင့် အဲဒီနေ့မတိုင်မီကတည်းက ကနေဒါမှာ ရောက်ရှိနေထိုင်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။





# ကလေးတွေနဲ့ခပ်ခွာခွာနေကာ အသွားအလာကန့်သတ်ထားတဲ့ ကာလတွေကို ကျော်ဖြတ်နေတဲ့ အန်ဂျလီနာဂျိုလီ

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ အန်ဂျလီနာဂျိုလီဟာ ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် နေအိမ်မှာပင် အသွားအလာကန့်သတ်ကာ နေထိုင်နေရတဲ့ ကာလအတွင်း သူ့ရဲ့ ကလေးတွေနဲ့လည်း ခပ်ခွာခွာလေးနေနေကြောင်း ဟာပါဘဇာဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အန်ဂျလီနာဂျိုလီဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုတွေကြောင့် ကျောင်းတွေ ပိတ်လိုက်ရာမှာ ဆင်းရဲတဲ့မိသားစုတွေက ကလေးငယ်တွေ အာဟာရပြည့်ဝစေဖို့ရာ အစားအသောက် ဖြည့်ဆည်းပေးနိုင်ရေးရည်ရွယ်ကာ အမေရိကန်ဒေါ်လာ တစ်သန်း လှူဒါန်းခဲ့တာကိုလည်း တွေ့ရပါတယ်။ ဟောလိဝုဒ်ကြယ်ပွင့်ဟာ တတ်နိုင်တဲ့ဘက်က ပါဝင်ကူညီရင်း ကိုရိုနာဗိုင်းရပ်စ်ကို ထိန်းချုပ်ကျော်လွှားနိုင်ရေး ကြိုးပမ်းမှုမှာ ပါဝင်ခဲ့ပါတယ်။ ဒ့ါအပြင် ကိုယ်တိုင်ကလည်း အသွားအလာကန့်သတ်ခြင်းလုပ်ဆောင်ကာ ကလေးတွေနဲ့ပင် ခပ်ခွာခွာနေထိုင်ခဲ့တာကိုလည်း တွေ့ရပါတယ်။

အန်ဂျလီနာဂျိုလီနဲ့ ခင်ပွန်းဟောင်းဖြစ်သူ ဘရက်ပစ်တို့ရဲ့ ကလေး ခြောက်ဦးစလုံးဟာ လက်ရှိမှာ အန်ဂျလီနာဂျိုလီနဲ့အတူ ကယ်လီဖိုးနီးယားမှာ နေထိုင်လျက်ရှိပါတယ်။ တောင်ကိုရီးယား ယန်ဆဲတက္ကသိုလ်မှာ သွားရောက်ပညာသင်နေတဲ့ သားကြီးဖြစ်သူ မက်ဒ့ါဇ်ကလည်း မိခင်နဲ့အတူ ရှိနေတာဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုတွေကြောင့် နေအိမ်မှာပင် အွန်လိုင်းကနေတစ်ဆင့် သင်ခန်းစာတွေကို သင်ယူနေတာဖြစ်တယ်လို့လည်း သိရပါတယ်။

# ရုပ်သံအစီအစဉ်မှာ နေအိမ်မှပင် ပါဝင်ဖျော်ဖြေပေးခဲ့တဲ့ BTS

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသား တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ လတ်တလောမှာ ဂျိမ်းစ်ကော်ဒန်ရဲ့ ရုပ်သံအစီအစဉ်မှာ ပါဝင်ဖျော်ဖြေခဲ့ပါတယ်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုတွေကြောင့် နေအိမ်မှာပင် ကန့်သတ်နေထိုင်နေရတဲ့ ကာလအတွင်းမှာ တစ်ကမ္ဘာလုံးကို ထုတ်လွှင့်နေတဲ့ အဆိုပါ ရုပ်သံအစီအစဉ်အတွက် နေအိမ်မှပင် ပါဝင်ဖျော်ဖြေခဲ့တာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၃၀ ရက်က ထုတ်လွှင့်ခဲ့တဲ့ ဂျိမ်းစ်ကော်ဒန်ရဲ့ အစီအစဉ် HomeFest: James Corden's Late Late Show Special မှာ ပါဝင်ခဲ့ပါတယ်။ အဆိုပါ အစီအစဉ်အတွင်း BTS က အဖွဲ့ရဲ့ ကျော်ကြားတဲ့ တေးသီချင်း Boy with Luv ကို ဖျော်ဖြေကာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် နေအိမ်မှာပင်အသွားအလာကန့်သတ်နေထိုင်ရသူတွေကို အားပေးခဲ့ပါတယ်။

ဒ့ါအပြင် ပရိသတ်တွေကို နေအိမ်မှာပင် နေထိုင်ရန် ပြောကြားခဲ့ပြီး နေအိမ်မှာနေရတာကြောင့် ခက်ခဲပင်ပန်းနေကြတဲ့ ပရိသတ်တွေအတွက် အဖွဲ့ရဲ့ အကခန်းမမှာ တေးသီချင်းကို ဖျော်ဖြေပေးခဲ့ကာ ရုပ်သံအစီအစဉ်ကနေ ထုတ်လွှင့်ခဲ့ပါတယ်။ အသွားအလာကန့်သတ်မှုကို အဖွဲ့ဝင်တွေလည်း လိုက်နာနေထိုင်နေကြောင်း၊ လက်ရှိကာလမှာ အခက်အခဲတွေ ရင်ဆိုင်ခဲ့ရကြောင်း၊ ဒီလို အခက်အခဲတွေကို အဖွဲ့ဝင်တွေ အတူတကွ ကျော်ဖြတ်နေကြကြောင်းလည်း ပရိသတ်တွေကို ရင်ဖွင့်ခဲ့တယ်လို့ သိရပါတယ်။

# ဆံပင်ပုံစံသစ်နဲ့ ပါ့ခ်ဆိုးဂျွန်

တောင်ကိုရီးယား မင်းသား ပါ့ခ်ဆိုးဂျွန်ဟာ မကြာသေးမီက ထုတ်လွှင့်ပြီးစီးသွားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင် Itaewon Class မှာ အဓိကဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့ပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲမှာ မင်းသားဟာ ကတုံးဆံပင်ပုံစံနဲ့ဖြစ်ကာ လတ်တလောမှာတော့ ပါ့ခ်ဆိုးဂျွန်နဲ့ တွဲဖက်ကာ သိမှတ်ထားတဲ့ အဆိုပါပုံစံကို ပြောင်းလဲကာ ဆံပင်အနည်းငယ်ရှည်လာခဲ့ပြီဖြစ်ပါတယ်။ လတ်တလောမှာတော့ မင်းသားက ဆံပင်ပုံစံသစ်နဲ့ သူ့ရဲ့ ဓာတ်ပုံကို လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Itaewon Class မှာ ပါဝင်ထားရာမှာ ပါ့ခ်ဆိုးဂျွန်ဟာ သစ်အယ်သီးပုံဆံပင်နဲ့ ပရိသတ်တွေကို အံ့အားသင့်စေခဲ့ပါတယ်။ သူ့ရဲ့ ဆံပင်ပုံစံဟာ အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ထားသူတစ်ဦးအတွက် ထူးခြားတဲ့အပြင်အဆင် ဖြစ်ခဲ့ပြီး ပရိသတ်တွေကလည်း ဒီအပြင်အဆင်ကို နှစ်ခြိုက်ကာ သစ်အယ်သီးပုံဆံပင်နဲ့ ပါ့ခ်ဆိုးဂျွန်ကို တွဲဖက်ကာ မှတ်သားထားကြပါတယ်။

လတ်တလောမှာ ပါ့ခ်ဆိုးဂျွန်ဟာ ဇာတ်လမ်းတွဲ ပြီးဆုံးသွားပြီဖြစ်တာကြောင့် ဆံပင်အရှည်ထားရာမှာ အနည်းငယ် ရှည်လာပါပြီ။ မင်းသားက ဆံပင်ပုံစံသစ်ညှပ်ကာ သူ့ရဲ့ ဓာတ်ပုံကို အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ရာမှာ နာနတ်သီးပုံဆံပင်နဲ့ ပါ့ခ်ဆိုးဂျွန်လို့ အဆိုပါမီဒီယာက ဖော်ပြခဲ့ပါတယ်။

မတ် ၃၀ ရက်မှာ ပါ့ခ်ဆိုးဂျွန်က ဆံပင်ပုံစံသစ်နဲ့ ဓာတ်ပုံကို အင်စတာဂရမ်ပေါ်မှာ ဖော်ပြခဲ့တာပါ၊ သစ်အယ်သီးပုံစံနဲ့ရှိခဲ့စဉ်က အဆိုပါဆံပင်ပုံစံဟာ အမျိုးသား ပရိသတ်တွေအကြား လူကြိုက်များခဲ့ပြီး လက်ရှိနာနတ်သီးပုံစံဟာလည်း ခေတ်စားလာဦးမလားလို့လည်း အဆိုပါမီဒီယာက ဖော်ပြခဲ့ပါတယ်။



# တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေတဲ့ ဝူယောင်း



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ 2PM ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဝူယောင်းဟာ လတ်တလောမှာ သူ့ရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၃၁ ရက်မှာ အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီက ဝူယောင်းအနေနဲ့ တေးသီချင်းသစ်တွေ ဖန်တီးနေကြောင်း အတည်ပြုပြောကြားခဲ့တာ ဖြစ်ပါတယ်။ စစ်မှုထမ်းဆောင်ပြီးနောက် တေးဂီတလှုပ်ရှားမှုသစ်တွေ လုပ်ဆောင်ဖို့ရာ ကြိုးပမ်းနေတဲ့ ဝူယောင်းဟာ လာမယ့် နွေရာသီအတွက် ရည်ရွယ်ထုတ်လွှင့်သွားမယ့် တစ်ကိုယ်တော် တေးအယ်လ်ဘမ်သစ်အတွက် တေးသီချင်းတွေ ပြင်ဆင်နေတာဖြစ်တယ်လို့ သိရပါတယ်။

အေးပြည့် – စုစည်းသည်

# မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဈေးဝယ်စင်တာကြီးများအတွင်း အခြေခံစားသောက်ကုန်နှင့် ဆေးဝါးများ ရောင်းချသည့်ဆိုင်များမှလွဲ၍ အခြားဆိုင်များ ယာယီပိတ်သိမ်းသွားမည်

**ရန်ကုန် မတ် ၃၁**

ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါထိန်းချုပ်ကုသနိုင်ရေးအတွက် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဈေးဝယ်စင်တာကြီးများအတွင်း အခြေခံစားသောက်ကုန် (ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ကုန်ခြောက်ပစ္စည်းများကဲ့သို့)နှင့် ဆေးဝါးများမှလွဲ၍ အခြားလူသုံးကုန်ပစ္စည်းများ၊ အများပြည်သူအတွက် အရေးကြီးလိုအပ်ခြင်းမရှိသော ကုန်ပစ္စည်းများကို လက်လီ/လက်ကား ရောင်းချခြင်းအား မတ် ၃၁ ရက်မှ ဧပြီ ၉ ရက်အထိ ယာယီပိတ်သိမ်းသွားရန်နှင့် လိုအပ်ပါက ပိတ်သိမ်းကာလကို ထပ်မံတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်မှုကို မတ် ၃၀ ရက် နံနက်ပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပြုလုပ်သည့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့် လုပ်ငန်းကော်မတီအစည်းအဝေး အမှတ်စဉ် (၂/ ၂၀၂၀) ဆုံးဖြတ်ချက်အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ဈေးဝယ်စင်တာကြီးများမှာ မင်္ဂလာမွန်ဈေး၊ မင်္ဂလာဈေး၊ ယုဇနပလာဇာ၊ ရွှေမင်္ဂလာဈေးနှင့် ရွှေပြည့်စုံဈေးတို့ဖြစ်ပြီး အဆိုပါဈေးကြီးများသည် အများပြည်သူဝင်ထွက် သွားလာမှုများပြားသည့် ဈေးကြီးများဖြစ်သည့်အတွက် ဝင်ထွက်သွားလာသူ လျှော့ချကန့်သတ်နိုင်ရေးနှင့် ကူးစက်မြန်ရောဂါ ထိန်းချုပ်နိုင်ရေးရည်ရွယ်ကာ ယာယီပိတ်သိမ်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"အခြေခံစားသောက်ကုန်တွေရယ်၊ ဆေးဝါးတွေရယ် အဲဒါတွေကတော့ ပြည်သူတွေအတွက် အရေးတကြီး လိုအပ်တဲ့အရာတွေပေါ့၊ မလိုအပ်တဲ့အရာတွေကိုတော့ ခဏလေးပေါ့နော်၊ အဝင်အထွက်လေး ထိန်းချုပ်တဲ့သဘောပါ၊ အခြေခံစားသောက်ကုန်ရယ် ဆေးဝါးရယ်ကတော့ မဖြစ်မနေ ဖွင့်ကိုဖွင့်ရမှာလေ၊ ကျန်တဲ့ဟာကတော့ အရေးတကြီး မလိုအပ်တဲ့ဟာတွေကို ခဏပိတ်ထားဖို့ အဲလိုပြောတာပါ၊ အဓိကကတော့ အဝင်အထွက်နည်းနည်းလျှော့ချချင်တာပါ"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တောင်ပိုင်းခရိုင်မှူး ဒေါ်ခင်စောဝေက ပြောသည်။

ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ထိန်းချုပ်ကုသနိုင်ရေးအတွက် လူသုံးကုန်ပစ္စည်းများ၊ အများပြည်သူအတွက် အရေးတကြီးလိုအပ်ခြင်းမရှိသော ကုန်ပစ္စည်းများအား ရောင်းချခြင်း ပိတ်သိမ်းခဲ့သော်လည်း ဈေးဝယ်စင်တာကြီးများအတွင်း အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ကုန်ခြောက် ပစ္စည်းများနှင့် ဆေးဝါးများ ရောင်းချသည့်ဆိုင်များအား ပိတ်သိမ်းခြင်းမရှိဘဲ ဆက်လက်ရောင်းချခွင့်ပေးထားကြောင်း သိရသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် မတ် ၂၆ ရက်နှင့် ၂၉ ရက်တို့တွင် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်သည့် သတင်းထုတ်ပြန်မှုအရ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ အမှတ်စဉ် (၅) နှင့် အမှတ်စဉ်(၁၀) တို့သည် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း နေထိုင်သူများဖြစ်ကြောင်း သိရသည်။

**အေးမင်းသူ၊ ဇာနည်မောင်**



# မိတ္ထီလာမြို့၌ သောက်သုံးရေများလှူဒါန်း

**မိတ္ထီလာ မတ် ၃၁**

မိတ္ထီလာမြို့ ကမ်းလင့်မယ့်လက်များ ပရဟိတသွေးလှူရှင်အသင်းမှ သောက်သုံးရေ အခက်အခဲ ဖြစ်ပေါ်နေသည့် လဲတောကျေးရွာ မြစိမ်းတောင်ဘုန်းတော်ကြီးကျောင်းသို့ မတ် ၃၀ ရက် နံနက်က သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ကမ်းလင့်မယ့်လက်များ ပရဟိတသွေးလှူရှင်အသင်းမှ သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသည့် မိတ္ထီလာခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ မိဘမဲ့ဂေဟာများနှင့် ရပ်ကွက်/ကျေးရွာများသို့ သွား ရောက်၍ သောက်သုံးရေများ လှူဒါန်းလျက်ရှိရာ မလှိုင်မြို့နယ် လဲတောကျေးရွာ မြစိမ်းတောင် ဘုန်းတော်ကြီးကျောင်းသို့ ငါးလီတာဆံ့ သောက်သုံးရေသန့်ဘူးကြီး ၂၀၀ ကို ကမ်းလင့်မယ့်လက်များ ပရဟိတသွေးလှူရှင်အသင်းမှ အဖွဲ့ဝင်များက သွားရောက်လှူဒါန်းခဲ့ကြောင်း၊ သာစည်မြို့နယ်ရှိ ဖိုကုန်း၊ ကံဆွယ်၊ ကတ်ကျေးအင်း၊ ရွာပုလဲကြီး၊ ရွာပုလဲလေးကျေးရွာများအပြင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင် ၃၀၆ မိုင် ၂ ဖာလုံဘေးရှိ YGW မိဘမဲ့ကျောင်းသို့ ငါးလီတာဆံ့ ရေသန့်ဘူး ၂၀၀ ကို လစဉ် သွားရောက်၍ သောက်သုံးရေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း ကမ်းလင့်မယ့်လက်များ ပရဟိတသွေးလှူရှင်အသင်းမှ ဦးဆောင်သူ ဦးအောင်ဆန်းက ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မုံရွာအခြေပြု ချင်းတွင်းမြစ်အထက်ပိုင်းပြေးဆွဲနေသည့် ရေယာဉ်လိုင်းအချို့ ယာယီရပ်နားမည်



**မုံရွာ မတ် ၃၁**

မုံရွာအခြေပြု ချင်းတွင်းမြစ်အထက်ပိုင်းပြေးဆွဲနေသည့်ရေယာဉ်လိုင်းအချို့ ယာယီရပ်နားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဦးဖြိုးမင်းခင်ထံမှသိရသည်။

"အမြန်ရေယာဉ်လိုင်းတွေ ယာယီရပ်နားတာပါ။ အခုလက်ရှိ ရေယာဉ်အသင်းတွေကနေစုပြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဆီ စာတင်ထားပါတယ်။ ဧပြီ ၁ ရက်ကစပြီး ယာယီရပ်နားပါမယ်။ မုံရွာနဲ့ခန္တီးပြေးဆွဲနေတဲ့ ရွှေလမ်းသစ်၊ ဖွဲ့ထက်နိုင်၊ မုံရွာနဲ့ ဟုမ္မလင်းပြေးနေတဲ့ ရွှေပြည်ကမ္ဘာ၊ မုံရွာနဲ့ ကင်းပြေးနေတဲ့ အောင်စိုးမိုးကျော် ရေယာဉ်အသင်းတွေ ယာယီရပ်နားတာပါ။ ယာယီရပ်နားတာက ဧပြီ ၁ ရက်ကနေ ၁၈ ရက်အထိ ယာယီရပ်နားတာပါ။ ကျန်တဲ့မုံရွာခန္တီးလိုင်းနဲ့တခြားလိုင်းတိုလေးတွေကတော့ပြေးဆွဲမှာပါ"ဟု ဦးဖြိုးမင်းခင်က ဆက်လက်ပြောပြသည်။

ချင်းတွင်းမြစ်အတွင်း မုံရွာနှင့်ခန္တီး ပြေးဆွဲနေသည့် ရွှေလမ်းသစ်၊ ဖွဲ့ထက်နိုင်၊ မုံရွာနှင့်ဟုမ္မလင်းပြေးနေသည့်ရွှေပြည်ကမ္ဘာ၊ မုံရွာနှင့် ကင်းပြေးနေသည့်အောင်စိုးမိုးကျော်ရေယာဉ်အသင်းတို့သည် ဧပြီ ၁ ရက်မှစ၍ ၁၈ ရက်အထိ ယာယီရပ်နားမည်ဖြစ်သည်။

ခရီးသည်လိုက်ပါမှု နည်းလာခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်သည့်အနေဖြင့် ရေယာဉ်လိုင်းကို ယာယီရပ်နားလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိမှာရေကြောင်းကလည်း ကျပ်လာပြီ။ ခရီးသည်လိုက်ပါမှုကလည်း ကျောင်းသားတွေ ပြန်သွားပြီဖြစ်တာမို့ လုံးဝမရှိတော့ဘူး။ ခရီးသည်က တစ်ယောက် နှစ်ယောက်ပဲပါတော့တယ်။ အစုန်ဆိုလုံးဝမပါတော့ဘူး။ ဒါကြောင့်မို့ မုံရွာနဲ့ဟုမ္မလင်းတစ်နေ့ကို အမြန်ရေယာဉ်သုံးစင်းပြေးဆွဲရင် တစ်စင်းပဲ ပြေးတော့မယ်။ ချုံ့လိုက်တဲ့ သဘောပါ။ မော်တော်တွေကလည်း အရှုံးပေါ်နေတယ်လို့ တင်ပြလာတယ်။ ကိုဗစ်-၁၉ ရောဂါကာကွယ်တဲ့အနေနဲ့ တစ်စိတ်တစ်ပိုင်းပါပါတယ်။ ယာယီ ရပ်နားတာပါ"ဟု ဦးဖြိုးမင်းခင်က ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မင်းတပ်မြို့ မြို့မဈေး၌ ပိုးသတ်ဆေးဖျန်း

**မင်းတပ် မတ် ၃၁**

ချင်းပြည်နယ် မင်းတပ်မြို့ မြို့မဈေး၌ မတ် ၃၀ ရက် ညနေ ၃ နာရီတွင် စည်ပင်သာယာရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ကြောင်း သိရသည်။

ဈေးအတွင်း၌ ရောင်းချသည့် သားငါးများနှင့် ဟင်းသီးဟင်းရွက်များ ဈေးတန်းနေရာများတွင် ပိုးမွှားများသန့်စင်ရန်၊ ပိုးမွှားအန္တရာယ်များကင်းရှင်းစေရန်နှင့် မိဘပြည်သူများ သန့်ရှင်းလတ်ဆတ်၍ အာဟာရပြည့်ဝသည့် အစားအစာများ ဝယ်ယူစားသုံးနိုင်ရန် ရည်ရွယ်၍ ပိုးသတ်ဆေးများဖျန်းပေးခြင်းဖြစ်ကြောင်း စည်ပင်သာယာရေးဦးစီးဌာနမှ သိရသည်။

**ခွီရှိန်းမောင်း(ခရိုင်ပြန်/ဆက်)**

# မီးဘေးသင့်ကျေးရွာများသို့ ယင်လုံအိမ်သာ ၇၁ လုံးပေးအပ်

**ငဖဲ မတ် ၃၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် အိုင်းမကျေးရွာအုပ်စု အိုးပြင်မဲကျေးရွာ မီးဘေးသင့် ကျေးရွာပြည်သူများထံသို့ မကွေးတိုင်းဒေသကြီး ကျန်းမာရေးမှူးအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ချမ်းသင်၊ ဒု-ဥက္ကဋ္ဌ ဦးသက်နိုင်ဝင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း(မကွေးတိုင်းဒေသကြီး)နှင့် စေတနာရှင်များ စုပေါင်းလှူဒါန်းသော ယင်လုံအိမ်သာ ၄၁ လုံး၊ မကွေးပရဟိတအသင်းက လှူဒါန်းသော ယင်လုံအိမ်သာအလုံး ၃၀ စုစုပေါင်းယင်လုံအိမ်သာ ၇၁ လုံး ဆောက်လုပ်ပြီးစီးပြီဖြစ်၍ အဆိုပါယင်လုံအိမ်သာများကို ယနေ့နံနက်ပိုင်းက အိမ်တိုင်ရာရောက်ပို့ဆောင် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မယု(ငဖဲ)**

# ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီမှ အထောက်အကူပြုပစ္စည်းများ ဝယ်ယူ

**ကျောက်ပန်းတောင်း မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကြီးကြပ်မှုကော်မတီတွင် မြို့ပေါ်ရပ်ကွက်များ၊ လုပ်ငန်းရှင်များထံမှ အလှူငွေကျပ် ၁၂၉၄၀၀၀၀ လက်ခံရရှိထားပြီး အထောက်အကူပြုပစ္စည်းများ အဆင်သင့်ဝယ်ယူထားရှိပြီးဖြစ်ကြောင်းကို မတ် ၃၀ ရက် နံနက် ၁၀ နာရီက ပြုလုပ်သည့် ကြီးကြပ်မှုကော်မတီအစည်းအဝေးမှ သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးကြီးကြပ် မှုကော်မတီကို ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့်လူမှုရေးအသင်းအဖွဲ့များ၊ လူငယ်အဖွဲ့များနှင့် ဖွဲ့စည်းထားရှိပြီး၊ ဆပ်ကော်မတီအလိုက် ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆပ်ကော်မတီများတွင် မြို့မိမြို့ဖများနှင့်ပြင်ပဆရာဝန်များ ပူးပေါင်းပါဝင်သော ရန်ပုံငွေရှာဖွေရေးဆပ်ကော်မတီမှ မတ် ၂၉ ရက်အထိ အလှူခံရရှိငွေစုစုပေါင်းမှာ ငွေကျပ် ၁၂၉၄၀၀၀၀ ဖြစ်ကြောင်းသိရသည်။

အဆိုပါအလှူခံရရှိငွေများဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ် ကုသရေး လုပ်ငန်းများအတွက် လိုအပ်မည့် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံများ၊ Surgical Mask များနှင့် N-95 Mask များ၊ ပိုးသတ်ဆေးဖျန်းပုံးများနှင့် ပိုးသတ်ဆေးရည်များ၊ လက်သန့်ဆေးရည်များ အစရှိသည့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို အရန်သင့်ဝယ်ယူထားရှိပြီး လုပ်ငန်းဆောင်ရွက်ရန်လိုအပ်သည့် ကော်မတီဝင်များ၊ စေတနာ့ဝန်ထမ်းများအတွက် မြို့နယ်ထွေ/အုပ်ရုံးမှတစ်ဆင့် ထုတ်ပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။

ထို့အပြင် မြို့ပေါ်တွင်ဖွင့်လှစ်ထားသည့်ပုဂ္ဂလိကဘဏ်များမှတာဝန်ခံများအား ခေါ်ယူတွေ့ဆုံ၍ ကိုဗစ်-၁၉ ကူးစက်ရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်စေရေးအတွက်ဘဏ်များတွင်ငွေသွင်း/ငွေထုတ်လာသူများအား စုပြုံဆောင်ရွက်ခြင်းမပြုစေဘဲ၊ လူခွဲ၍ဆောင်ရွက်ရန်နှင့် တစ်ဦးနှင့်တစ်ဦး အကွာအဝေးသတ်မှတ် ဆောင်ရွက်ကြ စေရန် ဆွေးနွေးပြောကြားခဲ့သည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# သုံးခွမြို့နယ်၌ လမ်းကူးကွန်ကရစ်တံတား ၃၂ စင်းနှင့် တံတားတစ်စင်းတည်ဆောက်မည်

**ရန်ကုန် မတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် လမ်းကူးကွန်ကရစ်တံတား ၃၂ စင်းနှင့်တံတားတစ်စင်းတည်ဆောက်မည်ဟုသိရှိရသည်။ ယခုအခါ လမ်းကူးကွန်ကရစ်တံတား ၁၆ စင်းနှင့် အမှတ်၈ရပ်ကွက်တွင် ပဒုမ္မာလမ်းနှင့် ဗန္ဓုလလမ်းတို့ကိုဆက်သွယ်ထားသောအရှည်ပေ ၄၀၊ အကျယ် ၁၈ပေ၊ အမြင့်၁၅ပေရှိ ဥက္ကံချောင်းကူးတံတားတစ်စင်း တည်ဆောက်ပြီးစီးနေပြီး အမှတ်(၅)၊ (၉)၊ (၁၁) ရပ်ကွက်တို့၌ လမ်းကူးကွန်ကရစ်တံတား တစ်စင်းစီတည်ဆောက်လျက်ရှိကြောင်း သိရသည်။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လမ်းကူးရာတွင်အဆင်ပြေစေရန်၊ ရေစီးရေလာကောင်းမွန်စေရန်၊ ကူးစက်ရောဂါများဖြစ်ပွားခြင်းမှကာကွယ်နိုင်ရန် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မတ် ၃၁ ရက်က ပြောသည်။

**ကိုကျော်(သုံးခွ)**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးစေတနာရှင်ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ တစ်ဦးချင်းအလှူရှင်များက ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း



**ရန်ကုန် မတ် ၃၁**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး စေတနာရှင်ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ တစ်ဦးချင်းအလှူရှင်များက ဆေးရုံသုံး ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မတ် ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၁၄ ရက်ကြာ စောင့်ကြပ်ကြည့်ရှုခံရသူများကို မိမိတို့အနေဖြင့် နေထိုင် စားသောက်ရေးနှင့် လိုအပ်သည့် စောင်၊ ခြင် ထောင်၊ ခေါင်းအုံး အစစအရာရာ ပံ့ပိုးကူညီပေးနေကြောင်း၊ ယခုလို ပံ့ပိုးကူညီပေးနိုင်ခြင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိသည့် လုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၏ ပူးပေါင်းကူညီလှူဒါန်းမှုများကြောင့် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်ကြောင်း၊ယခုလို ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးသည့် စေတနာရှင် ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ တစ်ဦးချင်း အလှူရှင်များအား အထူးပင် ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက အလှူရှင်များ လှူဒါန်းသည့် ပစ္စည်းများကို လက်ခံရယူပြီး အလှူရှင်များ အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

အလှူရှင် ၁၇ ဦးတို့က စုစုပေါင်း ငွေကျပ် ၃၂၇ ၈၀၂၀၂၀ နှင့်ညီမျှသည့် တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံများ၊ နှာခေါင်းစည်း၊ လက်သန့်ဆေးရည်နှင့် အပူချိန်တိုင်း ကိရိယာများ၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ မွေ့ရာ မျက်နှာသုတ်ပဝါ၊ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ခွက်ဘူး၊ မတ်ခွက်၊ ပန်းကန်၊ ဇွန်း၊ ခရင်း၊ ရေသန့်များနှင့် စောင့်ကြပ်ကြည့်ရှုခံရသူများ ၁၄ ရက်စာ အစားအသောက်များကို တစ်ဦးလျှင် တစ်သိန်းနှုန်းဖြင့် လှူဒါန်းခဲ့ကြသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**



# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး အထောက်အကူပြုအဖွဲ့ထံ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ငွေပေးအပ်

**ထားဝယ် မတ် ၃၁**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေး လူထုအခြေပြု အထောက်အကူပြုအဖွဲ့(ထားဝယ်ဒေသ)ထံ လှူဒါန်းထောက်ပံ့ငွေပေးအပ်ပွဲကို မတ် ၃၀ ရက် နံနက် ၁၁ နာရီခွဲက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်နှင့်ဝန်ကြီးများက ထားဝယ်ခရိုင်အတွင်းရှိ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး လူထုအခြေပြု အထောက်အကူပြုအဖွဲ့ (ထားဝယ်ဒေသ)ထံ ထောက်ပံ့ငွေကျပ် သိန်း ၃၀ အား ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူသည်။

ဆက်လက်၍ မြိတ်နှင့် ကော့သောင်းဒေသတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ဆောင်ရွက်နေသည့် လူထုအခြေပြု အထောက်အကူပြု အဖွဲ့များထံသို့လည်း ငွေကျပ်သိန်း ၃၀ စီ ဆက်လက်လှူဒါန်းထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ထောက်ပံ့ပစ္စည်းများပေးအပ်

**မိတ္ထီလာ မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းသည် မတ် ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲက မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်နှင့်မြို့နယ်များမှ ကိုဗစ်-၁၉ ရောဂါကြိုတင် ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်တွေ့ဆုံ၍ ထောက်ပံ့ရေးပစ္စည်းများကို မိတ္ထီလာမြို့နယ်ကန်တော်မင်္ဂလာခန်းမတွင် ပေးအပ်ခဲ့သည်။



ရှေးဦးစွာ အဆိုပါတွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးဒေါက်တာစိုးသန်းက မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများနှင့် ဌာနဆိုင်ရာများက ကြိုးပမ်းဆောင်ရွက်နေသည်ကို သိရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် အခက်အခဲများရှိပါက ပေါင်းစပ်ညှိနှိုင်းပေးနိုင်ရန် ယခုကဲ့သို့တွေ့ရခြင်းဖြစ်ကြောင်းနှင့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်းတင်ပြနိုင်ကြောင်း၊ ဖြည့်ဆည်းပေးနိုင်သည်ကို ဖြည့်ဆည်းပေးမည်ဖြစ်ပြီး ညှိနှိုင်းပေါင်းစပ်ပေးစရာရှိသည်များကိုလည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မိတ္ထီလာခရိုင်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်း များအတွက် အခြေခံလိုအပ်ချက်အထောက်အကူပြုပစ္စည်းများကို တာဝန်ရှိသူများထံသို့ ထောက်ပံ့ပေးအပ်ခြင်းနှင့် တင်ပြချက်များအပေါ်ကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးခြင်းများကို တိုင်းဒေသကြီးဝန်ကြီးက ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**ချမ်းသာ( မိတ္ထီလာ)**

# မြောင်းမြမြို့၌ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး မြို့ဝင်ဂိတ်တွင် စောင့်ကြည့်စစ်ဆေး

**မြောင်းမြ မတ် ၃၁**

မြောင်းမြမြို့တွင် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးအတွက် ကျန်းမာရေး ပူးပေါင်း အဖွဲ့က နေ့စဉ် နံနက် ၇ နာရီမှစတင်၍ မြို့တွင်းသို့ ပြန်လည် ဝင်ရောက်လာသည့် အဝေးပြေးယာဉ်လိုင်းများမှ ခရီးသွားပြည်သူများအား အပူချိန်တိုင်း ကိရိယာ ဖြင့် အဖျားရောဂါ ရှိ/မရှိ၊ ကိုယ်အပူချိန်မြင့်တက်နေခြင်း ရှိ/မရှိတို့ကို ကျန်းမာရေးပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြောင်းမြမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ ခရိုင်ပြည်သူ့ကျန်းမာရေးမှူး ဒေါက်တာတင့်တင့်ကျော်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ တာဝန်ရှိသူများက မြောင်းမြမြို့အဝင်တွင် မြို့နယ်အတွင်းသို့ ဝင်ရောက်လာကြသည့် ခရီးသည်တင်ယာဉ်များမှခရီးသည်များအား အများပြည်သူများ အသုံးပြုနိုင်ရန် ပြုလုပ်ထားသော လက်ဆေးဘေစင်များ၌ ရောဂါကာကွယ်နိုင်ရေးအတွက် စနစ်တကျလက်ဆေးခြင်းနှင့် လက်ဆေးခြင်း၏ ကောင်းကျိုးများ၊ ရောဂါကုသခြင်းထက် ကာကွယ်ခြင်းက အရေးကြီးပုံများကို အသိပညာပေး ပြောကြားသည်။

**အောင်မင်း(မြောင်းမြ)**



# ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအခမဲ့ဆေးဖျန်းခြင်းလုပ်ငန်းမြို့နယ်များမှအကူအညီတောင်းခံရယူနိုင်

**ရန်ကုန် မတ် ၃၁**

လတ်တလောကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ အေးချမ်းဖြူစင်မေတ္တာရှင်လူမှုကူညီရေးအသင်းမှ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် ဆေးဖျန်းခြင်းလုပ်ငန်းကို အခမဲ့သွားရောက်လုပ်ဆောင်လျက်ရှိသည်။

မတ် ၃၀ ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ် (၁၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးဦးသက်တင်ထွန်းဦးဆောင်မှုဖြင့် အေးချမ်းဖြူစင်မေတ္တာရှင် လူမှုကူညီရေးအသင်းမှ လာရောက်၍ ရပ်ကွက်အတွင်းပိုးမွှားအန္တရာယ် မကျရောက်စေရန် ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသည်။

"အခုဆေးဖျန်းရာမှာ ကျန်းမာရေးဌာနကညွှန်ကြားသည့်အတိုင်း ဘေးရှင်းပေါင်ဒါ ( ကလိုရင်း ) တစ်ဇွန်းကိုရေတစ်လီတာဖြင့်ရောပါတယ်၊ အသင်းဝင်အင်အား ကိုးဦးဖြင့်ကိုယ်ပိုင်စက်ကိရိယာအသုံးပြုပြီး တစ်နေကုန် ပက်ဖျန်းပေးပါတယ်။ အခြားမြို့နယ်များမှအကူအညီတောင်းခံလျှင်သွားရောက်ကူညီပံ့ပါမယ်၊ ဘာမှမလိုအပ်ပါဘူး၊ ဆေးဖျော်စပ်ဖို့ရေအကူအညီသာလိုအပ်ပါတယ်"ဟု အသင်းအတွင်းရေးမှူး ဒေါ်သီရိဇော်က ပြောသည်။

ပိုးမွှားရောဂါ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက်အခမဲ့ဆေးဖျန်းခြင်းလုပ်ငန်းကို ရယူလိုပါက တောင်ဥက္ကလာပမြို့နယ် အမှတ် (၁၃) ရပ်ကွက် အနော်မာလမ်းရှိ အေးချမ်းဖြူစင်မေတ္တာရှင်လူမှုကူညီရေးအသင်းဖုန်း ၀၉-၇၆၈၁၀၁၀၁၀နှင့် ၀၉-၇၆၈၂၀၂၀၂၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**အောင်သူရ**

# မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် မတ် ၃၁**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

## ညောင်ဦးမြို့ ရွှေစည်းခုံဘုရားကြီးရင်ပြင်တော်အား ပိုးသတ်ဆေးများ ပက်ဖျန်း



**ညောင်ဦး မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေစည်းခုံစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကင်းဝေးစေရန်အတွက် ရည်ရွယ်၍ ညောင်ဦးမြို့ အမှတ်(၅)ရပ်ကွက်ရှိ အရန်မီးသတ်တပ်ဖွဲ့မှ ဒုတပ်ခွဲမှူး ဦးတင့်လွင် ဦးဆောင်သော အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရွှေစည်းခုံဘုရားကြီးဂေါပကအဖွဲ့နှင့် ပူးပေါင်းကာ မတ် ၂၉ ရက် နံနက်ပိုင်းက ရွှေစည်းခုံဘုရားကြီး ရင်ပြင်တော်နှင့် လျှောက်လမ်းစောင်းတန်းများအား ပိုးသတ်ဆေးများ စုပေါင်းပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

ပိုးသတ်ဆေးများ ပက်ဖျန်းဆောင်ရွက်ရာတွင် ဂေါပကအဖွဲ့ဝင်များ၏ ပံ့ပိုးကူညီမှုဖြင့် ရွှေစည်းခုံစေတီတော်မြတ်ကြီးရင်ပြင်တော်နှင့် ပရိဝုဏ်အတွင်းရှိ လျှောက်လမ်းစောင်းတန်းများ၊ အလှူခံဌာနများ၊ ဘုရားဖူးပြည်သူများဝတ်ပြုရာနေရာများမကျန် နေရာအနှံ့ ပြင်းအားကောင်းသော ပိုးသတ်ဆေးများ စုပေါင်းပက်ဖျန်းဆောင်ရွက်ပေးခဲ့ကြောင်း အဆိုပါ ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ထံမှ သိရသည်။

ထို့အပြင် ညောင်ဦးမြို့နယ်၌ ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေးအတွက် ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ခရိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ စုပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းလည်း ညောင်ဦးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ကျန်းမာရေးမှူး ဦးသန်းလင်းအောင်ထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အလှူငွေနှင့် ကျန်းမာရေးသုံးပစ္စည်းများ ပေးအပ်

**မူဆယ် မတ် ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ခရိုင်စုပေါင်းရုံးအစည်းအဝေးခန်း၌ မတ် ၃၀ ရက် နံနက် ၁၁ နာရီက ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် အလှူငွေများနှင့် ကျန်းမာရေးသုံးပစ္စည်းများ ပေးအပ်ထောက်ပံ့ခြင်းအခမ်းအနားပြုလုပ်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဖိုးမြတ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးညီစိန်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်းနှင့် ဦးကိန်မိုင်တို့ တက်ရောက်ခဲ့သည်။

မူဆယ်မြို့ ကိုးကန့်စီးကရက်စက်ရုံ၊ ပဲ၊ ပြောင်း၊ နှမ်းကုန်စည်ဒိုင်၊ Myanmar Commercial ကုမ္ပဏီနှင့် Excellent Fortune Foundationတို့မှ တာဝန်ရှိသူများက စုစုပေါင်း ငွေကျပ် ၂၁၆ သိန်းတန်ဖိုးရှိ ငွေသားများနှင့် နှာခေါင်းစည်းအခု ၆၀၀၀၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၆၈ စုံ၊ Apron (ရှေ့ကာ) ဝတ်စုံ ၂၀ နှင့် လက်သန့်ဆေးရည်ဘူး ၇၀ ပေးအပ်ထောက်ပံ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မိုင်းဘဉာဏ်**
**(ပြန်/ဆက်)**





## ကုန်ဈေးနှုန်း တိုးမြှင့်ရောင်းချမှု မဖြစ်ပေါ်စေရေး လိုက်လံစစ်ဆေး

**ဒီးမော့ဆို မတ် ၃၁**

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ဆက်နွှယ်၍ ကုန်ဈေးနှုန်းများ တိုးမြှင့်ရောင်းချမှု မဖြစ်ပေါ်စေရေး စစ်ဆေးခြင်းကို မတ် ၃၀ ရက် မွန်းတည့် ၁၂ နာရီက ဒီးမော့ဆိုမြို့ မြို့မရပ်ကွက်ရှိ ဆိုင်များအား လိုက်လံစစ်ဆေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒီးမော့ဆိုမြို့မရဲစခန်းမှ ဒုရဲမှူး အနိုင်၊ သတင်းရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်ဇင်သန့်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ရဲအုပ်သန်းအောင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးပကူး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်သူနာပြုအဆင့်(၁) ဆရာမ ဒေါ်စန်းစန်းမြင့်နှင့် မြို့မရပ်ကွက် အုပ်ချုပ်ရေးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် မြို့မရပ်ကွက်ရှိ ဆေးဆိုင်၊ စတိုးဆိုင်၊ ကုန်စုံဆိုင်၊ ကုန်မာဆိုင်၊ ဆန်ဆိုင်နှင့် ဆီဆိုင်များကို ကုန်ဈေးနှုန်းတိုးမြှင့်ရောင်းချမှု မဖြစ်ပေါ်စေရေးအတွက် စစ်ဆေးပြီး ကုန်ဈေးနှုန်းများ တိုးမြှင့်ရောင်းချမှုမပြုလုပ်ရန် ဆိုင်ရှင်များအား အသိပေးမှာကြားခဲ့ကြောင်း သိရသည်။

**ကြီးဒဲရယ်**

## ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပိုးသတ်ဆေးဖျန်း

**ဟားခါး မတ် ၃၁**

ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပြည်နယ်အဆင့်လုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်ပြည်သူ့ဆေးရုံကြီးနှင့်မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်း၍ ဟားခါးမြို့အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု မရှိစေရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိရာ မတ် ၃၀ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ အဝေးပြေးကားဂိတ်နေရာတွင် ကားဝင်းအတွင်း ခရီးသည်တင် မော်တော်ယာဉ်များ၊ ဂိတ်မှူးရုံးခန်းများ၊ ပစ္စည်းထားရှိရာနေရာများနှင့် ခရီးသည်ထိုင်နေရာများအားလုံးကို ပိုးသတ်ဆေးများ ပက်ဖျန်းခဲ့ကြသည်။

အဝေးပြေးကားဂိတ် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများအား ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်၊ ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပြည်နယ်အဆင့် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်နှင့် ကော်မတီဝင်များက လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြရာ ချင်းပြည်နယ် သယ်ယူပို့ဆောင်ရေးနှင့် လုပ်ငန်းလိုင်စင်မှတ်ပုံတင်ရေး ကြီးကြပ်ညှိနှိုင်းမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးစောမြင့်လွင်က မော်တော်ယာဉ်များတွင် စီးနင်းလိုက်ပါမည့် ခရီးသွားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု မရှိစေရေး မော်တော်ယာဉ်ပိုင်ရှင်များ၊ ဂိတ်မှူးများ၊ ယာဉ်မောင်းများနှင့် ပူးပေါင်း၍ လက်ဆေးကန်များ၊ လက်သန့်ဆေးရည်များ၊ အသိပညာပေး ပိုစတာများ ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတမ်အောင်ရှိန်းက ပိုးသတ်ဆေးပက်ဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**



**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး မန္တလေးနန်းမြို့ ဝင်ထွက်ခွင့်များ ကန့်သတ်**

**မန္တလေး မတ် ၃၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးထိန်းချုပ်ရေးအတွက် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်(နန်းမြို့)အတွင်း ဝင်ထွက်ခွင့်များကို မတ် ၂၅ ရက်မှ စတင်ကန့်သတ်လိုက်သည်။

နန်းမြို့အတွင်းတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ မြနန်းစံကျော် ရွှေနန်းတော်၊ နန်းမြို့မျှော်စင်၊ ဘုတ်တလုပ်ကန်၊ ဒင်္ဂါးစက်ရုံနှင့် ဥပုသ်ဇရပ်ဆောင်များ၊ မှန်နန်းပြတိုက်တို့ ရှိရာ နေ့စဉ်ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ၂၀၀၀ခန့်လာရောက်လည်ပတ်ကြည့်ရှုလျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ပြတိုက်ဝင်ရောက်ကြည့်ရှုခွင့်ကိုလည်း ခေတ္တပိတ်ထားပြီး နန်းမြို့အတွင်းနေထိုင်သူတပ်မတော်သားမိသားစုများ အရေးကြီးကိစ္စများအတွက်သာ နန်းမြို့ဝင်ပေါက်များမှ ကိုယ်အပူချိန်တိုင်းတာစစ်ဆေးပြီးမှသာ ဝင်ထွက်ခွင့်ပြုကြောင်းသိရသည်။ **မောင်ပြည်သူ(မန္တလေး)**

# မန္တလေးစက်မှုဇုန်၌ ကိုဗစ်-၁၉ ကြောင့် ထိခိုက်နေသော လုပ်ငန်းများအား ချေးငွေလျှောက်ထားနိုင်ရန် အကျိုးဝင်ကိုက်ညီမည့်အချက်အလက်များ ရှင်းလင်း




**မန္တလေး မတ် ၃၁**

ကိုဗစ်-၁၉ ကြောင့် ထိခိုက်နေသော လုပ်ငန်းများအား ချေးငွေလျှောက်ထားနိုင်ရန် အကျိုးဝင်ကိုက်ညီမည့် အချက်အလက်များ ရှင်းလင်းပွဲကို မတ် ၃၀ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်ရှိ ကနောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးစက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်လှက မန္တလေးစက်မှုဇုန်ရှိ လုပ်ငန်းရှင်များ ကိုဗစ်-၁၉ ကြောင့် ထိခိုက်နေသော လုပ်ငန်းများကို လုပ်ငန်းခွင်မပျက်လည်ပတ်နိုင်ရေးအတွက် နိုင်ငံတော်မှ ချေးငွေလျှောက်ထားရယူနိုင်မည့် အချက်အလက်များ သိရှိနိုင်ရေးအတွက် ရှင်းလင်းပြောကြားသည်။ ထို့နောက် မန္တလေးစက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)ဦးနေဝင်းက ကိုဗစ်-၁၉ ကြောင့် ထိခိုက်နေသော လုပ်ငန်းများအနေဖြင့် ချေးငွေရယူရာတွင် အကျိုးဝင်ကိုက်ညီမည့် အချက်အလက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသော လုပ်ငန်းရှင်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြသည်။

ကိုဗစ်-၁၉ ကြောင့် အမှန်တကယ်ထိခိုက်မှုရှိနေသော နိုင်ငံသားပိုင်စီးပွားရေးလုပ်ငန်းဖြစ်ရမည်ဖြစ်ကြောင်း၊ လက်ရှိ လုပ်ငန်းလည်ပတ် ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ရမည်(သို့) ယခုကြေညာချက်ထုတ်ပြန်သည့်နေ့မှ ယခင်သုံးလအတွင်း ယာယီရပ်စဲထားပြီး ချေးငွေရရှိပါက ချက်ချင်းပြန်လည်လည်ပတ်ရမည်ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် မတ် ၃၁ ရက် မတိုင်မီက သက်ဆိုင်ရာဌာနမှ ခွင့်ပြုချက်လုပ်ငန်း /လိုင်စင်ရရှိပြီး ဖြစ်ရမည်ဖြစ်ကြောင်း၊ လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း နှစ်စဉ်ဝင်ငွေရရှိနေသည့် လုပ်ငန်းဖြစ်ရမည်ဖြစ်ကြောင်း၊ ချေးငွေအား ပြန်လည်ပေးဆပ်နိုင်မည့် ခိုင်လုံသောလုပ်ငန်းအခြေအနေရှိသည့် လုပ်ငန်းဖြစ်ရမည်ဖြစ်ကြောင်း၊ ချေးငွေအား လုပ်သားနှင့် ဝန်ထမ်းများအား လစာပေးရန်နှင့် လက်ရှိလုပ်ငန်းလည်ပတ်ရေးအတွက်သာ အသုံးပြုရမည့်လုပ်ငန်း ဖြစ်ရမည်ဖြစ်ကြောင်း၊ ချေးငွေရယူသည့်လုပ်ငန်းရှင်များအနေဖြင့် ချေးငွေအား ပြန်လည်ပေးဆပ်ရန် အာမခံပေးနိုင်ရမည်ဖြစ်ကြောင်း မန္တလေးစက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)ဦးနေဝင်းက ပြောသည်။

ရှင်းလင်းပွဲသို့ မန္တလေးစက်မှုဇုန်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ စက်မှုဇုန်မှ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

**သန်းဇော်မင်း**
**(ပြန်/ဆက်)**

## လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန် လိုအပ်ပါက စက်မှုလယ်ယာဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်ခြင်း

တောင်သူလယ်သမားဦးကြီးများအနေဖြင့် လယ်ယာလုပ်သား အခက်အခဲများကြောင့် လယ်ယာလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရန်နှင့် လယ်ယာကုန်ထုတ်လုပ်မှု မထိခိုက်စေရန်တို့အတွက် လူအင်အားအနည်းဆုံးဖြင့် စက်ကိရိယာများအသုံးပြု၍ ထွန်ယက်ရေး၊ စိုက်ပျိုးရေးနှင့် ရိတ်သိမ်းခြွေလှေ့ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ကြရန်အလို့ငှာ စက်မှုလယ်ယာဦးစီးဌာနက စွမ်းအားရှိသရွေ့ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသဖြင့် နီးစပ်ရာ စက်မှုလယ်ယာစခန်းများတွင်လည်းကောင်း၊ အောက်ပါဖုန်းနံပါတ်များသို့လည်းကောင်း ဆက်သွယ်အကူအညီရယူနိုင်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ**

| | | |
|---|---|---|
| ညွှန်ကြားရေးမှူးချုပ် | - | ၀၉-၅၀၀၇၅၇၆ <br> ၀၆၇-၃၄၃၁၂၀၀ |
| ဒုတိယညွှန်ကြားရေးမှူးချုပ် | - | ၀၉-၂၅၀ ၂၈၉ ၂၆၉ <br> ၀၆၇-၃၄၃၁၂၁၂ |
| ညွှန်ကြားရေးမှူး(လုပ်ငန်း) | - | ၀၉-၄၂၂ ၀၀၀ ၂၂၁ |
| ညွှန်ကြားရေးမှူးချုပ်ရုံး | - | ၀၆၇ ၃၄၃၁၂၃၄ |
| စက်မှုလယ်ယာဦးစီးဌာန(လုပ်ငန်းဌာနခွဲ) | - | ၀၆၇-၃၄၃၁၂၁၈ |

တိုင်းဒေသကြီးနှင့် ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနရုံးများ
မြို့နယ်စက်မှုလယ်ယာစခန်းများ

**စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ကျန်းမာရေးဝန်ထမ်းများအတွက် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ စနစ်တကျဝတ်ဆင်နည်း လက်တွေ့သရုပ်ပြ



**လဲချား မတ် ၃၁**

ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ်၌ ကျန်းမာရေးဝန်ထမ်းများအတွက် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ စနစ်တကျဝတ်ဆင်နည်းများအား လက်တွေ့သရုပ်ပြသမှုကို မတ် ၃၀ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ရှင်းလင်းပြောကြား**

ကိုဗစ်-၁၉ ရောဂါ ကုသရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ကြရမည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ စနစ်တကျဝတ်ဆင်နည်းများ၊ သိသင့်သိထိုက်သည်များကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇင်မောင်နွယ်က ရှင်းလင်းပြောကြားပေးခဲ့ပြီး ကျန်းမာရေးမှူး အဆင့် ၁ စိုင်းသက်အောင်ဦးက တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံအား လက်တွေ့သရုပ်ပြ ဝတ်ဆင်ပြသပေးခဲ့သည်။

**ကြိုတင်ကာကွယ်**

ဆက်လက်ပြီး ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ မြို့နယ်အတွင်း ဆောင်ရွက်သွားမည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရောဂါနှင့်ပတ်သက်၍ သတိပြုရမည့်အချက်များကို မြို့နယ်ဆရာဝန်ကြီးက ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စာသင်ကျောင်းများအား ပိုးသတ်ဆေးဖျန်း

**စစ်ကိုင်း မတ် ၃၁**

ပြည်ပနိုင်ငံများမှ ပြန်လာသူများအား ကန့်သတ်စောင့်ကြည့် ထားရှိရန်အတွက် စစ်ကိုင်းမြို့ပေါ် ၂၃ ရပ်ကွက်ရှိ စာသင်ကျောင်းများကို မတ် ၃၀ ရက် နံနက်ပိုင်းက လိုက်လံ၍ ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း စစ်ကိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို စစ်ကိုင်းခရိုင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ (စစ်ကိုင်း)၊ စစ်ကိုင်းခရိုင် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ သုခကာရီ လူမှုကူညီရေးအဖွဲ့နှင့် စေတနာ့ဝန်ထမ်းအဖွဲ့များနှင့် ပူးပေါင်း၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း စစ်ကိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာသော်တာထက်က ပြောသည်။

**အောင်စံမောင်**



# ကိုဗစ်-၁၉ ရောဂါကူးစက်မှုထိန်းချုပ်နိုင်ရေး ရပ်ကွက်၊ ကျေးရွာများသို့ လိုက်လံအသိပညာပေး

**ညောင်ဦး မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများသည် မတ် ၃၀ ရက် နံနက်ပိုင်းမှစတင်ကာ ရပ်ကွက်၊ကျေးရွာများသို့ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုထိန်းချုပ်နိုင်ရေးအတွက် ပြည်သူလူထု သိရှိလိုက်နာရမည့်အချက်များကို လိုက်လံအသိပေးနှိုးဆော်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့အကောင်းဆုံးနည်းလမ်းကတော့ လက်ကို ခဏခဏသတိရတိုင်းဆေးပါ၊ အကောင်းဆုံးက ဆပ်ပြာနဲ့ရေကိုအသုံးပြုပြီး စက္ကန့် ၂၀ ခန့် စနစ်တကျပွတ်တိုက်ဆေးကြောပါ၊ ရေဆေးဆပ်ပြာမရနိုင်ရင် အရက်ပြန်အနည်းဆုံး ၆၀ ရာခိုင်နှုန်းပါဝင်တဲ့ လက်သန့်ဆေးရည်နှင့်သန့်ရှင်းပါ၊ တတ်နိုင်သမျှ မိမိလက်နှင့်မျက်နှာကို မထိစေနိုင်စေရန်ဂရုပြုပါ၊ လူစုလူဝေးကိုရှောင်ပြီး မိမိအိမ်ရှိအစားအစာ၊ အိမ်သုံးပစ္စည်းများသန့်ရှင်းသပ်ရပ်စွာထားရန်စသည့်အချက်များကို ညောင်ဦးခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကူးစက်မှုထိန်းချုပ်နိုင်ရေး အသံချဲ့စက်ဖြင့် ရပ်ကွက်၊ ကျေးရွာများသို့ ပြည်သူများ လိုက်နာရမည့် အချက်အလက်အကြောင်းအရာများကို လိုက်လံအသိပညာပေး နှိုးဆော်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုထိန်(ငွါသရောက်)**

# ကွန်ဟိန်းမြို့၌ တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ကျန်းမာရေးစစ်ဆေးခြင်း ဆောင်ရွက်



**ကွန်ဟိန်း မတ် ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့၌ ယနေ့နံနက် ၇ နာရီက ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ဝင်ရောက်လာသည့် မော်တော်ယာဉ်များတွင် မြို့နယ်အတွင်း နေထိုင်သူများပါရှိခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်း၊ လက်သန့်ဆေးရည်နှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ၊ ကာကွယ်နိုင်မည့် နည်းလမ်းများအပြင် လူစုလူဝေးရှိသည့် နေရာများသို့ သွားလာခြင်းမှ ရှောင်ကြဉ်ရန်နှင့် သတ်မှတ်စောင့်ကြည့်ကာလ ၁၄ ရက်ကို အသွားအလာကန့်သတ်ပြီး အိမ်၌ သီးခြားနေထိုင်ရန် ပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆောင်ရွက်မှုတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့် ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်စာရေးများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပြည့်(ပြန်/ဆက်)**

# ဟယ်ရီကိန်းအနေနဲ့ စပါးကနေ မထွက်ခွာခဲ့ရင် ရှုံးမိုက်ရာကျမယ်လို့ ခရစ်ဆူတန်ပြောကြား

ငွေကြယ် စုစည်းသည်



အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းအနေနဲ့ ပရီမီယာလိဂ် ပြိုင်ဘက်အသင်းတွေဖြစ်တဲ့ မန်စီးတီးအသင်းနဲ့ လီဗာပူး အသင်းတို့က ခေါ်ယူဖို့စိတ်ဝင်စားနေတယ်ဆိုရင် စပါး အသင်းကနေ ထွက်ခွာသင့်ကြောင်းနဲ့ မထွက်ခွာခဲ့ဘူးဆိုရင် ရှုံးမိုက်ရာကျလိမ့်မယ်လို့ ချယ်လ်ဆီးနဲ့ ဆဲလ်တစ်တိုက်စစ် မှူးဟောင်း ခရစ်ဆူတန်က ပြောကြားလိုက်ပါ တယ်။

အသက် ၂၆ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ဆုဖလားတွေရယူဖို့ဆန္ဒရှိနေတာကြောင့် စပါးအသင်း တိုးတက်မှုမရှိဘူးဆိုရင် စပါးအသင်းကနေ ထွက်ခွာမယ်လို့ လည်း ပြောကြားခဲ့ဖူးတာဖြစ်ပါတယ်။

ဟယ်ရီကိန်းအနေနဲ့ ပရီမီယာလိဂ်ဖလားဆွတ်ခူး ချင်တယ်ဆိုရင် စပါးအသင်းထက် ပရီမီယာလိဂ်ဖလား ရရှိနိုင်မယ့်အခွင့်အရေးရှိတဲ့ အသင်းတစ်သင်းဆီပြောင်းရွှေ့ သင့်တယ်လို့လည်း ခရစ်ဆူတန်က ဆိုပါတယ်။

တိုက်စစ်မှူးဟယ်ရီကိန်းရဲ့ စပါးအသင်းနဲ့ချုပ်ဆိုထား တဲ့စာချုပ်ဟာ ၂၀၂၄ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်ပြီး စပါး အသင်းနဲ့အတူ ၂၀၀၈ ခုနှစ်က လိဂ်ဖလားတစ်လုံးရရှိခဲ့တာ ကလွဲရင် အဲဒီနောက်ပိုင်းမှာ ဘယ်ဆုဖလားမှ ရယူနိုင်ခဲ့ခြင်း မရှိခဲ့တာ ဖြစ်ပါတယ်။

စပါးအသင်းဟာ အခုနှစ်ဘောလုံးရာသီမှာ ရှုံးထွက် ပြိုင်ပွဲအားလုံးကနေ ထွက်ခဲ့ရတာဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကြောင်း ပြိုင်ပွဲတွေရပ်နားလိုက်ရချိန်မှာ ပရီမီ ယာလိဂ်အမှတ်ပေးဇယားရဲ့ အဆင့်ရှစ်နေရာမှာ ရပ်တည် နေတာ ဖြစ်ပါတယ်။

အင်္ဂလန်တိုက်စစ်မှူးဟောင်းတစ်ဦးဖြစ်တဲ့ အီယန် ရိုက်ကတော့ နည်းပြမော်ရင်ဟိုဟာ စပါးအသင်းကို နိုဝင်ဘာလတုန်းကမှ ရောက်ရှိခဲ့တာဖြစ်လို့ ဟယ်ရီကိန်း အနေနဲ့ စပါးအသင်းမှာ နောက်ထပ်တစ်နှစ်ထက်မနည်း ဆက်နေသင့်တယ်လို့ အကြံပြုထားတာဖြစ်ပါတယ်။



# ချီလီတိုက်စစ်မှူး အလက်ဇစ်ဆန်းချက်ဇ် မန်ယူအသင်းသို့ ပြန်လာရဖွယ်ရှိနေ

အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းဟာ ချီလီတိုက်စစ်မှူးအလက်ဇစ်ဆန်းချက်ဇ် ကို အမြဲတမ်းစာချုပ်တစ်ရပ်နဲ့ ခေါ်ယူဖို့အရေးကို လူသိရှင်ကြား ငြင်းဆိုလိုက်တာကြောင့် ဆန်းချက်ဇ်အနေနဲ့ အသင်းဟောင်း မန်ယူအသင်းဆီ ပြန်သွားရဖွယ်ရှိနေတာဖြစ်ပါတယ်။

တိုက်စစ်မှူးဆန်းချက်ဇ်ဟာ အခုနှစ်ဘောလုံးရာသီကုန်အထိ အင်တာမီလန်အသင်းဆီ အငှားစာချုပ်နဲ့ သွားရောက်ကစားနေတာဖြစ်ပြီး အရင်က ပြခဲ့တဲ့ခြေစွမ်းအတိုင်း ပြန်လည်ရရှိဖို့ရုန်းကန်နေရတာ ဖြစ်ပါတယ်။

အသက် ၃၁ နှစ်အရွယ်ရှိ တိုက်စစ်မှူးဆန်းချက်ဇ်ဟာ ဒဏ်ရာပြဿနာကြုံခဲ့ရလို့ အင်တာ မီလန်အသင်းရဲ့ ပစ်ပယ်ထားမှုကိုလည်းခံခဲ့ရတာဖြစ်ပါတယ်။ အင်တာမီလန်အသင်းဟာ အလက် ဇစ်ဆန်းချက်ဇ်ရဲ့ အငှားစာချုပ်သက်တမ်းကုန်ဆုံးချိန်မှာ အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူနိုင်မယ့်အခွင့် အရေးတစ်ရပ်ရှိခဲ့တာ ဖြစ်ပေမယ့် နည်းပြကွန်တီကတော့ တိုက်စစ်မှူးဆန်းချက်ဇ်ကို ကာလရှည် မခေါ်ယူဖို့ ဆုံးဖြတ်ချက်ချထားပြီလို့ ဆိုပါတယ်။

ဒါကြောင့် မန်ယူအသင်းအနေနဲ့ တိုက်စစ်မှူးဆန်းချက်ဇ်ကို လာမယ့်နွေရာသီကာလအတွင်းမှာ ပြန်လည်လက်ခံရတော့မှာဖြစ်ပြီး ဆန်းချက်ဇ်ကို မန်ယူအသင်းက တစ်ပတ်လုပ်ခလစာပေါင် လေးသိန်းပေးခဲ့ရသူလည်း ဖြစ်ပါတယ်။

အလက်ဇစ်ဆန်းချက်ဇ်ဟာ အီတလီမြေကို စတင်ရောက်ရှိစဉ်ကတည်းက အင်တာမီလန် အသင်းနဲ့အတူ အီတလီစီးရီးအေပွဲစဉ်နှစ်ပွဲသာပွဲထွက်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ မန်ယူအသင်း နည်းပြဆိုးရှားကလည်း နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ မန်ယူအသင်းဆီပြန်လာမှာ ဖြစ်ကြောင်းနဲ့ နွေးထွေးစွာပြန်လည်ကြိုဆိုရမှာဖြစ်ကြောင်း ပြီးခဲ့တဲ့ဇန်နဝါရီ ဈေးကွက်အတွင်းက ပြောကြားခဲ့တာဖြစ်ပါတယ်။

# နာပိုလီနောက်ခံလူ ဂျီယိုဗန်နီဒီလော်ရန်ဇိုကို ခေါ်ယူရန် မန်ယူအသင်း ချဉ်းကပ်မှုများလုပ်ဆောင်

မန်ယူအသင်းဟာ အီတလီစီးရီးအေကလပ် နာပိုလီအသင်းရဲ့ နောက်တန်းကစားသမား ဂျီယိုဗန်နီဒီလော်ရန်ဇိုကို ခေါ်ယူဖို့အတွက် ကစားသမားရဲ့ကိုယ်စားလှယ်ဖြစ်သူတွေထံ ချဉ်းကပ်မှုတွေ လုပ်ဆောင်လျက်ရှိတယ်လို့ သတင်းတွေ ထွက်ပေါ်နေပါတယ်။

မန်ယူအသင်းက ဒီလော်ရန်ဇိုရဲ့အေးဂျင့် ဖြစ်သူတွေနဲ့ ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့တယ်လို့ ကယ်စီယိုနာပိုလီ ၂၄ က သတင်းထုတ်ပြန်ခဲ့တာ ကြောင့် အသက် ၂၆ နှစ်အရွယ် ဒီလော်ရန်ဇို ကလည်း အိုးထရက်ဖို့ဒ်ဆီ ပြောင်းရွှေ့ဖို့ ချိတ် ဆက်မှုတွေပြုလုပ်နေတယ်ဆိုတဲ့ သတင်းတွေ လည်း ထွက်ပေါ်လျက်ရှိပါတယ်။

နောက်တန်းကစားသမား ဒီလော်ရန်ဇို ဟာ ပြီးခဲ့တဲ့ နွေရာသီဈေးကွက်အတွင်းက အမ်ပိုလီအသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ခုနစ်သန်းနဲ့ နာပိုလီအသင်းဆီ ရောက်ရှိလာ ခဲ့တာဖြစ်ပြီး လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်ဟာ ၂၀၂၄ ခုနှစ်မှာ ကုန်ဆုံးမှာ ဖြစ်ပါတယ်။ ဒီလော် ရန်ဇိုဟာ နာပိုလီအသင်းကို ရောက်ရှိခဲ့ချိန်က စပြီး ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြိုင်ပွဲတွေ မရပ် နားမီအထိ ပြိုင်ပွဲအရပ်ရပ်မှာ ၃၅ ပွဲအထိ ပါဝင် ကစားပေးထားတာလည်းဖြစ်ပါတယ်။

မန်ယူအသင်းဟာ နောက်တန်းခံစစ် အတွက် လီဗာပူးနောက်ခံလူ ဒီဂျန်လော်ဗရန် ကိုလည်းခေါ်ယူဖို့ စိတ်ဝင်စားနေတာဖြစ်ပြီး လက်စတာစီးတီး ကွင်းလယ်ကစားသမား မက်ဒီဆင်၊ အက်စတွန်ဗီလာ တိုက်စစ်မှူး ဂျက်ဂရီယယ်လစ်ရှ်၊ ဒေါ့မွန်တိုက်စစ်မှူး ဂျာဒန် ဆန်ချိုတို့ကိုလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေ တာဖြစ်ပါတယ်။



● **ဆူဇူကီးပြိုင်ပွဲမှ**

သတ်မှတ်ထားသည့်ရက်အတိုင်း ကျင်းပနိုင်ဖွယ်ရှိနေပြီး ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို နိုဝင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၂၇ ရက် အထိ ကျင်းပရန် စီစဉ်ထားသည်။ ကိုဗစ် -၁၉ ရောဂါကြောင့် တစ်ကမ္ဘာ လုံးမှ ဘောလုံးပြိုင်ပွဲအားလုံးနီးပါး ရွှေ့ဆိုင်းနေရပြီး လက်ရှိအချိန်ထိ ပြန်လည်ကျင်းပနိုင်ခြင်း မရှိသေးပေ။ အာဆီယံဘောလုံးအဖွဲ့ချုပ်အနေ ဖြင့်လည်း ယခုနှစ်အတွင်း ကျင်းပမည့်ပြိုင်ပွဲများအနက် ဩဂုတ်လအထိ ကျင်းပမည့်ပြိုင်ပွဲများကိုသာ လတ်တလော ရွှေ့ဆိုင်းထားခြင်းဖြစ်ပြီး နှစ်ကုန်ပိုင်းတွင် ကျင်းပမည့်ပြိုင်ပွဲများမှာမူ ရောဂါအခြေအနေအပေါ် မူတည်နေသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ် အာဆီယံဆူဇူကီးဖလား ပြိုင်ပွဲကို ၂၀၁၈ ပြိုင်ပွဲပုံစံအတိုင်း ကျင်းပမည်ဖြစ်ပြီး ငါးသင်းနှစ်အုပ်စု ခွဲကာ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်တစ်သင်းလျှင် အုပ်စု လေးပွဲကို အိမ်ကွင်း နှစ်ပွဲ၊ အဝေးကွင်း နှစ်ပွဲကစားရမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို အိမ်ကွင်း၊ အဝေးကွင်းနှစ်ကျော့စနစ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲတွင် အကြိမ်တိုင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း အမြင့်ဆုံးရပ်တည်မှုအဖြစ် ဆီမီးဖိုင်နယ်သို့ နှစ်ကြိမ်သာ တက်ရောက်နိုင်ခဲ့သည်။ ၂၀၀၄ နှင့် ၂၀၁၆ ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အာဆီယံဒေသတွင်း၏ အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲကို ယခုနှစ်တွင် ၁၃ ကြိမ်မြောက်ကျင်းပမည်ဖြစ်ကာ ထိုင်းအသင်းက ချန်ပီယံဆုငါးကြိမ်ဖြင့် အအောင်မြင်ဆုံးအဖြစ် ရပ်တည် နေကာ စင်ကာပူအသင်းက လေးကြိမ်၊ ဗီယက်နမ်အသင်းက နှစ်ကြိမ်၊ မလေးရှားအသင်းက တစ်ကြိမ်ဗိုလ်စွဲထားသည်။ အာဆီယံဆူဇူကီး ဖလားပြိုင်ပွဲကို ၁၉၉၆ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး နှစ်နှစ်လျှင် တစ် ကြိမ်ကျင်းပသည့်ပြိုင်ပွဲဖြစ်ကာ ၂၀၀၆ ပြိုင်ပွဲတစ်ကြိမ်သာ မကျင်းပနိုင် ခဲ့ဘဲ ယင်းနှစ်အစား ၂၀၀၇ ခုနှစ်သို့ ပြောင်းလဲကျင်းပခဲ့သည်။ ယင်းပြိုင်ပွဲ ကို ဆူဇူကီးကုမ္ပဏီက စပွန်ဆာအဖြစ် ဆက်လက်ပံ့ပိုးကူညီမည်ဖြစ်ပြီး ၂၀၀၈ ခုနှစ်ကတည်းက ပံ့ပိုးကူညီခဲ့ခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

## ကြော်ငြာ

# အသိပေးကြေညာခြင်း

မြန်မာဂေါက်သီးရိုက်အသင်း၏ အသင်းပိုင် Club House စားသောက်ဆိုင်အား ငှားရမ်းဖွင့်လှစ်လုပ်ကိုင်လိုသူ တိုင်းရင်းသားလုပ်ငန်း ရှင်များထံမှ ချိပ်ပိတ်တင်ဒါအဆိုပြုလွှာရှင်များအား ၃၁-၃-၂၀၂၀ ရက် ညနေ ၃နာရီတိတိ နောက်ဆုံးထား၍ ပေးသွင်းရန် ကြေညာချက်အား နိုင်ငံအနှံ့တွင် ဖြစ်ပွားနေသော COVID-19 ကိုရိုနာ ဗိုင်းရပ်စ်ရောဂါ ပျံ့နှံ့မှု အခြေအနေအရ ကလပ်စားသောက်ဆိုင် ချိပ်ပိတ်တင်ဒါအား ရက်အကန့် အသတ်မရှိ ရွှေ့ဆိုင်းလိုက်ပါကြောင်းနှင့် တင်ဒါပြန်လည် လက်ခံမည့် ရက်ကို ကြေညာသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

## “ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းကြေညာခြင်း”

ဦးမိုဟာမက်အီဆာ၏ သား ဦးအဗ္ဗဒုလ်ဆွမဒ်(ခ) ဦးမောင်မောင်သန်း (၇/ပခန(နိုင်)၁၈၂၀၆၆) ကိုင်ဆောင်သူနှင့် ဦးမိုဟာမက်မူဆာ၏သမီး ဒေါ်ရှုဂိုဒါဘီ(ခ)ဒေါ်ဥမ္မာရီ(၁၂/ပဘတ(နိုင်) ၀၀၂၆၂၅)ကိုင်ဆောင်သူတို့သည် (၇-၅-၂၀၀၁)ရက်နေ့တွင် အစ္စလာမ့် တရားတော်နှင့်အညီ လက်ထပ်ခဲ့ပြီး (၁)မောင်ရှင်းခန့်မောင်မောင် (၁၈နှစ်)၊ (၂)မောင်မင်းခန့်မောင်မောင်(၁၄နှစ်)နှင့် မဘ ရဏီမောင်မောင် (၁၁နှစ်)ဟူ၍ သားသမီး(၃)ယောက်ထွန်းကားခဲ့ပါသည်။ ကျွန်တော် ဦးမောင်မောင်သန်းနှင့် ဒေါ်ဥမ္မာရီတို့သည် စိတ်သဘောထားမတိုက်ဆိုင် ၍ ၁၅-၄-၂၀၁၈ရက်နေ့တွင် အစ္စလာမ့်တရားဥပဒေအရတွလာက်ပေး ကွာရှင်းပြတ်စဲပြီးဖြစ်သဖြင့် ကျွန်တော်ဦးမောင်မောင်သန်းနှင့် ဒေါ်ဥမ္မာရီ တို့သည် မည်သို့မျှ သက်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအဗ္ဗဒုလ်ဆွမဒ်(ခ)ဦးမောင်မောင်သန်း
(၇/ပခန(နိုင်)၁၈၂၀၆၆)
အမှတ်(၂၈)၊ ၁၁၉လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

## အများသိစေရန် အသိပေးကြေညာချက်

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၂)လမ်း၊ အမှတ် (၇၈/ခ)တွင် နေထိုင်သူ ဒေါ်ကျော့တင် [၁၂/ဥကတ(နိုင်)၀၇၁၄၆၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာ အပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ကျော့တင် [၁၂/ဥကတ(နိုင်)၀၇၁၄၆၉] ကိုင်ဆောင်သူမှ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၂)လမ်း၊ အမှတ် (၇၈/ခ)တွင် တည်ရှိသည့် အလျားပေ(၆၀)x အနံပေ(၂၀)ရှိ အိမ်ခြံမြေနှင့် တကွ ပတ်သက်ဆက်နွှယ်သည့် စာချုပ်စာတမ်းများအား အသိသက်သေလူကြီး များ ရှေ့မှောက်တွင် ၃၀-၃-၂၀၂၀ ရက်တွင် ၁။ ဦးအေးမြင့် (ဘ)ဦးချစ်ထွေး [၁၂/ဥကတ(နိုင်)၀၉၀၃၅၈] ၂။ ဒေါ်စိန်သန်း(ဘ) ဦးချစ်ထွေး [၁၂/သကတ(နိုင်) ၀၂၄၅၇၄] ၃။ ဒေါ်ခင်ခင်တင့် (ဘ) ဦးချစ်ထွေး [၁၂/ဥကတ(နိုင်)၀၉၀၃၅၆] ၄။ ဒေါ်မြင့်မြင့်ကြည် (ဘ) ဦးချစ်ထွေး [၁၂/ဥကတ(နိုင်)၀၉၀၃၅၇]တို့အား မိသားစု အမွေစီမံခန့်ခွဲခြင်း အရပ်ကတိစာချုပ်ဖြင့် အပြီးအပိုင် လွှဲပြောင်းပေးအပ်ပြီးဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ကျော့တင်**
**[၁၂/ဥကတ(နိုင်)၀၇၁၄၆၉]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာအောင် (စဉ်-၈၂၅၁)** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ဇင်မာဦး (စဉ်-၄၃၂၉၃)** **အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၂၅၆၂၉၆၉၅၉၊ ၀၉-၇၃၁၇၅၆၁၅၊ ၀၁-၈၅၀၀၂၉၅**

ပတ္တမြားကြီးပုံ
ကြက်ရှက်ပုံ
မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။
တွမ်းချက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ရွာ များတွင်မျှ ဖော်စော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။

## ကုသိုလ်လည်းရ.....လက်ဆောင်လည်းရ

မြန်မာပြည်တွင် "ပထမဦးဆုံး"
တစ်ဦးတည်း "Organic" လက်မှတ်ရ
သဘာဝပေါ်ဆန်းမွှေးစစ်စစ်
"သကြိန်နှစ်သစ်မင်္ဂလာ"ရက်မြတ်အခါသမယတွင်
အလှူဒါနပြုလိုသူများအတွက် ကျန်းမာရေးနှင့် ညီညွတ်သော
သဘာဝ Certified Organic ပေါ်ဆန်းမွှေး စစ်စစ်ကို
ရွေးချယ်ဝယ်ယူကြပါစို့. . . . . . .
"Certified Organic" ဆန်(၂၄)ပြည်(၁)အိတ်ဝယ်ပြီး
ပန်းကန်လုံး(၁)လုံးလက်ဆောင်ရယူပါ။
Promotion Period(၁-၄-၂၀၂၀)မှ (၇-၄-၂၀၂၀)အထိ
Ph:221834, 09-5150525,09-785150525

## မင်္ဂလာပါ

အိမ်ပြောင်းအိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ငွေများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားချိုးဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

## သန့်

ဖုန်း-09-443249922, 09-443249933, 01-3681209, 01-3681504

## လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ လှိုင်တက္ကသိုလ်နယ်မြေ၊ သိပ္ပံပစ္စည်းအလုပ်ရုံအဟောင်းရှိ အဆောက်အအုံအဟောင်း (၂၉)လုံးကို မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် လေလံစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများကို အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ ငွေစာရင်းဌာန၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် ၁-၄-၂၀၂၀ရက်မှ ၃၀-၄-၂၀၂၀ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိရှိလိုသော အချက်များကို သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ အင်ဂျင်နီယာဌာန၊ ဖုန်းနံပါတ် ၀၁-၅၃၄၇၁၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းမေးမြန်းနိုင်ပါသည်။


**လေလံတင်ရောင်းချရေးကော်မတီ**

## ဖျံ့-၅-ကောင် အမှတ်တံဆိပ်


ကြော်ငြာခွင့်ပြုချက်အမှတ်
တဆက(ဓာနယ်စင်း) ၂၁၄/၀၆၁၈

ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှတဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဖျံ့-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 839 2594

## ရွှေပုဆိုး Ruby အမှတ်တံဆိပ်

နေမကောင်းလျှင်

ချွေးထုတ်ငန်းဆေးကိုသုံးဆောင်ပါ
TMR-002348(1019)
အအေးမိ ကိုယ်လက်ကိုက်ခဲခြင်းနှင့် တုပ်ကွေးရောဂါများကို ပျောက်ကင်းစေပါသည်။

ဆေးဖက်ဝင်အပင်ပေါင်း (၁၅၄၀) ၏ မြန်မာ၊ အင်္ဂလိပ်နှင့်ရုက္ခဗေဒအမည်တို့ကို ရောင်စုံဓာတ်ပုံများနှင့်တကွ စုံလင်စွာပြုစုထားသော...




## MEDICINAL PLANT LIST OF MYANMAR

(SECOND EDITION)

ဒေါက်တာခင်မောင်လွင် (FAME)


အိမ်အရောက်ဝန်ဆောင်မှု (ပို့ခအခမဲ့)
01-3681908, 3682199



Hotline : 09 958 777 888
အမှတ်(၂၂၀)၊ ကျွန်လမ်း(သီရိမင်္ဂလာလမ်း)၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်။

# LILIES APARTMENT

၃၀% ပေးရုံဖြင့် အခန်းပိုင်ဆိုင်နိုင်မည့်အပြင်
(၄) နှစ်အတိုးမဲ့အရစ်ကျဖြင့် ဝယ်ယူနိုင်မည့်
" Lilies Apartment "



FACILITIES
Roof Top Garden | ကားပါကင် | ဓါတ်လှေကား (၂) စင်း
(၂၄)နာရီ လုံခြုံရေးဝန်ဆောင်မှုနှင့် Backup Generator



## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ်သာဌေး(ငြိမ်း)
### အသက်(၈၇)နှစ်

ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သာဌေး(ငြိမ်း)သည် ၂၈-၃-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့**
**အငြိမ်းစားအရာရှိများ**

## ဒေါ်ခင်တီ (ဘီလူးကျွန်း၊ ချောင်းဆုံ)
### အသက် (၉၆) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၄၆)၊ ဇဋ္ဌိလလမ်းနေ (ဦးရွှေအေး-ဒေါ်မာခဲ)တို့၏သမီး၊ (ဦးသွင်-ဒေါ်သန်းညွန့်)တို့၏သမီးချွေးမ၊ (ဦးဘရှင်-ဒေါ်ခင်သန်း)တို့၏ညီမ၊ [ဦးစိန်ဝင်း (အကောက်ခွန်မှူး-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ (ဒေါ်အေးသန့်)၏အစ်မ၊ ဦးရွှေဝင်း(အင်ဂျင်နီယာရေကြောင်း)၊ ဦးသိန်းဇော်(NAS Shipping)-ဒေါ်မီမီဝင်း(အလပြ-ငြိမ်း)၊ ဦးမြင့်စိုး(မြို့နယ်အုပ်ချုပ်ရေးမှူး-ငြိမ်း)-ဒေါ်ခင်စိုးပိုင် (အလပြ-ငြိမ်း)၊ ဦးကောင်းမြတ်စိုး(W.P.G)- ဒေါ်သီတာအေး (ယုဇနဂါးဒင်း)၊ ဦးမင်းသက်စိုး(မင်းပလပ်စတစ်)-ဒေါ်မြင့်မြင့်ဆွေ(အလပြ၊ တောင်ညွန့်-၃)၊ ဒေါက်တာမြတ်စိုးခိုင်(ပါမောက္ခဌာနမှူး၊ ပထဝီဝင်ဌာန၊ ဘားအံတက္ကသိုလ်)၊ ဒေါ်တင်မင်းခိုင်(C.D.L)တို့၏ ကျေးဇူးရှင်မွေးမိခင်၊ ဦးတင်အောင်ဟိန်း(GE Shipping)-ဒေါ်ငြိမ်းပြည်စုံ(MOFA)၊ ဦးချမ်းမြေ့အောင်(အကောက်ခွန်)-ဒေါ်မေသူလွင်၊ ဗိုလ်ကြီးကောင်းထက်ဇော်(ပြင်ဦးလွင်)၊ မောင်ကောင်းသီဟန်၊ မောင်မင်းရန်ပိုင်ဟိန်း(Ooredoo Myanmar)တို့၏အဘွား၊ မမြတ်သဒ္ဒါဖြူ၏ဘွားဘွားကြီး ဒေါ်ခင်တီသည် ၃၀-၃-၂၀၂၀ (တနင်္လာနေ့) ည ၁၁:၀၅ နာရီတွင် အကယ်ဒမီအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၄-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးကြီးစိန်အောင်(ငြိမ်း) (ပျော်ဘွယ်)
(ယခင်မကွေးတိုင်းဒေသပါတီကော်မတီဥက္ကဋ္ဌ)
### အသက် (၉၀)

ရန်ကုန်မြို့၊ အမှတ်(၄၆)၊ ကြာပဒုမ္မာလမ်း၊ ငွေကြာရံရိပ်သာ (၃/ခ)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးဖေသန့်-ဒေါ်ဖွားမှီ)တို့၏ သား၊ (ဒေါ်ခင်စန်းလှဲ့)-၁၉၆၆၊ (ဒေါ်တင်လှိုင်)-၂၀၁၈တို့၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးမိုးအောင်)-ဒေါ်ဝင်းသန်းဇော်၊ ဒေါက်တာစန္ဒာအောင်(ပါမောက္ခ/ဌာနမှူး၊ဇီဝဗေဒဌာန၊ တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်-ရန်ကုန်)၊ ပြင်ဦးလွင်မြို့နေ ဦးသန်းထွတ်အောင်-ဒေါ်ဖြူသဲကိုကိုတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မဖြူဖြူလှဲ့အောင်(Air KBZ)၊ မသင်းလှဲ့ရည်မွန်အောင်-ကိုလင်းထက်အောင်၊ ကိုဝေယံထွဋ်ခေါင်၊ မသင်းလဝန်းသာတို့၏ချစ်လှစွာသောအဘိုး၊ သုတလင်းထက်၏ဘိုးဘိုးကြီးသည် ၂၉-၃-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၄:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၃၁-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီးကျော်မောင်ဝင်း(ငြိမ်း) @ Geroge Win
### ကြည်း-၈၄၄၁
### အသက်(၈၄)နှစ်

ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သော ဗိုလ်မှူးကြီးကျော်မောင်ဝင်း(ငြိမ်း) @ Geroge Win သည် ၂၄-၃-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့**
**အငြိမ်းစားအရာရှိများ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသန်းထွန်း (ဆိပ်ဖြူ)
### အသက် (၇၈) နှစ်

ဆိပ်ဖြူမြို့နေ (ဦးဘရေး-ဒေါ်အေးမှင်)တို့၏သား၊ (ဦးမောင်တင်-ဒေါ်ရွှေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၄၉)လမ်း၊ အမှတ်(၁၁၈/၁၂၀)၊ ဒုတိယထပ်(ယာ)နေ ဒေါ်မြင့်ကြည်၏ခင်ပွန်း၊ မနီနီထွန်း [ဦးစီးအရာရှိ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (တာဝန်နှင့်လုပ်ငန်းစစ်ဌာန၊ နေပြည်တော်)]၊ မောင်ဇော်မင်းထွန်း-မပန်းအိဖြူ၊ မောင်နိုင်မင်းထွန်း(Head of IT, Shwe Taung Real Estate)တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မောင်ခန့်ကျော်မင်း၊ မမြတ်သိမ်မွေ့ဇော်တို့၏အဘိုးသည် ၃၁-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၅:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာ တင်မေညွန့် (သမားတော်) ပါမောက္ခ
ဆေးပညာဌာနဆေးတက္ကသိုလ်-၂၊ ငြိမ်း
MBBS, FRCP. DTM & H F.A.H.A(U.S.A)
### အသက်(၇၆)နှစ်

အမှတ် (၁၄၀)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးလှီဖေ့စူး-ဒေါ်ကျင်ရန်)တို့၏ သမီးချွေးမ၊ (Dr.ဦးဘတင်-ဒေါ်ညွှန့်ညွှန့်)တို့၏ သမီးလတ်၊ ဦးအေးသိန်း (Victor)(ခ)ဦးလှီခေ့ချွမ်း၏ ချစ်လှစွာသောဇနီး၊ [ဦးခင်ဇော်(ခ)ဦးလှီခေ့ဟွာ]-ဒေါက်တာဒေါ်ကြည်ကြည်ဝင်း၊ [ဒေါ်အေးအေးမြ(စီမံဘဏ္ဍာ-ငြိမ်း)]၊ [ဦးဟင်နရီဉာဏ်ထိန် (နယူးယောက်)]တို့၏ ညီမ၊ ဦးအောင်မြင့်ထူး (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း)-ဒေါ်ခင်မြထွေး၊ ဒေါ်မြမြသန်းတို့၏ အဒေါ်၊ မသီရိဇော်၏အဘွားသည် ၂၉-၃-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် မိသားစု၏ဆန္ဒအရ မီးသဂြိုဟ် ရေမျောပြီးဖြစ်ကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူခင်ပွန်းနှင့် မိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခဒေါက်တာ တင်မေညွန့်
(အတိုင်ပင်ခံသမားတော်)
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၄၀)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဦးအေးသိန်း၏ဇနီး၊ သမားတော်ကြီး ဒေါက်တာတင်မေညွန့် အသက်(၇၆)နှစ်သည် ၂၉-၃-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀:၅၉နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**Dr.ဒေါ်စန်းမြ၊ Dr.ဒေါ်မြမြသန်း နှင့်**
**1966, 1967, 1968 သူငယ်ချင်းများ**

## ဦးမျိုးသန့်
### အသက်(၅၅)နှစ်
Chief Engineer (Diamond Plaza Mandalay)
MEP Advisor (SMT Group Yangon)

မန္တလေးမြို့နန်းရှေ့၊ ပြည်တော်သာတိုက်တန်း၊ တိုက်အမှတ်(၄၁/၃)နေ ဒေါ်သီတာ (အထက-၁၇)၏ ခင်ပွန်း၊ ကိုလင်းထက်၊ ကိုခန့်ညား၊ မောင်ညီသန့်တို့၏ ဖခင်၊ ဦးသန်းမောင်-ဒေါ်သင်းသင်းရီ၊ ဒေါ်ခင်သီသီစန်းတို့၏ မောင်၊ မအေးအေးခိုင်၊ ကိုအောင်ကျော်စိုးတို့၏ အစ်ကို၊ အမှတ်(၁၉)၊ စွန်းလွန်းရပ်ကွက်နေ (ဦးစန်းမောင်)-ဒေါ်သန်းအေးတို့၏ သားသည် ၃၀-၃-၂၀၂၀ ရက် နံနက် ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် အထက်ပါနေအိမ်မှ ကျောက်ရုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အနိစ္စ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ မြေကွက်အမှတ်(၂၂၄၈)၊ မြေကွက်တည်နေရာအမှတ်(၂၂၄၈)၊ (၁၅၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးသောင်းရွှေ(AD-၀၇၄၆၀၂)အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးသောင်းရွှေထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် (၅-၈-၂၀၁၂)ဖြင့် ဝယ်ယူထားသူ ဒေါ်စန်းစန်းမိုး[၁၂/ရကန(ပြု)၀၀၀၀၆၈]မှ ပါမစ်မိတ္တူမှန်အိမ်ရာ ဆောက်လုပ်နေထိုင်ခွင့်နှင့် မှီခိုသူများစာရင်းသာ မိတ္တူမှန်တင်ပြ၍ ဂရန်သစ်လျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းချက်အရ မြေပြင်တွင် ကျောက်တိုင်သံဆူးကြိုး ကာရံထားပြီး လူမနေမြေကွက်လပ်ဖြစ်ပါသဖြင့် ဒေါ်စန်းစန်းမိုး၏ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်သစ်)လျှောက်ထားခြင်းကို တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ဦးငွေလှိုင် (ရှားခဲ)
(ခရီးဖော်ပုံနှိပ်တိုက်၊ ကမ္ဘာအေး)
### အသက်(၇၈)နှစ်

ဟင်္သာတခရိုင်၊ရှားခဲကျေးရွာနေ (ဦးသူငယ်-ဒေါ်ကျင်လေး)တို့၏ သားကြီး၊ အနောက်ရန်ကင်းတိုက်(၃၆၃)၊ အခန်း(၆)နေ ဒေါ်ခင်စန်း၏ခင်ပွန်း၊ (ဦးအောင်ခင်-ဒေါ်တင်ဝင်း)၊ ဦးစိုးသွင်-ဒေါ်ကြည်ကြည်ဝင်း၊ ဦးမြဆင့်-ဒေါ်အေးအေးဝင်း၊ (ဦးသိန်းထွန်း)တို့၏ အစ်ကို၊ ဦးသော်ထွန်းဦး-ဒေါ်ငြိမ်းငြိမ်းမြင့်၊ ဒေါ်နှင်းခင်ခင်၊ ဦးခင်စိုး-ဒေါ်ခင်အိအိလှိုင်၊ ဦးစိုးမိုးလှိုင်-ဒေါ်ခင်စိုးမိုး၊ မခင်သီတာလှိုင်တို့၏ ဖခင်၊ ဦးငွေလှိုင် (ခရီးဖော်ပုံနှိပ်တိုက်)သည် ၃၁-၃-၂၀၂၀ ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၂၀ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ် ၃၆၃၊ အခန်း ၆ နေအိမ်နှင့် ခရီးဖော်ပုံနှိပ်တိုက်၊ ၅၄/အေ၊ အခန်း-၀၀၂၊ သူရဿတီလမ်း၊ မရမ်းကုန်းတို့မှ ကားများညနေ ၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၄-၂၀၂၀ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ၊ ရန်ကင်း-၃၆၃၊ အခန်း-၆၊ နေအိမ်နှင့် ခရီးဖော်ပုံနှိပ်တိုက်၊ ၅၄/အေ၊ အခန်း-၀၀၂၊ သူရဿတီလမ်း၊ မရမ်းကုန်းတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးရှမ်း
### အသက်(၈၁)နှစ်

25th BATCH. B.D.S(UDMY)မှ ဒေါက်တာမြင့်ဌေး၏ဖခင် ဦးရှမ်း အသက်(၈၁)နှစ် ၂၉-၃-၂၀၂၀ ရက်နေ့တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**25th BATCH. B.D.S(UDMY)**
**မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးရှမ်း
### အသက်(၈၁)နှစ်

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်းရန်ကုန်တိုင်းဒေသကြီးအသင်းခွဲမှ အလုပ်အမှုဆောင်အဖွဲ့ဝင်ဖြစ်သူ ဒေါက်တာမြင့်ဌေး၏ဖခင် ဦးရှမ်း အသက်(၈၁)နှစ် ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း**
**(ရန်ကုန်တိုင်းဒေသကြီးအသင်းခွဲ)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇/၄၊ မြေကွက်အမှတ်-၆၃၊ မြေကွက်တည်နေရာအမှတ်(၆၃)၊ ပင်လုံ(၁)လမ်း၊ (၂၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးဇော်ထွန်း [၁၂/ကမရ(နိုင်)၀၀၅၈၅၀] အမည်ပေါက် ပါမစ်မြေအား ဦးဇော်ထွန်း(KMYT-002174)ထံမှ အရပ်ကတိအရောင်းအဝယ် စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးဝင်းမော်[၅/ရဥန(နိုင်)၀၂၇၃၂၁]၊ ဒေါ်သန်းသန်းဆွေ[၉/ပဘန(နိုင်)၀၀၃၄၆၂]တို့မှ ပါမစ်မူရင်း(ရာဇဝင်အကျဉ်းချုပ်စာရွက်နှင့်မှီခိုသူများစာရင်းမပါရှိ)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အရပ်ကတိအရောင်းအဝယ် စာချုပ်အဆက်စပ်တို့ တင်ပြ၍ ပါမစ်မစုံဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

**သင့်သွေးဖြင့်**
**အသက်ကယ်ပါ**

ခရစ်တော်၌ အိပ်ပျော်ခြင်း
Topa Taw Maangkhawm
## ဆရာမ Zam Dim
### အသက် (၅၈) နှစ်

ကလေးမြို့နယ်၊ တာဟန်းရပ်ကွက်နေ (Pu Thang Za Thawng-Pi Niang Za Cing)တို့၏သမီးကြီး၊ ဦးအောင်နိုင်ဦး၏ဇနီး၊ Lia Mang Man ၊ Pa Vungh Ngo-Nu Niang Deih Lun (USA)၊ (Tg.Kam Khup) ၊ Nu Cingh Oai-Rev.Dr.George Cin Za Mang (USA)၊ Nu Cingh Kang-Rev. Cin Tual Thawng (GS-UMCBA)၊ Lia Ngiak Dal (Malaysia)တို့၏ အစ်မကြီး၊ Tg.Thawng Zo Khai (B.Sc-Phy) ၊ Lia Jasmine Lalrochingi (BA, LLB, US)၊ Tg.Thawng Thian Sang ၊ Lia Cing Thian Thiam တို့၏မွေးသမိခင်၊ သာကေတရှိ ကောင်းကင်သစ်အသင်းတော် တာဝန်ခံသင်းအုပ် ဆရာမဒေါ် Zam Dimသည် ၃၀-၃-၂၀၂၀ (တနင်္လာနေ့) ညနေ ၆ နာရီတွင် နှလုံးရောဂါဖြင့် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဘုရားရှိခိုးကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကောင်းကင်သစ်အသင်းတော်၊ သာကေတနှင့် ရန်ကုန်စီးယင်းနှစ်ခြင်းအသင်းတော်၊ ဗိုလ်မြတ်ထွန်းလမ်းတို့မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ကထိန် ဒါယကာကြီး
## သုဓမ္မမဏိဇောတဓရ ဦးတင်အောင်ဝင်း (ခ)
## ဆရာကြီးအရဟံ ဆရာအောင်
### အသက်(၇၄)နှစ်

ရန်ကုန်မြို့နေ (ဦးဝင်းမောင်-ဒေါ်မြသွင်)တို့၏သားကြီး၊ (ဦးကျော်သန်း-ဒေါ်မေရီ)တို့၏ သားသမက်၊ ဒေါက်တာသိန်းဇော်ဝင်း-(ဒေါ်တင်တင်ဝေ)၊ ဦးအေးကိုဝင်း-ဒေါ်ဖြူဖြူဝင်း၊ ဦးခင်မောင်ဝင်း-ဒေါ်မြင့်မြင့်သိန်း၊ ဦးစံထူးဝင်း-ဒေါ်စုထားလှိုင်၊ ဦးလှမျိုးဦးတို့၏ အစ်ကိုကြီး၊ သန်လျင်မြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်နီလာလမ်း၊ အမှတ်(၁၇)နေ ဒေါ်နှင်းရည်ကျော်၏ခင်ပွန်း၊ မောင်ဘုန်းပြည့်ကျော်၏ဖခင်၊ မရင်ငြိမ်းကြည်သာ၊ မောင်ကြည်သက်ဇော် (Classic E&E Co.,Ltd)-မနှင်းအိလှိုင်၊ မောင်ကောင်းထက်စံ (Classic E&E Co.,Ltd)-မဖွေးဦးမွန်၊ မောင်သက်ကိုကိုထူး-မအိကြည်ဖြူတို့၏ ဘကြီးဖြစ်သူသည် ၃၁-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် အအေးတိုက်မှ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ရှိုင်ဒါရှော့(ဖ်) (ခ) ဒေါ်ခင်လှမြင့်
M.Sc (Zoo), H.G.P,RL
အ.လ.က(၁) ဗိုလ်တထောင် ကျောင်းသူဟောင်း(Branch Convent)
(၁-၄-၂၀၁၅)မှ (၁-၄-၂၀၂၀)
### (၅) နှစ်ပြည့်တမ်းတခြင်း

မိခင်လို အမမျိုး ခွဲခွာသွားတာ ဒီနေ့ဆို (၅) နှစ်ပြည့်ပါပြီ၊ (၅) နှစ်ဆိုတဲ့အချိန်ကာလကို "ရှိုင်"မရှိဘဲ ဘယ်လိုဖြတ်သန်းခဲ့ရသလဲဆိုတာ မောင်နှမတွေပဲသိပါတယ်၊ ဖြည်မဆည်နိုင်အောင်ကျခဲ့ရတဲ့ မျက်ရည်တွေရယ်၊ ရင်ထဲမှာ နာကျင်ခံစားရတာတွေနဲ့ ဘယ်လိုမှ မေ့လို့မရပါဘူး "ရှိုင်" ရယ်၊ "ရှိုင်"အတွက် နေ့စဉ်၊ လစဉ်၊ ယနေ့ဖတ်ရွတ်ရသော ကုရ်အာန်ခတမ်များ၊ အနယ်နယ်အရပ်ရပ်မှာ လှူဒါန်းသော အကျိုးစဝါတ်များအတွက် "ရှိုင်"ဂျန္နတ်ဘုံဘဝမှာ ခံစားနိုင်ပါစေ။

**မခံစားနိုင်တော့သည့်**
**ချစ်ညီမ ချစ်မီနှင့် ချစ်မောင်များ**
**အမှတ်(၆၈)၊ (၁၂၅)လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**

# ကိုဗစ်-၁၉ နှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ပြည်သူများနှင့် တပ်မတော်သားများ၊ မိသားစုဝင်များအတွက် ကာကွယ်ရေး၊ ကုသရေးနှင့် အခြားလိုအပ်ချက်များ ဆောင်ရွက်ပေးနိုင်ရေးညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၃၁

**ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ပြည်သူများနှင့် တပ်မတော်သားများ၊ မိသားစုဝင်များအတွက် ကာကွယ်ရေး၊ ကုသရေးနှင့် အခြားလိုအပ်ချက်များ ဆောင်ရွက်ပေးနိုင်ရေးညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အဆိုပါ အစည်းအဝေးသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရန်ကုန်မြို့ရှိ စစ်ကြောရေးနှင့် စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ပြည်သူများနှင့် တပ်မတော်သားများ၊ မိသားစုဝင်များအတွက် ကာကွယ်ရေး၊ ကုသရေးနှင့် အခြားလိုအပ်ချက်များ ဆောင်ရွက်ပေးနိုင်ရေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်စဉ်။

## ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်



ပဲခူး မတ် ၃၁

ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများသည် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် မတ် ၂၇ ရက်မှစတင်ပြီး ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အသိပေးပန်ကြားချက်များ ပြည်သူများသိရှိလိုက်နာနိုင်ရန် အသံချဲ့စက်များဖြင့် အရှိန်အဟုန်မြှင့်ကာ လိုက်လံနှိုးဆော်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ အသိပညာပေး နှိုးဆော်ခြင်းများကို ပဲခူး၊ ကဝ၊ သနပ်ပင်၊ ညောင်လေးပင်၊ ဒိုက်ဦး၊ ဝေါ၊ ကျောက်တံခါး၊ တောင်ငူ၊ စာမျက်နှာ ၄ ကော်လံ ၁ သို့ ○

## ဆူဇူကီးပြိုင်ပွဲကို သတ်မှတ်ရက်အတိုင်း ကျင်းပနိုင်ရန် အာဆီယံဘောလုံးအဖွဲ့ချုပ် ကြိုးပမ်းနေ

ရန်ကုန် မတ် ၃၁

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် ပြိုင်ပွဲရွှေ့ဆိုင်းမှုများရှိနေသော်လည်း နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့တွင် ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို သတ်မှတ်ရက်အတိုင်းကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ဩဂုတ်လအထိ ကျင်းပရန်ရှိသည့် ပြိုင်ပွဲအချို့ကို ရွှေ့ဆိုင်းထားသော်လည်း နှစ်ကုန်ပိုင်းတွင် ကျင်းပမည့်ပြိုင်ပွဲများကိုမူ ယခင်သတ်မှတ်ထားသည့်ရက်အတိုင်း ကျင်းပနိုင်ရန် မျှော်မှန်းထားခြင်းဖြစ်သည်။ သို့သော် အရှေ့တောင်အာရှနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်နိုင်ပါက စာမျက်နှာ ၂၅ ကော်လံ ၃ သို့ ●



၂၀၁၈ ဆူဇူကီးပြိုင်ပွဲတွင် မြန်မာနှင့် ကမ္ဘောဒီးယားအသင်း ယှဉ်ပြိုင်နေစဉ်။


ကြေးမုံ ယနေ့ ဖတ်စရာ

အိန္ဒိယနိုင်ငံက လာမည့်ဘဏ္ဍာနှစ်အတွက် ပဲစင်းငုံတန်ချိန် လေးသိန်းအပြင် ပဲတီစိမ်းနှင့် အခြားပဲများ တင်သွင်းခွင့်ပြု
စာမျက်နှာ » ၄

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၀၀၀၀၀ ကျော်ရှိလာ
စာမျက်နှာ » ၁၁

ဝေဘာဂီအထူးကုဆေးရုံကြီးရှိ ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာများနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုမှုခံနေရသူများအတွက် အိပ်ရာသုံးပစ္စည်းများ လှူဒါန်း
စာမျက်နှာ » ၁၈

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)အား ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်မည့်နေရာအဖြစ် ဆောင်ရွက်ထားရှိရေး ဆွေးနွေး
စာမျက်နှာ » ၁၉

နာပိုလီနောက်ခံလူ ဂျီယိုဗန်နီဒီလော်ရန်ဇိုကို ခေါ်ယူရန် မန်ယူအသင်း ချဉ်းကပ်မှုများလုပ်ဆောင်
စာမျက်နှာ » ၂၅